

www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ခုနှစ်၊ (ဇွန်လ)၊
အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြ-၀၀၀၇၇)၊
အမှတ် (၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။
အောင်မြင်စာပေ (မြ-၀၀၂၇၆)၊
အမှတ် (၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အသန္နလတ်ကြောင်

- ကျော်တက်ချင်သူကို လှော်တက်ပြင်ပေးတာမျိုးလို…
ပြိုင်ဘက်ကို ထိုင်လျက်ကြည့်နေရုံမျိုးလိုနဲ့တော့
အသာမရနိုင်ပါဘူး…။

BURMESE CLASSIC

- မြင်းတစ်ကောင်၊ ဖျာတစ်ချပ်နဲ့
ကမ္ဘာပတ်ဖို့တော့ စိတ်မကူးပါနဲ့။
မြင်းလည်းသေ၊ ဖျာလည်းကြေသော်
နေစရာလည်းမရှိ
ဝေဒနာလည်းပြည့်နေတတ်ပါတယ်…။

- နီးနေသည်အခါ…
ဖြူစင်တဲ့မေတ္တာဖြင့်ချစ်ပါ။
သစ္စာရှိပါ…။
ဝေးနေတဲ့အခါမှာ
တမ်းတခြင်းများစွာဖြင့် သတိရပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒီဇိုင်နှလုံးသားမှ... (title artwork)

❖ အချစ်ဆိုတာ...
သစ်ပင်တစ်ပင်ရဲ့အသီးအနှံများဖြစ်သလို
လှပတဲ့ပန်းပွင့်များလည်းဖြစ်ပါတယ်။
အသီးအပွင့်ကင်းမဲ့နေတဲ့သစ်ပင်ဟာ
အထီးကျန်သလို..အကျဉ်တန်ခြင်းကိုလည်း ဖြစ်စေပါတယ်။

❖ အချိန်အခါနဲ့တန်ဖိုးထားခြင်းဟာ
စစ်မှန်တဲ့ချစ်ခြင်းမေတ္တာကို မွေးဖွားပေးတတ်ပါတယ်။
ထိုအချစ်မျိုးသည်..
ကြာမြင့်စွာရှင်သန်မှုကိုဖြစ်စေပါတယ်...။

❖ သစ္စာရှိမှုရဲ့အနှစ်သာရနောက်မှာ
အချစ်ရှိပါတယ်...
ထိုအချစ်ကိုရှာတွေ့ရန် မလွယ်သော်လည်း
ခိုင်မြဲခြင်းကိုဖြစ်စေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# အနုလက်ဆောင်

- ရန်သူများရဲ့ဆုံးရှုံးနစ်နာမှုဟာ
သင့်အောင်ပွဲနဲ့ ထိုက်တန်ခြင်းရှိမရှိ
ပြန်လည်တွေးတောမိလျှင်
နောက်ထပ်စစ်ပွဲတစ်ခုကို
အလျင်စလိုပြုလုပ်မှာမဟုတ်တော့ပါဘူး...။

- ချစ်သူရဲ့အနမ်းကြောင့်တော့
ကမ္ဘာကြီး တုန်လှုပ်သွားမှာမဟုတ်ပါဘူး။
ဒါပေမယ့် ခံစားမှုကြောင့် ပဲ့တင်ရိုက်ခတ်မှုများကတော့
ရင်ထဲမှာ ကာလရှည်ကြာစွာ ပဲ့တင်ထပ်နေစေပါတယ်။

- သင့်ရင်ထဲမှာဒဏ်ရာဒဏ်ချက်တွေများလာတဲ့အခါ
လူတိုင်းကိုမကျေမနပ် ဖြစ်တတ်ပါတယ်။
ဒါပေမယ့်...လူတိုင်းရဲ့ရင်ထဲမှာလည်း
ဒဏ်ရာဒဏ်ချက်တွေကိုယ်စီရှိနေတာကို
တွေးမိရင်တော့ စိတ်ပြေသွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

# ဒွယနှလတ်ကြောင်

- စကြာဝဠာမှာရှိကြတဲ့ အလင်းရောင်တွေထဲမှာ
သင့်ကိုယ်ကထွက်တဲ့ အလင်းရောင်လည်း
အစိတ်အပိုင်းတစ်အနေနဲ့ ပါဝင်ပါတယ်။
အခြားအလင်းရောင်တွေထက်
မိမိရဲ့အလင်းရောင်ကိုမြင်အောင် အရင်ကြည့်ပါ။

- အဆန်းကြယ်ဆုံးကိစ္စတွေတိုင်းဟာ
နောက်ဝတော့ တဖြည်းဖြည်း ရိုးသွားတာပါပဲ။
နှစ်ကာလကြာမြင့်တဲ့အထိ မရိုးနိုင်တာကတော့
ချစ်ခြင်းမေတ္တာပါပဲ...။

- တစ်စုံတစ်ယောက်ကို ချစ်မိခြင်းသည်
လျှို့ဝှက်ချက်တစ်ခုကို ရှာတွေ့ခြင်းဖြစ်ပါတယ်။
ထိုလျှို့ဝှက်ချက်မျိုး....
သင်ရင်ထဲမှာရှိနေပါလိမ့်မယ်...

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း(၁) - ကျောက်ဘီလူးတောင်နှင့် ဆန်းကြယ်မှုများအကြောင်း

အခန်း (၂) - ကျောက်ဘီလူးကျိန်စာ

အခန်း (၃) - ဘွဲ့ဖြူလက်နက် နတ်ဘီလူးတို့၏စက်

အခန်း (၄) - နီမောင်နှင့် တောင်စောင့်ဘီလူး

အခန်း (၅) - ဘားမဲ့ဆရာတော်နှင့် အင်းဘီလူး

အခန်း (၆) - အန္တရာယ်လွှမ်းသောမေတ္တာပန်း

အခန်း (၇) - ထမင်းဟင်းဖိုးပေးသော ကျောက်ဘီလူး

အခန်း (၈) - ကျိန်စာဖြင့်ငှားယူရသော ရတနာများ

အခန်း (၉) - ကျောက်ဘီလူးနှင့် အင်းချုပ်များ

အခန်း (၁၀) - သစ္စာမဲ့သူတို့၏ကံကြမ္မာ

အခန်း (၁၁) - မစ္ဆရိယရန်ငြိုးရန်စ

အခန်း (၁၂) - တောနက်ထဲမှအလောင်းများ

အခန်း (၁၃) - ကျောက်ဘီလူးကိုအစာကျွေး၍ အင်းများယူကြခြင်း

အခန်း (၁၄) - စေတနာကောင်းသဖြင့် ကံအကြောင်းလှခဲ့သူ

အခန်း (၁၅) - ကျောက်ဘီလူးကျိန်စာနှင့် ကြမ္မာဆိုးများ

အခန်း (၁၆) - ကံဆုံသော်လည်း ကံကုန်တော့ ဝေးကြပြီ


www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁]

## ကျောက်ဘီလူးတောင်နှင့် ဆန်းကြယ်မှုများအကြောင်း

တနင်္သာရီကမ်းရိုးတန်းတလျှောက်မှာ သစ်တောကြီးများ၊ တောင်မြင့်ကြီးများက နေရာအနှံ့ ဖုံးလွှမ်းထားသောကြောင့် သွားရေးလာရေး လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသောနေရာများ ဖြစ်ကြသည်။ သို့ကြောင့် အခြေတကျနေထိုင်သူလူဦးရေ အတော်ပင်နည်းလှလေသည်။

တောတောင်ထူထပ်ပြီး မြေပြန့်လွင်ပြင်နည်းပါးလှသောကြောင့် နေထိုင်သူလူဦးရေ အတော်ပင်နည်းလှသည်၊



www.burmeseclassic.com

www.burmeseclassic.com



ယခုနေ့ဘက်ပိုင်း ကောက်ယူသော စစ်တမ်းများအရ စတုရန်းတစ်မိုင်လျှင် လူ(၆၀)ကျော်သာနေပြီး တနင်္သာရီကမ်းရိုးတန်းတစ်ခုလုံးတွင် လူဦးရေ (၁.၂)သန်းကျော်ခန့်သာ ရှိလေသည်။

ယခု ထားဝယ်ဒေသဖြစ်သော ကောင်းလုံနှင့် မြိတ်မြို့နယ်များ၌သာ လူဦးရေအထူထပ်ဆုံးရှိပြီး၊ အတွင်းပိုင်းရှိတနင်္သာရီမြို့နှင့် မြိတ်၊ ကော့သောင်းကြား ကမ်းရိုးတန်းပေါ်ရှိဘုတ်ပြင်းမြို့နယ်များဆိုလျှင် တစ်စတုရန်းမိုင်လျှင် (၁၅)ယောက်ခန့်သာနေထိုင်ကြောင်း မှတ်တမ်းများက ဖော်ပြကြလေသည်။

လူနေထိုင်မှု နည်းပါးသော်လည်း သစ်တောကြီးများနှင့်သဘာဝတောင်တန်းကြီးများကတော့ နေရာမလပ် နေရာယူထားကြသည်။ သို့ကြောင့် သယံဇာတပေါကြွယ်ဝသော နေရာများထဲတွင် တစ်နေရာပါဝင်လေသည်။

တနင်္သာရီတောင်တန်းကြီးများမှာ အရှေ့ရိုးမတောင်တန်းကြီးများဖြင့် တဆက်တစပ်တည်းရှိသောကြောင့် ခဲမဖြူအဖြိုက်နက်စသော သတ္တုများလည်း အထွက်များလေသည်။ မြန်မာနိုင်ငံအဝှမ်းတွင် ခဲမဖြူ၊ အဖြိုက်နက် အထွက်အများဆုံးနေရာများတွင် ပါဝင်လေသည်။

ထို့ပြင် ရှေးဟောင်းမြို့တော်များ ထီးနန်းစိုက်ရာဖြစ်သောကြောင့် ရွှေတုံးရွှေခဲများလည်း ရှာဖွေတွေ့နိုင်ကြပေသည်။

ထားဝယ်ဘက်တွင် တည်ထောင်ခဲ့သော မြို့ဟောင်းများတွင် ဝေဒီမြို့ဟောင်းလည်း တစ်နေရာအပါအဝင်ဖြစ်သည်။ ဝေဒီမြို့ကို သက္ကရာဇ်(၅၉၀)တွင် နရပတိစည်သူမင်းမှ ဆင်း



www.burmeseclassic.com

www.burmeseclassic.com


သက်လာသော မင်းဆုဝေက တည်ထောင်ခဲ့ကာ မင်းအဆက်ဆက် စိုးစံခဲ့သော မြို့ဟောင်းဖြစ်ခဲ့သည်။

မင်းဆုဝေ၊ မင်းရောင်၊ ရွှေနတ်းတက်၊ အိမ်ရှေ့ရှင်၊ နတ်ရှာလား၊ မင်းရှင်ဦး၊ ပညာမင်းစင်၊ မင်းသီလဟူ၍ မင်းရှစ်ပါး ထီးနန်းစိုးစံခဲ့ကြသည်။

ထားဝယ်မြို့မှ လောင်းလုံဘက်သို့သွားသော ကားလမ်းမှ ထားဝယ်မြစ်ဘက်သို့ (၂)မိုင်ခန့်သွားလျှင် မြို့ဟောင်းရှိသော နေရာသို့ ရောက်နိုင်ပေသည်။

ရှေးအခါက မြေတူးရင်းနှင့် ခဲဟင်္သာဒင်္ဂါး လှည်းနှစ်စီးတိုက်ခန့် ရခဲ့ဖူးသည်။ ထို့ပြင် ရွှေတုံးရွှေခဲနှင့် ရှေးဟောင်းရတနာပစ္စည်းများလည်း ရှာဖွေတွေ့ရှိခဲ့ကြလေသည်။

ထားဝယ်ဒေသတွင် လူသူအရောက်နည်းသော တောနက်ကြီးများ၊ သစ်တောကြီးများနှင့် တောင်စဥ်တောင်တန်း များစွာပေါလှသည်။ အရှေ့ဘက်တွင် တနင်္သာရီမြစ်ကြီး ဆီးနေပြီး ထိုဘက်မှာ နေထိုင်သူလူဦးရေ မရှိသလောက် ကျဲပါးလှသည်။

ထိုဒေသမှာရှိသော တောင်စဥ်တောင်တန်းများထဲတွင် ပေပေါင်း (၆၈၀၀)ပေမြင့်သော မြင့်မိုရ်လက်ခတ်တောင်သည် အမြင့်ဆုံးဖြစ်ပေသည်။ မြင့်မိုရ်လက်ခတ်တောင်ရှိသော နေရာတစ်ဝိုက်မှာတော့ တောနက်ကြီးများနှင့် အခြားတောင်များက နေရာယူထားသောကြောင့် နေထိုင်ကြသူမရှိသလောက် နည်းပါးလေသည်။

သို့သော်လည်း တနင်္သာရီမြစ်ကမ်းတလျှောက်မှာတော့


www.burmeseclassic.com

www.burmeseclassic.com



ရွာအချို့ရှိကြသည်။

အများအားဖြင့်တော့ လက်လုပ်လက်စားအများစု နေထိုင်ကြသော ရွာများဖြစ်ကြလေသည်။

ထို့ပြင် မြင့်မိုရ်လက်ခတ်တောင်မြင့်ကြီးနှင့် အနီးတစ်ဝိုက်မှာလည်း အရွယ်အစားမတူကြသော အခြားတောင်များလည်းရှိကြလေသည်။

ထိုအထဲတွင် 'ကျောက်ဘီလူးတောင်'လည်း တစ်တောင်ပါဝင်လေသည်။

ထိုအရပ်ဒေသမှာ သုဝဏ္ဏဘူမိကောင်းစားစဉ်အချိန်ကာလကပင် ဘီလူးများရှိခဲ့ကြသောကြောင့် ဘီလူးနှင့်သက်ဆိုင်သော အမည်နာမများ၊ နေရာများစွာတို့ ရှိကြလေသည်။ ထိုအထဲတွင် ကျောက်ဘီလူးတောင်လည်း တစ်နေရာအပါအဝင်ဖြစ်ပေသည်။

ထိုအရပ်ဒေသ၌ရှိသော ရွာများ၌ နေထိုင်ကြသူများသည် အခြားတောင်များ၊ တောများကိုသာ နာမည်မသိလျှင်ရှိကြပေမည်..ကျောက်ဘီလူးတောင်အကြောင်းကို သိကြသည်။ ထိုနာမည်ကိုတော့ ကောင်းစွာသိကြသည်။

ထိုသို့သိရခြင်းမှာလည်း ထူးခြားသော အကြောင်းများရှိပေသည်။ ကျောက်ဘီလူးတောင်မှာ ကျောက်တောင်အမျိုးအစားဖြစ်ပြီး အမြင့်ပေ (၄၀၀၀)ကျော်ခန့်ရှိသည်။

ပုံပန်းသဏ္ဍာန်က ဘီလူးဦးခေါင်းနှင့်တူပြီး ဂူပေါက်များစွာတို့လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးလူတို့ကတော့ ကျောက်ဘီလူးတောင်၌ ရတနာသိုက်၊ ဘီလူးစောင့်သော ဥစ္စာသိုက်ရှိသည်ဟု ပြောကြသည်။

သိုက်ရှိသောနေရာများကတော့ မြန်မာနိုင်ငံနေရာ အနှံ့အပြား၌ရှိကြလေသည်။

ငမုန်ကန်း စီရင်ရေးသားခဲ့သော ဘုမ္မိသိုက်ကျမ်းထဲတွင် ဥစ္စာသိုက်ရှိသောနေရာများကို ဥစ္စာအရေအတွက်ရှိသော စာရင်းနှင့်တကွ ဖော်ပြထားသည်ကို တွေ့ရသည်။

ရွှေတိုက်၊ ငွေတိုက် စာရင်းဝင်သိုက်ကြီးများပါဝင်သလို ရွှေတစ်ပြည်ငွေတစ်တင်းနှင့် သိုက်စာရင်းဝင်နေကြသည့် သိုက်များလည်း ပါဝင်ကြသည်။

ရွှေလှည်း ကိုးစီးတိုက်၊ ငွေလှည်း ကိုးစီးတိုက်၊ လှေသောင်း ကိုးစီး၊ ငွေလောင်း ကိုးစီးစာမျှကြီးများသော သိုက်ကြီးများပါဝင်ကြသလို ရွှေငွေအနည်းငယ်စီ မြှုတ်နှံထားသည်နှင့်ပင် သိုက်စာရင်းအမည်ဝင်နေကြသော သိုက်များလည်း ရှိကြလေသည်။

အချို့မှတ်တမ်းများမှာတော့ သိုက်နန်းပေါင်းကိုးသိန်းကိုးသောင်း ကိုးထောင် ကိုးရာ ကိုးဆယ့်ကိုးသိုက် ရှိသောကြောင့်ဖော်ပြကြသလို လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်း သိုက်အရေအတွက်အထိရှိကြောင်း ရေးသားဖော်ပြကြသည်ကိုလည်း တွေ့ရဖူးသည်။

မြန်မာနိုင်ငံသည် ရွှေငွေကျောက်သံပတ္တမြား ပေါကြွယ်ဝသော နိုင်ငံဖြစ်ရာ သိုက်အရေအတွက်များပြားစွာရှိနေခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အထူးအဆန်းတော့မဟုတ်ကြပေ။

ရှေးနှစ်ပေါင်းများစွာကပင် လူတို့သည် မိမိတို့ပိုင်ဆိုင်သော ရွှေငွေဥစ္စာတို့ကို မြေအောက်၌ မြှုပ်ထားလေ့ရှိသော အယူအဆရှိခဲ့ကြသည်။

နောက်လူတို့ သိကြသည်လည်းရှိသည်။ မသိကြသည်လည်းရှိသည်။ တစ်ခုတော့ရှိသည်...။

ရှေးကလူတို့ ရွှေငွေရတနာများ မြှုပ်နှံထားခဲ့မှန်းသိသော်လည်း မထိုက်လျှင်လည်း ရှာဖွေမတွေ့နိုင်ကြပေ။ ဘုမ္မစိုး၊ ရုက္ခစိုး၊ နတ်တို့လှည့်ဖြားကွယ်ဝှက်သဖြင့် မရနိုင်ကြသည်လည်းရှိသည်။

မကျွတ်မလွတ်သော ဘဝရောက်နေကြသည့် ဥစ္စာပစ္စည်းပိုင်ရှင်တို့ ကွယ်ဝှက်ထားသဖြင့်လည်း ရှာမတွေ့ရသည်လည်းရှိသည်။

သရဲ၊ တစ္ဆေ၊ မြေဘုတ်ဘီလူး စသည်တို့ ကွယ်ဝှက်ထားသောကြောင့်လည်း တူးဖော်ရှာဖွေမရနိုင်သည်မျိုးလည်း ရှိကြပေသည်။

သို့ကြောင့် မြေအောက်တွင် နှစ်ပေါင်းများစွာ နစ်မြှုပ်ပျောက်ကွယ်နေသော သိုက်အရေအတွက်ပေါင်း မြောက်များစွာပင်ရှိနေကြခြင်းဖြစ်၏။ သိုက်နှင့်ပတ်သက်သည့် နေရာများကို ရေးသားဖော်ပြထားသော ကျမ်းများလည်းရှိသည်။

ငမုန်ကန်း စီရင်ရေးသားခဲ့ပြီး (၁၂၇၄)ခုနှစ်တွင် ထုတ်ဝေဖြန့်ချိခဲ့သော ဘမ္မိသိုက်ကျမ်းတစ်ခုထဲမှာပင်ရှိသော ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com


ဥစ္စာအရေအတွက်နှင့် ရှိသောနေရာကို အတိအကျဖော်ပြထားသော သိုက်အရေအတွက်ပေါင်း ငါးရာကျော်တွေ့ရလေသည်။ အတော်များများက သိုက်ငယ်စာရင်းဝင်တို့သာ များလေသည်။

တလောက လက်ဝဲကိုးသိန်း၊ လက်ယာကိုးသိန်း သိုက်စာရင်းဝင်များကို သိုက်စောင့်အမည်များနှင့် ယှဉ်တွဲဖော်ပြထားသည်ကိုတွေ့ရသည်။

၄င်းဖော်ပြထားသောစာရင်းမှာ (၂၉၃)သိုက်ရှိလေသည်။ ၄င်းဖော်ပြထားသောအချက်မှာ ရန်ကုန်နယ်နိမိတ် အတွင်း၌ရှိသော သိုက်များ၊ မန္တလေးနယ်နိမိတ်အတွင်း၌ရှိသော သိုက်များ၊ ပဲခူးနယ်နိမိတ်၊ စစ်ကိုင်းနယ်နမိတ် စသည်ဖြင့် သူ့အရပ်ဒေသနှင့်သူ ခွဲပြီး စာရင်းပြုစု တင်ပြထားခြင်းဖြစ်သည်။

တောင်သုံးလုံး သာသနာပြု စခန်းမှ အဘိုးသံရှိစဉ်က မေးမြန်းကြည့်ဘူးသည်။

"အဘိုး ဒီတောင်သုံးလုံးနယ်မြေတစ်ဝိုက်မှာ သိုက်တွေရှိသလား"

"ရှိတာပေါ့၊ ဘယ်နေရာမဆို သိုက်ဆိုတာရှိတာပေါ့၊ မျက်စိမှိတ်ပြီး ကြိုက်တဲ့နေရာကို လက်ညှိုးထိုးကြည့်၊ မလွဲစေရဘူး"

ဟုပြောပြဖူးသည်။ ထို့ကြောင့် တစ်နေရာမှာ သိုက်ရှိသည်ဟု ဆိုလျှင်တော့ အထူးအဆန်းမဖြစ်မိတော့ပေ။

သို့ကြောင့် ကျောက်ဘီလူးတောင်၌ ရတနာသိုက်ရှိသည်ဆိုခြင်းကတော့ အထူးအဆန်းမဟုတ်ပါချေ။


www.burmeseclassic.com

www.burmeseclassic.com


ရှေးနှစ်ပေါင်းများစွာက သုဝဏ္ဏဘူမိမြို့ဟောင်းကြီး ရှိခဲ့သော နေရာနှင့် ဆက်စပ်မှုရှိခဲ့သောနေရာ၊ ဘုရင်များမြို့တည် ခဲ့သောနေရာများနှင့် မဝေးလှသည့် နေရာများ၌ တည်ရှိသော ကြောင့် ရွှေငွေရတနာသိုက်ရှိနေခြင်းကတော့ မဆန်းကြယ်လှ ပေ...။

ကျောက်ဘီလူးတောင်က တစ်ခုတော့ ထူးဆန်းတာ ရှိလေသည်။ ကျောက်ဘီးလူးစောင့်သော ထိုရတနာသိုက်မှာ ရွှေ ငွေလက်ဝတ်ရတနာတို့ ခေတ္တငှားယူ၍ရလေသည်။

ထိုကဲ့သို့ ရွှေငွေလက်ဝတ်ရတနာများ ငှားရမ်းယူ၍ရ သော သိုက်အချို့တော့ရှိကြသည်။ ပုပ္ပားတောင်ကြီး၏ အရံ တောင်စာရင်းတွင် ပါဝင်သော ရွှေတွင်းတောင်၊ ငွေတွင်းတောင် တို့ပင်ဖြစ်ကြသည်။

ထိုတောင်၏ အနောက်စွန်းဘက်တွင် ညဥ့်ဦးယံ၌ ဖလားတစ်လုံးချထားပြီး...၊

"မနက်ဖြန် ရှင်လောင်းဆင်ရန်အတွက် ပုတီး၊ နားဋ္ဌောင်း၊ လက်ကောက်၊ လက်ဝတ်တန်ဆာများငှားပါ"

ဟုပြောဆိုထားခဲ့လျှင် သက်ဆိုင်ရာ သိုက်စောင့်များက အလိုရှိသော ပစ္စည်းများကို ငှားရမ်းပေးကြသည်။ နောက်တစ်နေ့ ဖလားသွားယူသောအခါ ဖလားအတွင်းမှာ အလိုရှိသော လက် ဝတ်ရတနာများ ရောက်နေသည်ကို တွေ့ကြရသည်။

ရှေးအခါကတော့ ပစ္စည်းငှားရမ်းသူတို့ သစ္စာရှိကြ သည်။ ကတိတည်ကြလေသည်။ နောက်ပိုင်းခေတ်ကာလ


www.burmeseclassic.com

www.burmeseclassic.com


ရောက်လာသောအခါ သစ္စာမရှိကြတော့ပေ။

သိုက်အတွင်းမှ ငှားရမ်းရသော ပစ္စည်းများမှ ပုတီးဖြုတ်ယူခြင်း၊ ရွှေကိုဖြတ်ယူခြင်းများ ပြုကြသောကြောင့် နောက်ပိုင်းတွင် ပစ္စည်းငှား၍မရတော့ပေ။

တောင်ငူဘက်မှာရှိသော တောရကျောင်းတစ်ခု ရောက်သောအခါမှာလည်း ထိုကဲ့သို့ ပစ္စည်းဥစ္စာ ငှားရမ်း၍ရသော နေရာတစ်ခုရှိကြောင်း တွေ့ကြရသည်။

ထိုမျှသာမကသေးပဲ..

“မနက်ဖြတ် အလှူသွားလျှင်လိမ်းဖို့ သနပ်ခါး သွေးပေးထားပါ”

ဟု အကူအညီတောင်း၍ သနပ်ခါးတုံးနှင့် ကျောက်ပျဉ်ချပေးထားလျှင် နောက်တစ်နေ့ မနက်ရောက်သောအခါ သနပ်ခါးခွက်ထဲမှာ သွေးပြီးသား သနပ်ခါးအပြည့် ရှိနေပြီကို တွေ့ရသည်။ သနပ်ခါးသွေးနေသံကြားသဖြင့် သွားချောင်းကြည့်သောအခါမှာတော့ သနပ်ခါးသွေးသူကို မမြင်ကြရပေ။

ထိုကဲ့သို့ ထူးဆန်းသောနေရာအများအပြားရှိကြသလို ထူးခြားနေသာနေရာများစွာတို့ ရှိကြသေးသည်။

ပုပ္ပားတောင်မကြီး၏ တောင်ရံစာရင်း၌ပါဝင်သော တောင်နားတောင် (မြင်းကတောင် ဟုလည်းခေါ်သည်) တွင် ကျောက်ချပ်ကြီးနှစ်ချပ် ထပ်ထားသည်ကိုတွေ့ရသည်။

ထိုအုပ်ချပ်နှစ်ချပ်ကို မည်သို့မှ ခွဲထား၍မရပေ။

ဒီကနေ့ခွဲထားခဲ့လျှင် နောက်တစ်နေ့ သွားကြည့်ပါက


www.burmeseclassic.com

www.burmeseclassic.com



ပြန်ထပ်နေသည်ကိုသာ တွေ့ရပေလိမ့်မည်။ အချို့ဆန်းကြယ်သော နေရာများမှာ လူကိုဦးပါဒ်ပေးသည်။ အချို့ကတော့ ဥပါဒ်ဓေးဆေ၊ ထိုကဲ့သို့ ထူးခြားဆန်းကြယ်သော နေရာတို့မှာ နေရာအနှံ့အပြား၌ပင် ရှိကြလေသည်။

ထို့ပြင် ရှေ့၌ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း သိုက်အတွင်းမှ ရွှေငွေ ဥစ္စာပစ္စည်းငှားရမ်းယူ၍ရသော နေရာအတော်များများရှိကြလေသည်။

အကယ်၍ ငှားရမ်းယူထားသော ဥစ္စာပစ္စည်းတို့က ပြန်မပေးပါက ပြန်တောင်းကြရာမှာတော့ တစ်နေရာနှင့် တစ်နေရာမတူကြပေ။ အချို့က သတိပေးရုံသာပေးပြီး ပြန်တောင်းသည်။

အချို့ကြတော့ ကြောက်လန့်အောင် ခြောက်လှန့်ကာ ပြန်တောင်းလေ့ရှိကြသည်။ အချို့ကြတော့ ထိုသို့မဟုတ်ပေ၊

သစ္စာမရှိသူတို့ကို နှောက်နှောင် မလုပ်ဝံ့စေရန် အသက်သေအောင် သတ်ဖြတ်လေ့ရှိကြသည်။

ကျောက်ဘီလူးတောင်ကတော့ ဘီလူးစောင့်သော သိုက်ဖြစ်သဖြင့် အကယ်၍ ပစ္စည်းဥစ္စာများကို ကွယ်ဝှက်သိမ်းဆည်းထားပါက ထိုက်တန်သော အပြစ်ဒဏ်ခံကြရလေသည်။

အချိန်ကာလမှာ (၁၉၂၀)ခုနှစ်ဝန်းကျင် တစ်ဝိုက်ဖြစ်သောကြောင့် ကျောက်ဘီလူးတောင်နှင့် မဝေးလှသော တနသ်ာရီမြစ်ကမ်းတလျှောက်မှာ နေထိုင်ကြသည့် ရွာများမှာ စည်ကားသည်တော့ မရှိကြသေးပေ။

ရွာများတွင် မြန်မာ၊ မွန်၊ ထားဝယ် စသောလူမျိုးများ



www.burmeseclassic.com

www.burmeseclassic.com


အပြင် မလေးရှားနှင့် ယိုးဒယားလူမျိုးအချို့ပါ ရောထွေးနေထိုင်ကြလေသည်။

ရှေးအခါက တနင်္သာရီမြစ်နှင့် မိုင် (၂၀)ခန့်အကွာတွင် တနင်္သာရီမြို့ရှိခဲ့သည်။ ကူးသန်းရောင်းဝယ်ရာ၌ များစွာအချက်အခြာကျသော မြို့တစ်မြို့ဖြစ်ခဲ့လေသည်။

ရေတက်ချိန်တွင် မြိတ်မြို့မှကုန်ပစ္စည်းများ တင်ဆောင်ထားသော လှေကြီးများနှင့် သင်္ဘောများပင် တနင်္သာရီမြို့သို့ အရောက်သွားနိုင်ကြသည်။

တစ်ချိန်က ယိုးဒယားနိုင်ငံ အယုဒ္ဓယသို့သွားလာလိုပါက တနင်္သာရီမှာ လှေကြီးများ ဆိုက်ကပ်ထားခဲ့ပြီး လှေငယ်များပေါ်သို့ ကုန်ပစ္စည်းပြောင်းတင်ကာ ချောင်းငယ်များမှ သွားကြရလေသည်။ ယခုတော့ မြို့ပျက်ဘဝရောက်နေရပေပြီ။

မြို့ရှိသောနေရာမှာ နေရာဟောင်းအပျက်အစီးများသာ တွေ့ရတော့သည်။

တနင်္သာရီမြို့ ကောင်းစားစဉ်က ထိုနေရာများတွင် အင်ဒိုချိုင်းနား တရုတ်စပ်ကုလားများနှင့် မဟာဗေဒင် ကုလားများနေထိုင်ခဲ့ရာ အရပ်ဖြစ်ခဲ့သောကြောင့် မြို့ပျက်ခဲ့ပြီးနောက်ပိုင်းမှာလည်း ထိုနေရာများမှာ နေခဲ့ကြသူတို့သည်၊ ထိုအနီးဝန်းကျင်မှာရှိသည့် ရွာများသို့ ပြန့်ကျဲပြီးရောက်သွားကြလေသည်။

ထို့ကြောင့် ထိုနေရာတစ်ဝိုက်တွင်ရှိကြသောရွာများတွင် အင်ဒိုချိုင်းနား တရုတ်စပ်ကုလားများနှင့် မဟာဗေဒင်ကုလားမျိုးတို့ ရောနှောနေထိုင်ကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမတူ စရိုက်မတူကြသော်လည်း တစ်ရွာတည်းတွင် အတူတူပင်နေထိုင်ကြလေသည်။

သူတို့သည် လူမျိုးမတူ စရိုက်မတူကြသော်လည်း ထိုနေရာဒေသတွင် နေထိုင်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် ထိုအရပ်ဒေသနှင့် ပတ်သက်သည့် ဓလေ့ထုံးစံများ အကြောင်းကိုလည်း သိထားကြလေသည်။

အထူးသဖြင့် သူတို့နေထိုင်ရာ ပတ်ဝန်းကျင်တစ်ဝိုက်မှ ထူးခြားဆန်းကြယ်သောသော အကြောင်းများကို သိထားကြသည်။ ထိုအထဲတွင် ကျောက်ဘီလူးတော်နှင့် ပတ်သက်သည့် အကြောင်းများလည်းပါဝင်လေသည်။

အချို့ကတော့ ကိုယ်တွေ့ကြုံဖူးသဖြင့် ယုံကြည်ကြသည်။ အချို့ အယူသီးသူအချို့ကတော့ မယုံကြည်ကြပေ။

ရှေ့အခန်းများတွင် အယူသီးသူများနှင့် ကျောက်ဘီလူးတောင်၏ ထူးခြားဆန်းကြယ်မှုအကြောင်းများကို ဆက်လက်ရေးသားပါမည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၂]

# ကျောက်ဘီလူးကျိန်စာ

ရှေ့အခန်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိ သိုက်များကို စောင့်နေသူများထံမှ အလိုရှိပါက ဥစ္စာပစ္စည်းများ ချေးငှားယူ၍ ရကြပေသည်။

အချို့က ဥစ္စာစောင့်၊ သိုက်စောင့်များ ကူညီစောင့်ရှောက်ပေးခဲ့သဖြင့် ရွှေငွေရတနာပစ္စည်းများရကာ နေချင်းညချင်း ကြီးပွားချမ်းသာသွားကြသူများ ရှိကြသည်။

ကျွန်တော်တို့နေခဲ့သော မော်ကျွန်းမြို့နယ်ဘက်မှာပင်


www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့သော အကြောင်းကြောင့် ကြီးပွားချမ်းသာသွားကြသူ အချို့ ရှိခဲ့ကြသည်။

ဆန်စက်တွင် အလုပ်လုပ်ပြီး ချောင်းထဲသို့ ရေချိုးဆင်းရာ ခြေထောက်ကို သံကြိုးတစ်ချောင်းလာပတ်နေသဖြင့် ဆွဲဖော်ကြည့်ရာ သံသေတ္တာတစ်လုံးရခဲ့ဖူးသည်။ ထိုသံသေတ္တာထဲမှာ ရွှေငွေများရှိနေသောကြောင့် နေ့ချင်းညချင်း သူဌေးဘဝရောက်ခဲ့သူလည်း ရှိခဲ့သည်။

တောရွာတွင် ဆင်းရဲသားဘဝဖြင့် ကျောင်းဆောက်ရန်အတွက် ကြိုးစားကြသော လင်းမယားနှစ်ယောက်တို့မှာ အတော်အသင့်ငွေစုမိသောအခါ ကျောင်းဆောက်ရန်အတွက် တိုင်ကျင်းတူသောအခါ တိုင်ကျင်းတစ်ကျင်းတူးလျှင် ရွှေအိုးတစ်လုံးရသောကြောင့် ကြီးပွားချမ်းသာခဲ့သော အဖြစ်မျိုးလည်းရှိသည်။

အစဉ်အဆက် သရဲခြောက်လှန့်သော အိမ်ကြီးပေါ်သို့ နေစရာမရှိသောကြောင့် သွားနေမိရာမှ ချမ်းသာသွားသူမျိုးလည်းရှိပေသည်။ ထိုအိမ်ကြီးမှာ ညအချိန်ရောက်သည်နှင့်...

"ငါသွားတော့မယ်၊ ပစ်ချလိုက်ရမလား"

ဟူသောအသံမျိုး မကြာခဏ ကြားရသဖြင့် မနေဝံ့ကြသဖြင့် ပြေးကြရလေသည်။

ထို့ကြောင့် နေဝံ့မည့်သူမရှိကြပေ။

နောက်ဆုံး နေစရာမရှိသဖြင့် တက်နေကြသော မိသားစုများကတော့ အခြားသွားစရာနေရာလည်း မရှိသောကြောင့် ကြောက်ရွံ့စွာနှင့်ပင် ဆက်နေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ညအချိန်ရောက်တော့ အပေါ်ထပ်မှ ကြောက်စရာကောင်းသောအသံကြီးကိုကြားကြရလေသည်။

"ငါသွားတော့မယ်..၊ ပစ်ချလိုက်ရမလား"

ထိုအသံကြားသောအခါ ယောကျ်ားဖြစ်သူက ကြောက်ကြောက်နှင့်ပင် ပြန်ပြောလိုက်လေသည်။

"ကဲ..သွားချင်လည်းသွားတော့ဗျာ၊ ပစ်သာချလိုက်ပေတော့.."

ထိုသို့ပြောပြီး မရှေးမနှောင်းမှာပင် ခြင်ထောင်ပေါ်သို့ ဖျောဖျောနှင့်ကျလာသော အသံများကြားရလေသည်။

ခြင်ထောင်ထဲမှာရှိနေကြသော မိသားစုများမှာ ထမကြည့်ဝံ့သောကြောင့် စောင်ကိုခေါင်းမြီးခြုံကာ ဒီအတိုင်းနေကြရလေသည်။

အပေါ်မှာကျနေသော အသံများကိုအတန်ကြာအောင်ကြားနေရပြီးနောက် ခြင်ထောင်ကြိုးပါပြတ်ကျသွားလေတော့သည်။

ခြင်ထောင်ကြိုးပြတ်ကျသွားသည်နှင့် ခြင်ထောင်နှင့်အတူ လေးလံသော ရာဝတ္ထုကြီးတစ်ခုက သူတို့အပေါ်သို့ ပိနေတော့သည်။

ကလေးများလည်း ကြောက်လန့်ကြသဖြင့် ငိုကြွေးကြလေသည်။ အတော်ကြာတော့ အပေါ်မှာကြားနေရသောအသံများ ရပ်တံ့သွားလေသည်။

ထိုအခါမှ အပေါ်မှပိနေသော ခြင်ထောင်ကြီးကို ဖယ်


www.burmeseclassic.com

www.burmeseclassic.com



ရှားပြီးကြည့်သောအခါ ခြင်ထောင်အမိုးပေါ်တွင် မြောက်များ
လှစွာသော ရွှေဒင်္ဂါးများကို တွေ့ကြရပေတော့သည်။

ရွှေဒင်္ဂါးများ ရပြီးနောက်ပိုင်းမှာတော့ အိမ်အပေါ်မှ
ကြားနေရသော အသံကြီးကိုလည်း မကြားရတော့ပေ။

ရှေ့၌ရေးခဲ့သည့်အတိုင်း သိုက်ကြီးများကိုစောင့်ရှောက်
နေရသော သိုက်စောင့်များ၊ ဥစ္စာပစ္စည်းများကို စောင့်ရှောက်
နေကြသော ဥစ္စာစောင့်များထံမှ ၄င်းတို့နှစ်သက်သဖြင့် အကူ
အညီပေးလျှင် ချမ်းသာခြင်းသို့ ရစေနိုင်သည်။

အချို့သိုက်များမှာ ဥစ္စာပစ္စည်းများကို ငှားရမ်းယူ၍ရ
သည်မျိုးရှိသည်။

ရှမ်းပြည်နယ်ဘက်သို့ ရောက်ခဲ့စဉ်က ငွေချေးယူလို
လျှင် ငွေတိုးဖြင့် ချေး၍ရသော ဥစ္စာသိုက်စောင့်များကိုလည်း
တွေ့ရဖူးသည်။

၄င်းတို့ပိုင်သော အိမ်ကိုတက်နေလျှင် အိမ်ငှားခပေး
ရသည်။ ငွေချေးယူလျှင် အတိုးပါပေးရသည်။

မပေးလျှင် ချေးပါခြင်း၊ တစ်ကိုယ်လုံး မခံမရပ်နိုင်
အောင် ယားယံခြင်းများဖြင့် ကြုံတွေ့ရသည်။

နောက်ဆုံး မခံနိုင်တော့လျှင် ယူထားသောငွေနှင့် ကျ
သင့်သည့်အတိုင်းငွေကိုပါ မရရအောင်ရှာကြံပြီး ပြန်ဆပ်ရ
တော့မှ ရောဂါများ သက်သာရာရပေသည်။

လူမရှိသောအိမ်ကြီးတစ်လုံးဆိုလျှင် အိမ်ထဲသင့်ဖို့မပြော
နှင့် ခြံဝန်းထဲကိုပင် မည်သူမှ မဝင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com


ခြံဝန်းထဲမှာ ရာသီအလိုက်သီးနေသော သစ်သီးများ၊ ရင့်မှည့်နေသော သစ်သီးမျိုးစုံရှိသည်။

သစ်ခွပန်းများအပါအဝင် ပန်းမျိုးစုံတို့ဖူးပွင့်နေကြသည်။ မည်သူမှ ဝင်ရောက်ခူး၍ မရပေ။

သစ်သီးယူဖို့နေနေသာ၊ ခြံဝန်းထဲဝင်သည်နှင့်ပင် အရိုက်အနှက်ခံရသည်။

ခြံဝန်းထဲမှ ကြွေကျသောသစ်သီးက လွင့်စဉ်ထွက်လာပြီး ခြံစည်းရိုးအပြင်ဘက်ရောက်နေတာ တွေ့လျှင်တော့ ကောက်ယူစားသောက်ခွင့်ရှိသည်။

ထိုအိမ်ကြီးမှာ ဟော်နန်းတမျှကြီးကျယ်ခမ်းနားသော အိမ်ကြီးဖြစ်သည်။

သို့သော် နေသူမရှိပေ။

ထိုအိမ်ကြီးကိုည်း နယ်ပိုင်စော်ဘွားများ၏ ငွေခွန်တော်မှူးများက အခါန်တော်ကောက်ခံလေ့ရှိသည်။

အိမ်ရှေ့မှာရပ်ပြီး...၊

"အခွန်တော်ငွေလာကောက်ပြီဗျို့"

ဟုအသံကျယ်ကျယ်နှင့် အော်ပြောလိုက်လျှင် ခဏာအကြာတွင် ငွေခွန်ကောက်သူရှေ့သို့ ငွေဒင်္ဂါးများထည့်ထားသော အထုပ်တစ်ထုပ် ကျလာလေ့ရှိသည်။

ငွေခွန်တော်ကောက်ခံသူက ခြံပေါက်ဝတစ်နေရာမှာ ငွေခွန်တော်ကောက်ခံပြီးကြောင်း အမှတ်အသားပြုလုပ်ပေးခဲ့ပြီး ပြန်သွားကြရသာရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာသိုက်များမှ ငွေချေးယူ၍သော်လည်းကောင်း၊ ရွှေငွေလက်ဝတ်ရတနာများ ငှားရမ်းယူသည့်အခါမှာသော်လည်းကောင်း မပွန်းပဲ့၊ မပျက်မစီး၊ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရသည်။

ကတိပျက်၍မရပေ။

လူတို့ထံမှ ပစ္စည်းဥစ္စာငှားရမ်းလျှင်သော်လည်းကောင်း ငွေချေးယူလျှင်သော်လည်းကောင်း၊ ပြန်မပေးနိုင်၊ ပြန်မဆပ်နိုင်ပါက ကျေနပ်အောင်တောင်းပန်ပြောဆို၍ ရနိုင်သေးသည်။

ဘဝခြားနေသော ပရလောကသား၊ ဥစ္စာစောင့်များကိုတော့ ထိုသို့တောင်းပန်း၍မရပေ။

ထိုက်သင့်သော အပြစ်ဒဏ်ကိုချက်ခြင်းခံကြရသည်။ အချို့က ဥစ္စာပစ္စည်းပြန်မပေးလျှင် သတိပေးကြသည်။

မြွေ၊ သားရဲ တစ္ဆေတို့ဖြင့် ခြောက်လှန့်ကြသည်။ ယူထားသော ပစ္စည်းများနှင့် ထိမိလျှင် မခံမရပ်နိုင်အောင် ယားယံခြင်းမျိုး စသည်ဖြင့် သတိပေးကြသည်။ နောက်ဆုံး မရလျှင်တော့ စီးပွားဥစ္စာပျက်စီးအောင်၊ အသက်သေအောင် အထိ ဒဏ်ခတ်ကြလေသည်။

ကျောက်ဘီလူးတောင် သိုက်ကတော့ ထိုသို့မဟုတ်ပေ။ ဘီလူးစောင့်သောနေရာဖြစ်သဖြင့် ကြမ်းတမ်းသည်။ ထိုအကြောင်းများကို ယခုရေးသားဖော်ပြပါမည်။

ကျောက်ဘီလူးတောင်မှာ ကျောက်တောင်အမျိုးအစားဖြစ်သော်လည်း တောင်တစ်ဝိုက်မှာတော့ သစ်တောကြီးများ



www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်ပိတ်ပေါင်းများရှိသည်။

အချို့နေရာများမှာ လူတိုးမပေါက်သာအောင်ပိတ်ဆီး နေကြလေသည်။

တောင်မှာ ပေ ၄၀၀၀ ကျော်ခန့်မြင့်ပြီး တောင်၏နံယံ များတွင် ဘီလူးခေါင်းပုံသဏ္ဌာန်တူသော အရုပ်များရှိကြသည်။

သို့သော် ပီပီပြင်ပြင်တော့မဟုတ်ကြပေ။

ထိုတောင်တွင် ဘီလူးစောင့်သော ဥစ္စာသိုက်ရှိသည်။ ထိုအနီးပတ်ဝန်းကျင်တစ်ဝိုက်မှာနေကြသော ရွာများမှသော် လည်းကောင်း၊ အခြားနေရာများမှသော်ည်းကောင်း၊ အလှူ အတန်းကိစ္စများရှိသဖြင့် လက်ဝတ်ရတနာများ လာရောက် ငှားရမ်းပါက ပေးသေည်။

ရွှေဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ၊ ပုလဲ ဖြင့်ပြုလုပ်ထားသော ရတနာများ၊ ငွေဖြင့်ပြုလုပ်ထားသော အသုံးပစ္စည်းများကို ငှားပေးသည်။ ပုပ္ပားတောင်ဝန်းကျင်၌ရှိ သော ရွှေတွင်းတောင် ငွေတွင်းတောင်များမှာရှိသော ဥစ္စာ သိုက်တွင် လက်ဝတ်ရတနာများ ငှားရမ်းအသုံးပြုပါက ညဦးပိုင်း ကပင် ဖလားတစ်လုံးသွားချထားပြီး ငှားလိုသော ပစ္စည်းများကို ပြောပြရသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် သွားကြည့်ပါက ဖလားထဲမှာ အလိုရှိသည့် ပစ္စည်းများရောက်နေသည်ကို တွေ့ ရလေ့ရှိသည်။

ကျောက်ဘီလူးတောင်သိုက်ကတော့ ထိုကဲ့သို့ ငှားရမ်း



www.burmeseclassic.com

www.burmeseclassic.com


၍ မရပေ။ ပစ္စည်းငှားလိုလျှင် ငှားလိုသူကိုယ်တိုင် ထိုတောင်သို့ သွားရလေသည်။ တောင်သို့ရောက်သောအခါ..

"ကျွန်တော်တို့ ပစ္စည်းငှားချင်လို့လာကြတာပါ"

ဟုအသံကျယ်ကျယ်ဖြင့် သုံးကြိမ်သုံးခါအော်ပြောရသည်။ ထိုသို့ပြောလျှင် ဂူပေါက်တစ်ပေါက်ပေါက်မှ လူတစ်ယောက်ထွက်လာပြီး မေးသည်။

"ပစ္စည်းငှားမယ့်သူက ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ဘာအတွက်ငှားချင်တာလဲ"

"အလှူရှိလို့ သုံးချင်တာပါ"

ရှင်ပြုပွဲ၊ အလှူပွဲ၊ ကထိန်ပွဲ၊ ဝါဆိုပွဲ၊ ဘုရားပွဲစသည်များအတွက်ပါထည့်ပြောရသည်။

မင်္ဂလာဆောင်အတွက်ဆိုလျှင် ပစ္စည်းငှားမရပေ။

"လိုတဲ့ပစ္စည်းတွေကို ငှားပေးမယ်၊ တကယ်လို့ ပျက်စီးပျောက်ဆုံးသွားရင် လျော်ပေးနိုင်သလား"

"မပျောက်ပျက်ရအောင် ဂရုစိုက်ပါ့မယ်"

"ပစ္စည်းပြန်မရရင် ငါကျိန်ဆဲတာခံမှာလား"

ပစ္စည်းငှားချင်လျှင်တော့ 'ခံပါ့မယ်..'ဟု ကြောက်ကြောက်လန့်လန့်ဖြင့် ကတိပေးရသည်။

ကျိန်စာကြောက်လျှင်တော့ ပစ္စည်းမယူပဲ ပြန်လာရသော ရှိသည်။

ကျောက်ဘီလူးကျိန်စာခံရလျှင်တော့ လိုချင်သော


www.burmeseclassic.com

www.burmeseclassic.com


လက်ဝတ်ရတနာတို့ကို အထုပ်ဖြင့်ထုပ်ကာပေးလိုက်လေသည်။

ငှင်းတို့အရပ်ဒေသမှာ နေကြသူအများစုမှာ လက်လုပ်လက်စား ဆင်းရဲကြသူများလေသည်။

သို့ကြောင့် ရွှေငွေရတနာလက်ဝတ်လက်စားများ မရှိကြပေ၊ မစုဆောင်းနိုင်ကြပေ။

အလှူအတန်းပွဲလမ်းသဘင်တို့တွင် လက်ဝတ်ရတနာများ ဝတ်ဆင်ထားသည်ကိုမြင်လျှင်တော့ အချင်းချင်းသိကြလေသည်။

"နင်ဝတ်ဆင်ထားတဲ့ ရတနာပစ္စည်းတွေက ကျောက်ဘီလူးသိုက်က ငှားဝတ်တဲ့ပစ္စည်းတွေ မဟုတ်လား"

ထိုသို့မေးလျှင် ဝတ်ဆင်သူကလည်း ဟုတ်မှတ်လျှင် 'ဟုတ်မှန်သည့်အတိုင်း' ဝန်ခံရပေသည်။

"ဟုတ်ပါတယ်"

"ဟုတ်တယ်ဆိုရင်တော့ ဂရုစိုက်ပြီးဝတ်၊ မပျောက်ပျက်စေနဲ့၊ ပျောက်သွားရင် ကျောက်ဘီလူး ကျိန်ဆဲတာကို ခံရလိမ့်မယ်။"

အတွေ့အကြုံရှိခဲ့ဖူးသူများကတော့ ထိုကဲ့သို့ သတိပေးကြလေ့ရှိသည်။ ဝတ်ဆင်သူကလည်း ကြောက်ရွံ့သဖြင့် မပျောက်ပျက်ရအောင် ဂရုစိုက်ပြီး ဝတ်ဆင်ရလေသည်။

အများအားဖြင့်တော့ ထိုနေရာမှာ ပစ္စည်းငှားရမ်းကြရာတွင် ရှင်လောင်းများကို ဝတ်ဆင်ပေးရန်အတွက်သာ ငှားရမ်းအသုံးပြုကြသည်။


www.burmeseclassic.com

www.burmeseclassic.com



အခြားသူများ ဝတ်ဆင်ရန်အတွက်တော့ ငှားရမ်းခြင်း မပြုကြပေ။ ဒါကည်း အကြောင်းတစ်ခုရှိပေသည်။

တစ်ခါက ဖျဉ်းမကုန်းရွာမှ လူတစ်ဦးသည် သားဖြစ်သူ ရှင်ပြုပွဲရှိသဖြင့် ကျောက်ဘီလူးတောင်သိုက်မှ ရတနာပစ္စည်း အချို့ငှားရမ်းခဲ့လေသည်။

မောင်ရှင်လောင်းအား ဝတ်ဆင်ပေးလိုသောကြောင့် သွားရောက်ငှားရမ်းရာ လိုသောလက်ဝတ်ရတနာများရရှိခဲ့လေ သည်။ ထိုရတနာပစ္စည်းများထဲတွင် ပုလဲလုံးဖြင့် ကွင်းထားသော ရွှေလက်စွပ်တစ်ကွင်းလည်း ပါလာသည်။

ရှင်ပြုပွဲပြီးသဖြင့် ငှားရမ်းထားသော ရတနာပစ္စည်းများ ကို ပြန်ပို့ရန်စီစဉ်သောအခါ ပုလဲလက်စွပ်တစ်ကွင်း ပျောက်နေ သည်ကိုတွေ့ရလေသည်။

ထိုအခါ ကျောက်ဘီလူးကျိန်စာခံပါ့မည်ဟု ကတိပေး ခဲ့သော ကာယကံရှင်ဖြစ်သူ မောင်ရှင်လောင်း၏ဖခင်မှာ များစွာ စိတ်ပူသွားရလေသည်။

"ငါတော့ အလှူလုပ်ပြီးမှ ကုသိုလ်မရပဲ အကုသိုလ်နဲ့ တိုးပြီနဲ့တူတယ်၊ တကယ်လို့ ပျောက်သွားတဲ့လက်စွပ်ပြန် မရရင် တော့ ကျောက်ဘီလူး ကျိန်စာတိုက်တာ ခံရတော့မယ်ထင်ပါရဲ့"

ဟုရေရွတ်ပြောဆိုပြီး ပျောက်နေသော လက်စွပ်ကို ရှာ ဖွေကြသော်လည်း ရှာမတွေ့ပဲရှိလေသည်။

ထိုပုလဲလက်စွပ်ကို ရပ်ဝေးမှလာသော သားချင်းတစ် ယောက်က ခိုးယူပြီးဝှက်ထားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ခိုးယူထားသောအမျိုးသမီးမှာ ရပ်ဝေးမှလာသူဖြစ်သဖြင့် ကျောက်ဘီလူးတောင်အကြောင်းလည်းမသိ၊ ကျောက်ဘီလူးကျိန်စာအကြောင်းကိုလည်း မသိပေ။

မောင်ရင်လောင်းထိမ်းရင်းနှင့် ပုလဲလက်စွပ်ကိုမြင်သောအခါ တန်ဖိုးရှိမှန်းသိသဖြင့် ခိုးဝှက်ယူထားခြင်းဖြစ်သည်။ ပစ္စည်းများငှားရမ်းစဉ်ကပင် သုံးရက်သာယူပါမည်ဟု ကတိပေးထားခဲ့ရာ သုံးရက်စေ့သည်တိုင် ပစ္စည်းများပြန်မအပ်သေးသောအခါ ထိုညတွင် တောင်ဟီးသံကြားကြရသည်။

တောင်ဟီးသံကြားရသောနေရာမှာ အခြားတောင်များမှ မဟုတ်ပေ။ ကျောက်ဘီလူးတောင်ရှိသော နေရာမှဖြစ်လေသည်။

ထိုအသံကြားသောအခါ ထိုနေရာတွင် အနေကြာသောရှေ့မီနောက်မီလူကြီးများက အလှူရှင်ကိုမောင်ငွေကို သတိပေးကြသည်။

"မောင်ငွေ မင်းတို့အလှူရက်တုန်းက ကျောက်ဘီလူးသိုက်က ရှင်လောင်းဆင်ဖို့ ရတနာပစ္စည်းတွေ ငှားထားကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘကြီး"

"ပြန်မပို့သေးဘူးထင်တယ် ညက တောင်ဟီးပြီး သတိပေးသံကြားရတယ်"

ထိုအခါ ကိုမောင်ငွေက အကျိုးအကြောင်းပြောပြလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"အင်း မင်းတို့အဖြစ်ကလည်း ကောင်တာလုပ်တော့မှ မကောင်းတာနဲ့ တွေ့ရဆိုသလိုဖြစ်နေပြီ....၊

ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါတော့မလဲ၊ ပျောက်တာလည်းပျောက်ပေါ့၊ ရှိတဲ့ပစ္စည်းကိုတော့ မြန်မြန် ပြန်ပို့ပေးလိုက်ကြ၊ တော်ကြာ ဒီထက်အခြေအနေပိုဆိုးလာလိမ့်မယ်..."

ဟုပြောဆိုသတိပေးတော့မှ ကိုမောင်ငွေလည်း မနေဝံ့တော့သဖြင့် ငှားယူလာသော ရတနာပစ္စည်းများကို အဝတ်ဖြင့်ထုပ်ကာ ကျောက်ဘီလူးတောင်သို့ သွားလေသည်။

တောင်ခြေသို့ရောက်သောခါ ပစ္စည်းများငှားရမ်းယူစဉ်ကကဲ့သို့ပင် အသံကျယ်ကျယ်ဖြင့် အော်ပြောရလေသည်။

"သိုက်စောင့်ဘီလူးမင်းခင်ဗျာ၊ ကျွန်တော်တို့ ငှားရမ်းထားသော ပစ္စည်းများကို လာရောက်အပ်နှံပါတယ် လက်ခံပေးတော်မူပါ"

ဟု သုံးကြိမ်သုံးခါ အော်ပြောရလေသည်။

အတန်ကြာတော့ တောင်တစ်နေရာမှာရှိသော ဂူပေါက်တစ်ပေါက်မှ လူတစ်ယောက်ထွက်လာပြီး ပစ္စည်းထုပ်ကို လာယူလေသည်။

"သုံးရက်ကျော်အောင် ဘာကြောင့် ထားတာလဲ"

ထိုသို့မေးသောအခါ ကိုမောင်ငွေမှာ ဦးခေါင်းပေါ်သို့ မိုးကြိုးကျသကဲ့သို့ များစွာကြောက်ရွံ့ထိတ်လန့်သွားလေသည်။

"ထားချင်လို့ထားတာတော့ မဟုတ်ပါဘူး ဘီလူးမင်းရယ်၊ ငှားသွားတဲ့ ပစ္စည်းတွေထဲက လက်စွပ်တစ်ကွင်းပျောက်



www.burmeseclassic.com

www.burmeseclassic.com


နေလို့ပါ၊ ဒီအတွက် ကျွန်တော်ကတိပေးထားခဲ့တဲ့အတိုင်း ကျိန်စာဆိုခဲ့ပါ့မယ်၊ ကျွန်တော်တို့ ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကိုလည်း ဘီလူးမင်းကို အမျှအတန်းဝေပေးပါတယ်"

ဟုပြောဆိုလိုက်သည်။

ထိုအခါ ပစ္စည်းထွက်ယူသူက ဘာမှထပ်မပြောတော့ပဲ ဂူအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ကိုမောင်ငွေလည်း ဇဝေဇဝါဖြင့် အိမ်သို့ပြန်လာခဲ့လေသည်။ ပစ္စည်းပျောက်သွားသည့်အတွက်တော့ ကျိန်စာခံရမည်ဟုတော့ စိတ်ထဲမှာ စွဲနေလေသည်။

အလှူပွဲပြီးသွားတော့ ရပ်ဝေးမှလာရောက်ကြသော ဆွေမျိုးသားချင်းများ နေရပ်သို့ ပြန်ကြရန် ပြင်ကြလေသည်။ ညအချိန်ရောက်တော့ ဧည့်သည်များနေသောတဲအတွင်းမှ စူးစူးဝါးဝါးအော်သံများ ပေါ်ထွက်လာလေတော့သည်။

"ကယ်ကြပါရှင်၊ ကယ်တော်မူကြပါဦး၊ ဒီမှာ ဘီလူးကြီးရောက်ပြီး ကျမကို လာသတ်နေပါတယ်၊ ကယ်တော်မူကြပါဦး"

ထိုအသံကြားရသောကြောင့် အိမ်ရှင်ကိုမောင်ငွေတို့မိသားစုများမှာ မီးတိုင်မီးခွက်များကိုင်ကာ ထိုနေရာသို့ သွားကြည့်ကြလေသည်။ ထိုတဲသို့ရောက်သောအခါ သွေးသံရဲရဲနှင့် ငိုကြွေးနေသော မိန်းမတစ်ယောက်ကို တွေ့ရလေသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

"ကျမအိပ်နေတုန်း ဘီလူးကြီးတစ်ကောင်ရောက်လာ


www.burmeseclassic.com

www.burmeseclassic.com


ပြီး ကျမလက်တစ်ဖက်ကို ကိုက်ဖြတ်သွားတယ်၊ ဒီ ဒီမှာကြည့်ကြပါဦး”

ဟုပြောကာ သွေးများနီရဲနေသောလက်တစ်ဖက်ကို ပြလေသည်။ ထိုလက်မှာ အစွယ်ဖြင့် အကိုက်ခံရသောကြောင့် ပြတ်လုပြတ်ခင်ဖြစ်ကာ သွေးများက ဒရဟောထွက်နေလေတော့သည်။ သို့ကြောင့် ဆေးထည့်သူကထည့်၊ ပတ်တီးစည်းပေးသူက စည်းပေးကြလေသည်။

ပြီးတော့မှ ထိုအမျိုးသမီးက ပြောလေသည်။

“ကျ..ကျမမှားပါတယ်ရှင်၊ ဘီလူးပိုင်တဲ့ပစ္စည်းမသိလို့ ရှင်လောင်းမှာဆင်ပေးထားတဲ့ ပုလဲလက်စွပ်တစ်ကွင်းကို ဖြုတ်ယူထားမိပါတယ်၊ ဒီ..ဒီမှာ ပြန်ယူကြပါရှင်..”

ဟု ငိုယိုပြောဆိုကာ ၄င်းယူထားသောလက်စွပ်ကို ပြန်ပေးလေသည်။

ထိုသို့ပြန်ပေးပြီးနောက် ရပ်ဝေးမှလာသော ဧည့်သည်များမှာ ဆက်မနေဝံ့ကြတော့သဖြင့် ပြန်သွားကြလေတော့သည်။

ပုလဲလက်စွပ်ကို ပြန်ရတော့မှ ကိုမောင်ငွေမှာ စိတ်သက်သာရာရသွားပြီးနောက် ထိုနေ့မှာပင် ကျောက်ဘီလူးတောင်သို့ သွားရောက်ကာ ပုလဲလက်စွပ်ကို ပြန်ပို့ပေးလိုက်ရပေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၃]

# ဘွဲ့ပြုလျှောက်နက် နတ်ဘီလူးတို့စက်

ယခုရေးသားဖော်ပြသော အကြောင်းအရာတို့မှာ ကျောက်ဘီလူးတောင်နှင့်ပတ်သက်သည့် အကြောင်းများအနက် ခါနိုးပျိုးသည့်အနေပင်ဖြစ်ပေသည်။

ရှေ့အခန်းများတွင် ကျောက်ဘီလူးတောင်နှင့် ပတ်သက်သော ထူးခြားဆန်းကြယ်သည့် အကြောင်းများကို ဆက်လက်ရေးသားမည်ဖြစ်ရာ..မရေးသားမီ ဘီလူးနှင့် ပတ်သက်သော အကြောင်းအရာများကို ဦးစွာဖော်ပြရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးတို့သည် လူတို့နှင့်နီးစပ်စွာရှိခဲ့ကြလေသည်။ မြတ်စွာဘုရား ပွင့်တော်မူသည့်အခါများတွင် ဘီလူးနှင့် သက်ဆိုင်သော ကဏ္ဍသည် တစ်နေရာမှ ပါဝင်ခဲ့လေသည်။ မြတ်စွာဘုရားအား တန်ခိုးချင်းပြိုင်ကာ တိုက်ခိုက်နှောက်ယှက်ခဲ့သေးသည်။

ကလျာဏကာရီကျမ်း၌ လက်နက်ကြီးလေးပါး အကြောင်းကို ဖော်ပြထားပေရာ အောက်ပါအတိုင်းဖြစ်ပေသည်။

**(၁) သိကြားမင်း၏ ဝရစိန်လက်နက်**

မြင့်မိုရ်တောင်ထိပ်မှ ပစ်ချသော် တစ်သိန်းခြောက်သောင်းရှစ်ထောင် အစောက်ရှိသော မြင်မိုရ်တောင်ကို ဖောက်၍ အောက်သို့ကျနိုင်၏။

**(၂) ဝေဿဝဏ်နတ်မင်း၏ ရှားလုံ့ကန်လက်နက်**

ပစ်လိုက်သော် တစ်ထောင်မကသော ဘီလူးတို့၏ လည်ကိုဖြတ်၍ ပြန်လာ၏။

**(၃) ယမမင်း၏ မျက်စောင်းလက်နက်**

တစ်သောင်းမကသော ကုမ္ဘဏ်ဘီလူးတို့သည် အိုးခင်းမှ ထည့်သော မုံညင်းစေ့ကဲ့သို့ ဖျစ်ဖျစ်မြည်လျက် ကြေစေ၏။

**(၄) အာဠဝကဘီလူး၏ ကိုယ်ရုံဘွဲ့ဖြူ ပုဆိုးလက်နက်**

ငှင်းကိုချွတ်၍ ကောင်းကင်သို့ပစ်သော် တစ်ဆယ့်နှစ်နှစ် ပတ်လုံး မိုးမရွာ။

မြေသို့ပစ်ချသော် တစ်ဆယ့်ခြောက်နှစ်ပတ်လုံး သစ်



www.burmeseclassic.com

www.burmeseclassic.com


ပင်မပေါက်။

သမုဒ္ဒရာသို့ပစ်သော် အိုးခင်းပွတွင် ဖျမ်းသောရေကဲ့သို့ ခြောက်ခမ်းစေ၏။

မြင့်မိုရ်တောင်သို့ပစ်သော် အတုံးတုံး၊ အပိုင်းပိုင်း ပြတ်ကြကြစေ၏။

အထက်ပါဖော်ပြပေးခဲ့သော လက်နက်ကြီးလေးပါးတို့ကို လေ့လာကြည့်သောအခါ ဘီလူးတို့နှင့်ပတ်သက်သည့် ကဏ္ဍသည် တစ်နေရာ၌ ပါဝင်နေသည်ကိုတွေ့ရပေလိမ့်မည်။

အသီးသီးရေးသားခဲ့ကြသော ကျမ်းစာများ၊ စာပေများမှာတော့ ဘီလူးသည် ကြမ်းတမ်းသော သတ္တဝါတစ်မျိုးအဖြစ်နှင့် ရေးသားဖော်ပြကြသည်။

(ဆရာချစ်ဦးညို၏ 'လက်ာဒီပချစ်သူ' ဝတ္ထုမှာတော့ ဒသဂီရိအဖြစ် တင်စားရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရပေသည်)

ဘုရားစောင့်သောဘီလူး၊ ကျောင်းစောင့်သောဘီးလူး၊ သိုက်စောင့်သောဘီလူး၊ တောစောင့်ဘီလူး၊ တောင်စောင့်ဘီလူးစသည်တို့သည် ခက်ထန်ကြမ်းတမ်းစွာရှိကြလေသည်။

ရှေးအခါကတည်းက သုဝဏ္ဏဘူမိမြို့တော် ရှိခဲ့သဖြင့် ထင်ရှားခဲ့သော မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့သည် ရေဘီလူးများနှင့် ပတ်သက်ပြီး ရာဇဝင်အမြောက်အများရှိခဲ့ကြသည်။

ဘီလူးနှင့်ပတ်သက်သည့် ဗဟုသုတရဖွယ်ရာများကို ဦးစွာဖော်ပြပေးပါမည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘီလူး" ဟူသော အမည်မှာ မြန်မာဘာသာဖြစ်သည်။

ပါဠိဘာသာဖြစ်သော "ဘီရု" မှ "ဘီလူး" ဖြစ်လာသည်။ ဖြစ်လာပုံကား...

ဘိ ၌ ဣ ကို ဤ ပြောင်းလဲသည်။

ရု ၌ ရ ကို လ၊ ဉ ကို ဦးပြောင်းလဲ၍ ဝစ္စနှစ်လုံးထည့်ကာ "ဘီလူး" ဖြစ်လာ၏ဟု ပေါရာဏ ကထာဋီကာတွင် အဆိုရှိသည်။

ယင်းဘီလူးကား အဆင်းသဏ္ဌာန်ဆိုးဝါး၍ ရက်စက်ကြမ်းကြုတ်သဖြင့် သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ကာ အသားအသွေးကို စားသောက်တတ်သော နတ်၊ ဘုတ်၊ မြေဘုတ်၊ ပြိတ္တာ၊ တစ္ဆေများ ဖြစ်သည်။

"ဘီလူး" ကို ပါဠိဘာသာအားဖြင့် "ယက္ခ" ဟူ၍၎င်း၊ "ရက္ခသ" ဟူ၍၎င်း၊ "ကုမ္ဘဏ္ဍ" ဟူ၍၎င်း၊ "ဒေဝ" ဟူ၍၎င်း၊ "ဘူတ" ဟူ၍၎င်း၊ "ဒါနဝ" ဟူ၍၎င်း၊ "ပေတ" ဟူ၍၎င်း၊ "ပိသာစ" ဟူ၍၎င်း၊ "အမနုဿ" ဟူ၍၎င်း အမည်အမျိုးမျိုးခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။

ဖော်ပြထားသကဲ့သို့ အမည်အမျိုးမျိုးခေါ်ဝေါ်သုံးစွဲသော်လည်း အကျဉ်းချုပ်လိုက်ပါက (၁) ကြည်းကုန်း၌ နေသောကုန်းဘီလူး၊ (၂) ရေ၌နေသော ရေဘီလူးအားဖြင့် နှစ်မျိုးသာဖြစ်သည်။

ကုန်းဘီလူးတို့သည် တော၊ တောင်၊ သစ်ပင်၊ အဆောက်အအုံ၊ မြေပြင်၌နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေဘီလူးတို့သည် သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေကန်၌ နေကြသည်။

အချို့ဘီလူးတို့သည် နတ်မင်းကြီးတို့ထံမှ၄င်း၊ ဘုရင်မင်းမြတ်တို့ထံမှ၄င်း၊ နေရာအရပ်ကို ပိုင်းခြားသတ်မှတ်၍၄င်း၊ တရားသဘောကို ပိုင်းခြားသတ်မှတ်၍၄င်း၊ အမှုအရာကို ပိုင်းခြားသတ်မှတ်၍၄င်း၊ သတ္တဝါတို့ကို စားသောက်ရန် အပိုင်စားရကြသည်။

အချို့ဘီလူးတို့သည် အပိုင်စားမရကြကုန်။ သင့်သလို ရှာဖွေစားသောက်ကြသည်။

အချို့ဘီလူးတို့သည် သတ္တဝါတို့ကို မစားသောက်ကြဘဲ နတ်၌ဖြစ်သောအစာ၊ သို့မဟုတ် လူတို့ပူဇော်ပသသော အစာကို စားသောက်ကြသည်။

အချို့ဘီလူးတို့သည် တန်ခိုးအာနုဘော်ကြီးမားကြသည်။

အချို့ဘီလူးတို့သည် တန်ခိုးအာနုဘော် သေးနုပ်ကြသည်။

အချို့ဘီလူးတို့သည် လက်နက်အမျိုးမျိုးကို ကိုင်ဆောင်ကြသည်။

အချို့ဘီလူးတို့သည် လက်နက်ကိုင်ဆောင်ခြင်းမရှိကြကုန်။

နတ်ဘီလူးတို့သည် မိမိတို့ကိုယ်ကို လူတို့မမြင်အောင် ဖွယ်ဖျောက်နိုင်ကြသည်။ မြင်အောင်လည်း ပြနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါအမျိုးမျိုး၊ ရုပ်အဆင်းသဏ္ဍာန် အမျိုးမျိုးဖြစ်လာအောင် ဖန်ဆင်းပြောင်းလဲနိုင်ကြသည်။

တစ်နည်းအားဖြင့် ဘီလူးတို့ကို ခွဲခြား၍ရေတွက်လျှင်..

(၁) နတ်ပြည်၌ဖြစ်သောဘီလူးများ၊

(၂) လူ့ပြည်၌ဖြစ်သောဘီလူးများ ဟူ၍ နှစ်မျိုးဖြစ်သည်။

နတ်ပြည်၌ဖြစ်သော ဘီလူးများမှာ ဝေဿဝဏ်နတ်မင်းကြီးနှင့်တကွ အခြွေအရံအလုပ်အကျွေးဖြစ်သော ကုမ္ဘဏ်ဘီလူးများ၊ ကုဝေရ နတ်မင်းကြီးနှင့်တကွ အခြွေအရံ အလုပ်အကျွေးဖြစ်သော ကုမ္ဘဏ်သောမစသော ဘီလူးစစ်သူကြီးများ၊ တလောလာ၊ တတ္တလာစသော ဘီလူးအစောင့်အရှောက်များနှင့် သာမန်ဘီလူးများဖြစ်သည်။ ယင်းတို့အားလုံးကား စတုမဟာရာဇ်နတ်များဖြစ်ကြသည်။

လူ့ပြည်၌ဖြစ်သောဘီလူးများမှာ နတ်များ၊ ရက္ခိုသ်များ၊ ဘုတ်များ၊ မြေဘုတ်များ၊ ဒါနဝများ၊ ပြိတ္တာများ၊ တစ္ဆေများဖြစ်ကြသည်။ ယင်းတို့အားလုံးကား နတ်မျိုးနတ်နွယ်များဖြစ်ကြသည်။

ဘုတ်၊ မြေဘုတ်၊ ပြိတ္တာများကို တစ္ဆေဟုခေါ်ဝေါ်ကြသည်။ ယင်းတစ္ဆေမှာလည်း တစ္ဆေငယ်ကို မှင်စာ၊ တစ္ဆေကြီးကို တစ္ဆေ၊ အစိမ်း၊ သရဲ၊ သဘက်၊ ဥဗက စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြပြန်သည်။

တနည်းအားဖြင့် ခြောက်လှန့်ဖမ်းစားတတ်သော နတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနတ်ဝါးဟူသမျှကို တစ္ဆေချည်းသာ ပေါင်း၍ခေါ်ဝေါ်ကြပြန်သည်။

ဘီလူးအများအပြားရှိသည့်အနက် ဤဝတ္ထုနှင့်သက်ဆိုင်သော ထင်ရှား၍ လူသိများသည့် ဘီလူးများကိုသာ ထုတ်နုတ်ဖော်ပြပါမည်။

မြတ်စွာဘုရား လက်ထက်တော်အခါ ထင်ရှားသော အာဠဝက ဘီလူးသည် မဇ္ဈိမဒေသ အာဠဝီပြည်အနီး တောကြီးအတွင်းဝယ် ကြီးကျယ်ခမ်းနားသော ဗိမာန်၌ မောင်းမမိသံခြွေရံများနှင့်တကွ နေ၏။

အဆိုပါ ဗိမာန်ကြီး၏အနီး၌ ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်အောက်သို့ ဝင်လာသော သတ္တဝါတို့ကို အာဠဝကဘီလူး စားစေဟု စတုမဟာရာဇ် နတ်မင်းတို့ထံမှ အပိုင်စားရသည်။

သို့ဖြစ်၍ အာဠဝက ဘီလူးသည် ထိုညောင်ပင်ကြီးအောက်သို့ ဝင်လာသော သတ္တဝါတို့ကို သတ်ဖြတ်ကာ စားသောက်၍နေ၏။

တစ်နေ့သောအခါ မြတ်စွာဘုရားကြွလာတော်မူ၍ တရားဟောရာ ကျွတ်တမ်းဝင်လျက် သောတာပန် အရိယာအဖြစ်သို့ ရောက်လေသည်။

သုစိလောမဘီလူးနှင့် ခရလောမဘီလူးတို့သည်လည်း မဟာဗောဓိပင်အနီး ဂယာရွာကြီး၏တံခါး တံမြတ်ချွေစွန့်ရာ အရပ်ဝယ် နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သောအခါ မြတ်စွာဘုရားကြွလာတော်မူ၍ တရားဟောရာ ကျွတ်တမ်းဝင် သောတာပန် အရိယာအဖြစ်သို့ရောက်လျက်၊ ဘုမ္မစိုးနတ်တို့ စည်းစိမ်ချမ်းသာကို ခံစားကြရလေသည်။

သာတာဂိရိတောင်၌နေသော သာတာဂိရိ နတ်ဘီလူးစစ်သူကြီးနှင့် ဟေမဝတတောင်၌နေသော ဟေမဝတနတ်ဘီလူး စစ်သူကြီးနှစ်ယောက်တို့လည်း တစ်ထောင်သော နတ်ဘီလူးအပေါင်း ခြံရံလျက် မိဂဒါဝုန်တောတွင် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားထံသို့သွား၍ တရားနာကြရာ ကျွတ်တမ်းဝင်ကာ သောတာပန် အရိယာအဖြစ်သို့ ရောက်ကြသည်။ အခြံအရံနတ်ဘီလူးတို့သည် သရဏဂုံ ပဉ္စသီ၌ တည်ကြသည်။

ငါးရာငါးဆယ် နိပါတ်တော်တွင်ပါရှိသည့် ဘီလူးများအကြောင်းကို အပဏ္ဏကဇာတ်တွင် တွေ့ရသည်။

အပဏ္ဏကဇာတ်တွင် ရေမရှိသော ကန္တာရခရီး၌ နေသောဘီလူးတို့သည် ခရီးသည်တို့ကို လှည့်ပတ်ကာ စားကြသည်။

မဟာသီလဝ ဇာတ်တွင် သုသာန်၌ လူသေကောင်ကိုလုနေသော ဘီလူးနှစ်ဦးအား မဟာသီလဝမင်းကြီးက ခွဲဝေပေးရသည်။

ပဉ္စာဝုဓဇာတ်တွင် တောအလယ်၌နေသော သိလေသလောမ်ဘီလူးသည် တောတွင်းသို့လာသောသူတို့ကို ဖမ်း၍ စားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝလာဟကဇာတ်တွင် သီဟိုဠ်ကျွန်း သိရီသဝတ္ထုမြို့၌ နေသော ဘီလူးတို့သည် ကျွန်းသို့လာသောသူတို့ကို ဖမ်း၍စား ကြသည်။

တေလပတ္တဇာတ်တွင် ဗာရာဏသီပြည်နှင့် တက္ကသိုလ် ပြည်အကြား တောအုပ်ကြီး၌နေသော ဘီလူးတို့သည် တော အုပ်ကြီးသို့လာသောသူတို့ကို ဖမ်း၍စားကြသည်။

ဘဂ္ဂဝဇာတ်တွင် ဗာရာဏသီမြို့တော် တံခါးပြင်ဘက်ရှိ ဇရပ်၌နေသော ဘီလူးသည် ဇရပ်တွင်းသို့ဝင်သောသူတို့အနက် ချေဆတ်သောအခါ အသက်ရှည်စေသော် ဆိုသောသူနှင့် တစ် ခန်းတုံ့ပြန်ကာ အသက်ရှည်စေသော် ဆိုသောသူတို့မှတစ်ပါး သောသူတို့ကို စားစေဟု နတ်မင်းကြီးတို့ထံမှ အပိုင်စားရသဖြင့် ထိုဇရပ်တွင်းသို့ ဝင်သောသူတို့ကို စိစစ်၍ စားသည်။

ဂုမ္ဗိယဇာတ်တွင် ဂုမ္ဗိယဘီလူးသည် ဗာရာဏသီပြည် တောအုပ်တစ်ခုဝယ် လမ်းခရီး၌ အဆိပ်ထည့်ထားသော ပျား သကာတို့ကို ကုသိုလ်ပြုသည်ထင်မှတ်အောင်လှည့်ပတ်ကာထား ၍ ၄င်းကိုစားမိသဖြင့် သေသောသူတို့ကို စားသည်။

သုတနဇာတ်တွင် ဗာရာဏသီပြည် တစ်ခုသောညောင် ပင်၌နေသော မဃဒေဝဘီလူးသည် ညောင်ပင်အောက်သို့ဝင် သောသူတို့ကို စားသည်။

ကာကဝလိယသုတ္တေးဝတ္ထုတွင် ရာဇဂြိုလ်မြို့တံခါး အနီးပင်နှစ်ပင်၌နေသော ဒီဃတာလဘီလူးသည် နေဝင်သည်မှ အရုဏ်တက်သည်အထိ မြို့တံခါးမှ ဝင်သောသူ၊ ထွက်သော



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို စားစေဟု ဘုရင်မင်းမြတ်ထံမှ အပိုင်စားရသဖြင့် မြို့တံခါးဝမှဝင်သောသူ ထွက်သောသူတို့ကို စားသည်။

ခုဒ္ဒကပါဠ အဋ္ဌကထာရတနာသုတ်အဖွင့် ဝေသာလီဝတ္ထုတွင် ဝေသာလီပြည်၌ (၁) အစာငတ်မွတ်ခြင်းဘေး၊ (၂) ဘီလူးဘေး (၃) အနာရောဂါဘေး ဟူသော ဘေးကြီးသုံးပါး ဆိုက်ရောက်၍ လူအများသေကြေပျက်စီးသောအခါ မြတ်စွာဘုရားထံ သွားရောက်၍ ပင့်ဖိတ်သဖြင့် ရဟန်းငါးရာနှင့် ကြွလာတော်မူပြီးလျှင် ရတနာသုတ် ပရိတ်တော်ကို ဟောတော်မူရာ ဘေးကြီးသုံးပါး အေးငြိမ်း၍ လူအများအသက်ဘေးမှ ချမ်းသာလေသည်။

နဠကပါနဇာတ်တွင် ဟိမဝန္တာတောအတွင်းရှိ ရေအိုင်တစ်ခု၌နေသော ရက္ခိုသ်ဘီလူးသည် ရေအိုင်အတွင်းသို့ ဆင်းသက်သော သတ္တဝါတို့ကို ဖမ်း၍စားသည်။

ဒေဝဓမ္မဇာတ်တွင် ဟိမဝန္တာတောအတွင်းရှိ ရေအိုင်တစ်ခု၌နေသော ရက္ခိုသ်ဘီလူးသည် ရေအိုင်အတွင်းသို့ ဆင်းသက်သော သူတို့တွင် ဒေဝဓမ္မတရားနှစ်ပါးကို မသိသောသူတို့ကို စားစေဟု နတ်မင်းကြီးတို့ထံမှ အပိုင်စားရသဖြင့် ဆင်းသက်သောသူတို့ကို မေးခွန်းမေးမြန်းစိစစ်၍ စားသည်။

အယကူဋဇာတ်တွင် ဗာရာဏသီမင်းကြီးသည် သတ္တဝါတို့အသက်ကို မသတ်ရဟု စည်လည်စေသဖြင့် ဘီလူးတို့သည် သတ္တဝါတို့၏ အသားအသွေးဖြင့် ပူဇော်သက္ကာရကို မရသောကြောင့် အမျက်ထွက်ကာ ကုမ္ဘဏ်ရက္ခိုသ်ဘီလူးတစ်ဦးကို စေ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရာ ထိုဘီလူးသည် သံတူကြီးကိုကိုင်လျက် ညဉ့်အခါ မင်းကြီး၏ ကျက်သရေတိုက်ခန်းသို့ဝင်၍ မင်းအားသတ်မည် ပြုသောအခါ သိကြားမင်းလာ၍ စောင့်ရှောက်သဖြင့် မသတ်ဝံ့ဘဲ ပြေးရသည်။

သမုဂ္ဂဇာတ်တွင် ဗာရာဏသီပြည် တောအုပ်တစ်ခု၌နေသော ရက္ခိုသ်ဘီလူးသည် တောအုပ်တွင်းသို့ ရောက်လာသောသူတို့ကို ဖမ်း၍စားသည်။

သမ္ဗုလာဇာတ်တွင် ဒါနဝရက္ခိုသ်ဘီလူးသည် နူနာစွဲကပ်သဖြင့် တော၌နေသော သောတ္ထိသေနမင်းသား၏ မိဖုရား သမ္ဗုလာကို သစ်သီးရှာသွားလိုက် ဖမ်း၍စားမည်ပြုသောအခါ သိကြားမင်းလာ၍ ဒဏ်ခတ်သဖြင့် မစားဝံ့ဘဲ ပြေးရသည်။

ပဒကုသလမာဏဝဇာတ်တွင် တောင်ခြေရင်းရှိ လိုဏ်ဂူတစ်ခု၌ နေသော အဿမုခိ ဘီလူးမသည် တောအုပ်အတွင်းသို့ လာသောသူတို့ကို ဖမ်း၍စားသည်။

တစ်နေ့သောအခါ ပုဏ္ဏားလုလင်တစ်ယောက်ကို ဖမ်း၍ ခိုရာ မစားဘဲ ခင်ပွန်းလင်ပြု၍ထားသဖြင့် ပဒကုသလလုလင်ကို မွေးဖွားသည်။ ထိုပဒကုသလလုလင်ကား လူယောကျ်ားနှင့် ဘီလူးမိန်းမ စပ်သောကြောင့် လူစပ်ဘီလူး ဖြစ်သည်။

မဟာဝင်ဝတ္ထုတွင် သီဟိုဠ်ကျွန်း၌ ရှေးဦးစွာ နန်းတက်သော ဝိဇယမင်းကြီးသည် ကုဝဏ္ဏာမည်သော ဘီလူးမကို မိဖုရားမြှောက်သဖြင့် ဇီဝဟတ္ထသားတော်နှင့် ဒီပေလ္လာသမီးတော်တို့ကို မွေးဖွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသားတော်၊ သမီးတော်တို့ကား လူယောကျ်ားနှင့် ဘီလူးမိန်းမစပ်သောကြောင့် လူစပ်ဘီလူးများဖြစ်ကြသည်။

မဟာရာဇဝင်ကြီး ပဌမတွဲတွင် ကုက္ကိုတောင်ပရွာသား သူကြွယ်တစ်ဦး၏ ကျွန်မသည် ယာစောင့်နေရာ အနီးရှိ သစ်ပင်ကြီး၌နေသော ဘုမ္မစိုးနတ်ဘီးလူးနှင့် သံဝါသပြုသဖြင့် သားတစ်ယောက်မွေးဖွားသည်။

ထိုသားကား နောင်အခါ ပုဂံပြည်မင်းငါးဆယ့်ငါးဆက်ရှိသည့်အနက် နှစ်ဆယ့်ခြောက်ဆက်မြောက် မြင်းကျွဲးမင်းဖြစ်လာသည်။

နော်ရထာမင်းစောလက်ထက် ပန်းတော်ဆက်ရာထူးဖြင့် ထမ်းရွက်နေသော သူရဲကောင်း ကုလားဗျတ္တသည် ပုပ္ပားအရပ်မှာ ဘီလူးမနှင့် အိမ်ထောင်ကျသဖြင့် ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ် သားနှစ်ယောက်ကို မွေးဖွားသည်။

ထိုသားနှစ်ယောက်တို့ကား လူယောကျ်ားနှင့် ဘီလူးမိန်းမစပ်သောကြောင့် လူစပ်ဘီလူးများဖြစ်သည်။

ဧယဒိသဇာတ်တွင် သုသာန်၌နေသော ရန်သူဘီလူးမတစ်ယောက်သည် ပဉ္စာလမင်းကြီး၏ မိဖုရားကြီးမှ မွေးဖွားသော ပဌမသားတော်နှင့် ဒုတိယသားတော်တို့ကို စားပြီးလျှင် တတိယသားတော်ကိုကား မစားတော့ဘဲ သားအမှတ် မွေးစားထားသည်။

ထိုပဉ္စာလမင်းကြီး၏ တတိယသားတော်သည် ဘီလူးမထံတွင် လူသားအဖြစ်ကြီးပြင်းလာရကာ မိမိကိုယ်ကို ဘီလူး



www.burmeseclassic.com

www.burmeseclassic.com



စစ်မှတ်ထင်ကာ လူတို့ကို ဖမ်း၍စားလျက်သာနေထိုင်သည်။

စင်စစ်အားဖြင့် သူသည် ဘီလူးမဟုတ်၊ လူဘီလူးသာဖြစ်သည်။

မဟာသုတသောမဇာတ်တွင် ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းသည် လူသားကိုစားသဖြင့် တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရသောကြောင့် တောသို့ဝင်ကာ လူတို့ကိုဖမ်း၍စားနေသဖြင့် လူသားစား ပေါရိသာဒဟု ခေါ်ဝေါ်ကြသည်။

ထိုမင်းလည်း လူဘီလူးပင်ဖြစ်သည်။

နောက်သော် မဟာသုတသောမမင်း တရားဟောသဖြင့် ဗြဟ္မဒတ်မင်းသည် လူသားစားခြင်းကို စွန့်လွှတ်ခဲ့သည်။

အယောဃရ ဇာတ်တွင် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီးမှ မွေးဖွားသော ပဌမသားတော်နှင့် ဒုတိယသားတော်တို့ကို ရန်သူဘီလူးမသည် အတင်းလုယူ၍ စားသည်။

တတိယသားတော်ကို ကိုယ်ဝန်တည်သောအခါ မင်းကြီး၏ မေးမြန်းချက်အရ ဘီလူးတို့မည်သည် သံကို ကြောက် လန့်၏ဟု အမတ်တစ်ယောက် လျှောက်ထားသဖြင့် သံအိမ်ကြီးကိုဆောက်လုပ်စေပြီးလျှင် ထိုသံအိမ်ကြီးအတွင်း၌ မိဖုရားကြီးကို ဖွားမြင်စေရာ ဘီလူးမမစားနိုင်သဖြင့် အသက်ဘေးမှ ချမ်းသာရာရသည်။

ဓမ္မပဒ အဋ္ဌကထာ ကာဠယက္ခိနီ ဘီလူးမဝတ္ထုတွင် သာဝတ္ထိပြည် အမျိုးသမီးတစ်ယောက်မှ မွေးဖွားသော ပဌမသားနှင့် ဒုတိယသားတို့ကို ရန်သူဖြစ်သော ကာဠယက္ခိနီဘီလူးမ



www.burmeseclassic.com

www.burmeseclassic.com


သည် အတင်းလုယူ၍ စားလေသည်။

တတိယသားကို ကိုယ်ဝန်လွယ်ရသောအခါ ဘီလူးမဘေးမှ လွတ်မြောက်ရန် အမျိုးသမီးသည် ခင်ပွန်းလင်နှင့်တကွ သွား၍ ဆွေမျိုးအိမ်၌ မွေးဖွားပြီး သားငယ်ကို ပြန်ခေါ်ဆောင်လာရာ လမ်းခရီးတွင် ဘီလူးမအတင်းလိုက်လာသည်ကို မြင်လျှင် မြတ်စွာဘုရားတရားဟောရာ ကျောင်းတော်သို့သွား၍ မြတ်စွာဘုရား တရားဟောရာ ကျောင်းတော်သို့ အရောက်သွားကြသည်။

အမျိုးသမီးသည် မိမိ၏သားငယ်ကို မြတ်စွာဘုရားရှေ့တော်တွင်ချကာ "အရှင်ဘုရားအား ဤသားငယ်ကို လှူဒါန်းပါ၏။ သားငယ်၏ အသက်ကို ကယ်တော်မူပါဘုရား"

ဟုလျှောက်ထားလေသည်။

ဘီလူးမလိုက်သောအခါ မြတ်စွာဘုရား၏ တရားတော်ကိုကြားနာရသဖြင့် ကျွတ်တမ်းဝင်ကာ သောတာပန်အရိယာအဖြစ်သို့ ရောက်လေသည်။

ပါရမီကထာ အဋ္ဌကထာ ဗာဟိရ နိဒါန်းတွင် သမုဒ္ဒရာအနီးရှိ သုဝဏ္ဏဘူမိသထုံပြည် သီရိမာသောကမင်း၏ နန်းတော်၌ မွေးဖွားတိုင်းသောသားတို့ကို သမုဒ္ဒရာ၌နေသော ရက္ခိုသ်ဘီလူးမသည် လာ၍စားလေ့ရှိ၏။

တတိယသင်္ဂါယနာတင်ပြီးနောက် သောဏထေရ်နှင့် ဥတ္တရထေရ်တို့ ရောက်လာသောနေ့၌လည်း နန်းတော်၌ သားဖွားခိုက်ကြုံသဖြင့် ရက္ခိုသ်ဘီလူးမသည် အရံငါးရာနှင့်တကွ


www.burmeseclassic.com

www.burmeseclassic.com


စားမည်ဟု လာပြန်ရာ ဘီလူးတို့ရန်ကို နှိမ်နင်းရန် လက်နက်ကိုယ်စီကိုင်၍ လာကြသောလူတို့ လျှောက်ထားသဖြင့် မထေရ်တို့သည် ထိုရက္ခိုသ်ဘီလူးတို့ထက် နှစ်ဆကြီးသော ကိုယ်ရှိသော မနုသိဟသဏ္ဌာန်ဖန်ဆင်း၍ လိုက်သောကြောင့် ဘီလူးတို့ ထွက်ပြေးကြသည်။

မထေရ်တို့က ဗြဟ္မဇလသုတ်ကို ဟောသဖြင့် အကျွတ်တရားရကြသည်။

နန်းတော်၌ မွေးဖွားသော သားကိုလည်း မထေရ်တို့တန်ခိုးကြောင့် အသက်ချမ်းသာရာရသည့်အတွက် မထေရ်တို့၏ အမည်ကိုယူ၍ သောနုတ္တရသတို့သားဟု အမည်မှည့်ကြသည်။

မဟာရာဇဝင်တော်ကြီး ပဋ္ဌမတွဲတွင် ပုဂံပြည်၊ နော်ရထာမင်းစောသည် လယ်တွင်းကိုးခရိုင်မှ ပြန်လာ၍ ပုဂံမြို့သရဖာတံခါးသို့ ရောက်သောအခါ မုဆိုးတစ်ယောက်သည် အောင်သာဖြစ်ခြေအရပ်၌ စက္ခုပါလကျွဲရိုင်းသည် လူတို့ကို နှိပ်စက်၍ နေပါသည်ဟု လျှောက်ထားသည်။

မင်းကြီးသည် မြို့တော်သို့ မဝင်သေးဘဲ "ငါဆင်နှင့်တိုက်သတ်မည်" ဟု မိန့်ဆိုကာ ဆင်တော် သန်မြင်စွာကိုစီးလျက် စစ်သည်ဗိုလ်ပါနှင့်တကွ ကျွဲရိုင်းကိုလိုက်တော်မူသည်။

ထိုအခါ ကျွဲရိုင်းသည် ဆင်ထက်တွင် စီးနေသော မင်းကြီးကို ခတ်လိုက်ရာ မင်းကြီး နတ်ရွာစံတော်မူသည်။

အဆိုပါ ကျွဲရိုင်းကား ကျွဲစစ်မဟုတ်၊ ရန်သူဖြစ်ဘူးသော


www.burmeseclassic.com

www.burmeseclassic.com



လိန်ပင်စောင့်နတ်က ကျွဲယောင်ဆောင်၍ ခတ်ခြင်းဖြစ်သည်။

ဤအဖြစ်အပျက်၌ နတ်ဆိုသော်လည်း နတ်ဘီလူး ဖြစ်သည်ဟု ယူဆနိုင်သည်။ ဤနတ်ဘီလူးသည် ကျွဲယောင် ဆောင်ထားသောကြောင့် ကျွဲနတ်ဘီလူးဟု ဆိုနိုင်သည်။

အထူးသဖြင့် ဘုရင်မင်းမြတ်များ နတ်ရွာစံခါနီး၌သော် လည်းကောင်း၊ နန်းကျခါနီး၌သော်လည်းကောင်း ဘီလူးရယ် သည်၊ ဘီလူးကိုယ်ထင်ပြသည်ဟု အဆိုရှိသည်။

ထိုသို့ဖြစ်ခြင်းကို ဗုဗ္ဗနိမိတ်ဟု ယူဆကြသည်။

ဓမ္မပဒ အဋ္ဌကထာ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထုတွင် သုပ္ပဗုဒ္ဓသူ သည် တစ်နေ့သောအခါ မြတ်စွာဘုရား တရားတော်ကို နာရ၍ ကျွတ်တမ်းဝင်ကာ သောတာပန် အရိယာအဖြစ်သို့ ရောက်ပြီး လျှင် မြတ်စွာဘုရားထံတော်မှ ပြန်လာရာ ရှန်သူဖြစ်ဘူးသော ဘီလူးမသည် သားသည်အမိ နွားမယောင်ဆောင်၍ ဖေ့သဖြင့် အနိစ္စရောက်ရသည်။

ထို့ပြင် ထိုဘီလူးမသည်ပင်လျှင် နွားမယောင်ဆောင်၍ ဖေ့သဖြင့် ပက္ကုသာတိအမျိုးသား၊ ဗာဟိယ ဒါရုစိရိယ၊ တမ္ဗဒါဌိက ခိုးသူသတ်တို့လည်း အနိစ္စရောက်ကြရသည်။

ဤဘီလူးမကို နွားယောင်ဆောင်သောကြောင့် နွား ဘီလူးမဟု ဆိုထိုက်သည်။

ဇာတက သုဓာေကြီးဝတ္ထုတွင် ဇာတက သုဓေကြီး ၏ အိမ်၌ တံတိုင်းခုနစ်ထပ်တို့၏ လေးမျက်နှာတို့တွင် ပဍ္စမ တံခါးမုခ်ဝ၌ ကောင့်ကနတ်ဘီလူးသည် အရုပ်စိတ်ထောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စောင့်၏။

ဒုတိယတံခါးမုခ်ဝ၌ ဥပ္ပလနတ်ဘီလူးသည် အရံ နှစ်ထောင်နှင့်စောင့်၏။

တတိယတံခါးမုခ်ဝ၌ ဝဒိရနတ်ဘီလူးသည် အရံ သုံးထောင်နှင့်စောင့်၏။

စတုတ္ထတံခါးမုခ်ဝ၌ ဝဇိရဗာဟုနတ်ဘီလူးသည် အရံ လေးထောင်နှင့်စောင့်၏။

ပဉ္စမတံခါးမုခ်ဝ၌ သံကနနတ်ဘီလူးသည် အရံ ငါးထောင်နှင့်စောင်၏။

ဆဋ္ဌမ တံခါးမုခ်ဝ၌ ကဋ္ဌုဋ္ဌ နတ်ဘီလူးသည် အရံ ခြောက်ထောင်နှင့်စောင့်၏။

သတ္တမတံခါးမုခ်ဝ၌ ဒိသာပါမောက္ခ နတ်ဘီလူးသည် အရံခုနစ်ထောင်နှင့် စောင့်၏။

ဤစကားကိုထောက်ထားသဖြင့် အခြားနေရာဌာနတို့၌လည်း ထိုက်သည်အားလျော်စွာ နတ်ဘီလူးများစောင့်သည်ဟု ယူဆသင့်လေသည်။

ဘုရင်မင်းမြတ်တို့၏ နန်းတော်၌၎င်း၊ မြို့တော်၌၎င်း၊ ကျောင်းကန်ဘုရား၊ တန်ဆောင်းစသော အဆောက်အအုံများ၌၎င်း၊ အပြောက်အမွမ်းသဘောဖြင့်၎င်း၊ အစောင့်အရှောက်သဘောဖြင့်၎င်း ဘီလူးရုပ်လုံးများ ထုလုပ်ထားသည်ကို တွေ့မြင်ရသည်။

ထုလုပ်ပုံမှာ အများအားဖြင့် နတ်ဝတ်တန်ဆာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ယာဒူးဆောင်၊ လက်ဝဲဒူးချ၊ လက်ယာလက်က သန်လျက်ခွဲ၊ လက်ဝဲလက်ထောက်၊ ဗောင်းသရဖူးဆောင်းလျက်ဖြစ်သည်။

အထူးအားဖြင့် ဘီလူးတို့သည် လူယောင်ဖန်ဆင်း၍နေသော်လည်း လူစစ်နှင့်မတူပေ။ ထူးခြားသောအရာတို့မှာ -

(၁) မျက်စိနီခြင်း (၂) မျက်စိမမှိတ်ခြင်း (၃) အရိပ်မထွက်ခြင်း (၄) မကြောက်ရွံ့ခြင်း ဟူ၍ လေးပါးဖြစ်သည်။

ထို့ပြင် (၅) မသနားခြင်း (ရက်စက်ခြင်း)ကို ထည့်သွင်းပါက ငါးပါးဖြစ်သည်။

ထိုလေးပါး၊ ငါးပါးသော ထူးခြားချက်ကို ကြည့်ရှုဆင်ခြင်၍ ဤသူကား လူစစ်မဟုတ် လူယောင်ဖန်ဆင်းနေသော ဘီလူးဖြစ်ကြောင်း သိနိုင်သည်။

ယခုဖော်ပြခဲ့သည့် ဘီလူးများအပြင် ဥရောပတိုက်၊ အာရှတိုက်တို့မှ နိုင်ငံအသီးသီး၊ လူမျိုးအထွေထွေ၏ ထုံးဟောင်းပုံပြင်များတွင်လည်း လူမျိုးအလိုက်၊ ဒေသအလိုက် ဒဏ္ဍာရီ ဘီလူးအမျိုးမျိုးရှိကြသည်။

ဥရောပ မြောက်ပိုင်းနိုင်ငံများ၏ ထုံးဟောင်းပုံပြင်များမှ ဘီလူးများသည် ဂရိဘီလူးများထက်ပင် အဆင့်အတန်း မြင့်သည်။

စကန်ဒီနေးဗီးယန်းထုံးဟောင်းပုံပြင်တွင် ကမ္ဘာဦး ပထမ စတင်ပေါ်ပေါက်သော သတ္တဝါသည် အီမီးယား အမည်ရှိ ဘီလူးကြီးဖြစ်၍ နှင်းဘီလူးမျိုးကို စတင်ခဲ့သူဆိုသည်။

သိပ္ပံပညာရပ်ထွန်းကားလာသောခေတ်တွင် သိပ္ပံပညာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်များက ထုံးဟောင်းပုံပြင်ပါ ဘီလူးများကို အယုံအကြည်မရှိကြချေ။

သို့သော် အချို့လူများသည် လူသာမန်တို့ထက် အဆတန်ကိုယ်လုံးကိုယ်ထည်ကြီးမားလှ၍ ယင်းတို့ကို ဘီလူးဟုခေါ်ကြသည်။ သို့သော် ဒဏ္ဍာရီပုံပြင်ပါ ဘီလူးများကဲ့သို့ တန်ခိုးမ်းအား ရှိသည်ဟုကား မယူဆချေ။

အထက်ပါအကြောင်းများကို လေ့လာကြည့်သောအခါတွင် နှစ်ပေါင်းများစွာကတည်းကပင် ဘီလူးတို့သည် လူတို့နှင့်ဆက်နွယ်ပတ်သက်မှုရှိကြောင်း သိထားနိုင်ပေသည်။ ထို့ကြောင့်ကျောက်ဘီလူးတောင်၌ရှိသော သိုက်စောင့်ဘီလူးသည် လူသားတို့နှင့် ဆက်နွယ်ပတ်သက်မှုရှိသည်ကတော့ မထူးဆန်းတော့ပါချေ...။

ရှေ့အခန်းများမှာတော့ ကျောက်ဘီလူးတောင်နှင့် ပတ်သက်သည့် ထူးခြားဆန်းကြယ်မှုများအကြောင်းကို ဆက်လက်ရေးသားပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၄]

# နီမောင်နှင့် တောင်စောင့်ဘီလူး

တနင်္သာရီမြစ်နှင့် ပင်လယ်ကမ်းရိုးတန်းရှိသော နေရာများတွင် လူနေထိုင်မှုမရှိလှပေ။ တောင်နှင့် တောနက်ကြီးများကသာ နေရာယူထားကြလေသည်။

တနင်္သာရီတိုင်းတွင် လူနေထိုင်မှု အများဆုံးပင်လယ်ကမ်းခြေနှင့်နီးသော ကမ်းမြောင်ဒေသတစ်ဝိုက်တွင်ဖြစ်သည်။

ထို့ပြင် ပင်လယ်ပြင်၌ ရှိကြသော ကျွန်းများ၌လည်း အနေများကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္သာရီ၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း စသော မြို့များနှင့်နီးသော ပင်လယ်ပြင်၌ ကျွန်းကြီး ကျွန်းငယ်ပေါင်း ခြောက်ရာကျော်ရှိကြလေသည်။ ၎င်းကျွန်းများကို မြိတ်ကျွန်းစုများဟု ခေါ်ဝေါ်ကြကာ ရာပေါင်းများစွာရှိပေသည်။

ထိုကျွန်းများပေါ်၌လည်း လူနေထိုင်မှုများပေသည်။ အဘယ်ကြောင့်ဆိုသော် သွားလာရေး လွယ်ကူပြီး သားငါးပုစွန် ပေါလှသောကြောင့် ဖြစ်သည်။

ကျွန်းများပေါ်၌ သစ်ပင်စိုက်လျှင်လည်း ဖြစ်ထွန်းသည်၊ ပင်လယ်ပြင်ထွက်ပြီး ငါးရှာလျှင်လည်း အရများသည်။ အချိန် မရွေး၊ ရာသီမရွေး ဝမ်းစာရှာဖွေရန် လွယ်ကူကြသောကြောင့် လည်း ကျွန်းစုများပေါ်မှာလည်း နေထိုင်ကြသူများသည်။

ပင်လယ်ကမ်းခြောင်ဒေသမှာလည်း နေထိုင်သူ လူဦး ရေများလေသည်။ လူနေထိုင်မှု နည်းပါးသော နေရာများကတော့ အရှေ့ဘက်ဟုခေါ်သော ကုန်းတွင်းပိုင်းဒေသများဖြစ်ကြလေ သည်။

ထိုနေရာများမှာ သစ်တောကြီးများ ထူထပ်ခြင်း၊ တောင်မြင့်ကြီးများရှိခြင်း၊ စိုက်ပျိုးရန်အတွက်မြေပြန့်လွင်ပြင် နည်းပါးခြင်း၊ သွားလာရေးခက်ခဲခြင်း၊ သားရဲတိရစ္ဆာန်ပေခြင်း၊ အခြားအန္တရာယ်ပေးနိုင်သော အသားစား ပဒူကျင်းများရှိခြင်း၊ မျှော့၊ ကျွတ်၊ ခြင် စသော အကောင်သေးသေးသော်လည်း ဒုက္ခ များစွာဒုက္ခပေးနိုင်သော သတ္တဝါများပေါခြင်း၊ ရာသီဥတုဆိုးဝါး ခြင်း စသောအချက်များကြောင့် ကုန်းတွင်းပိုင်းတွင် နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သူနည်းပါးခြင်း ဖြစ်ပေသည်။

ပင်လယ်ကမ်းခြေမှာနေလျှင် ငါးပုစွန်ရရန် လွယ်ကူပြီး ကုန်းတွင်းပိုင်းမှာနေလျှင် ငါးပုစွန်မရနိုင်ပေ၊ သို့ကြောင့် မနေချင်ကြပေ။ သို့သော် တနင်္သာရီ မြစ်ကမ်းနှင့်နီးသော နေရာများမှာတော့ နေထိုင်သူများရှိသည်။ ရွာကြီးရွာငယ်များရှိသည်။

ထိုနေရာဘက်ရောက်ပြန်တော့ သွားလာရေး လွယ်ကူပြီး သီးနှံစိုက်ပျိုး၍လည်းရသည်။

ဒူးရင်း၊ ပိန္နဲ၊ သရက်၊ ဒညင်း၊ မရမ်း၊ အုန်းပင်၊ ကွမ်းသီးဝင်၊ ရာဘာပင်၊ မနိုပင်များစိုက်လျှင် များစွာဖြစ်ထွန်းလေသည်။

နေထိုင်သူအများစုကတော့ ကမ်းစပ်လဟာပြင် တလျှောက်တွင် မနိုတောများ စိုက်ပျိုးထားပြီး ကမ်းပေါ်မှာတော့ အုန်းပင်၊ ကွမ်းသီးပင်များ စိုက်ပျိုးထားကြသည်။

ထိုအချိန်က ဆီထွက်အုန်းနှင့် ရာဘာစိုက်ပျိုးလျှင် ဝင်ငွေရနိုင်ခြင်းမရှိကြသေးသဖြင့် တကူးတကစိုက်ပျိုးသူတော့ မရှိကြပေ။ အလေ့ကျပေါက်နေသည့် ရာဘာတောများသာရှိသည်။ တနင်္သာရီမြစ်ကမ်းနှင့် နီးသည်ကတစ်ကြောင်း၊ ယိုးဒယားနယ်စပ်နှင့်လည်း သွားလာရေးမဝေးလှသောကြောင့် နေထိုင်ကြသော ရွာများရှိကြခြင်းပင်ဖြစ်ပေသည်။

တနင်္သာရီမြစ်မှာ အလျားရှည်လှသောမြစ်ကြီးတစ်စင်းဖြစ်သည်။ ထိုမြစ်ကမ်းတစ်လျှောက်တွင် အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းတို့တွင် ရွာများရှိကြသည်။

အရှေ့ဘက်ကမ်းတွင်ရှိကြသော ရွာကြီးရွာငယ်တို့တွင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ညီရွာ၊ ထိန်ပင်ကုန်းရွာနှင့် ကျွန်းညီရွာတို့မှာ ရွာကြီးများ ဖြစ်ကြလေသည်။

အနောက်ဘက်ကမ်းတလျှောက်မှာ ရှိကြသော ရွာများ အနက် မိုးမခရွာ၊ ပျဉ်းမကုန်းရွာ၊ မရမ်းတောရွာ စသည်တို့မှာ ရွာကြီးများဖြစ်ကြသည်။ အနောက်ဘက်ကမ်းတွင်နေကြသော ရွာကြီးများအနက် မိုးမခရွာမှာ အိမ်ခြေအများဆုံးရှိလေသည်။

သုံးရွာပေါင်းတစ်ကျောင်း ဆိုသကဲ့သို့ အခြားနှစ်ရွာတွင် ဘုန်းကြီးကျောင်းမရှိပဲ မိုးမခရွာ၌သာ ဘုန်းတော်ကြီးကျောင်း ရှိသည်။ ထိုကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးမှာ ဦးပုညဖြစ်ပြီး ထားဝယ်လူမျိုးဖြစ်သည်။

စကားပြောလျှင်သော်လည်းကောင်း၊ တရားဟောလျှင် သော်လည်းကောင်း စကားမပီသော်လည်း သူ့အရပ်နှင့် သူတော့ အဆင်ပြေသည်။

သုံးရွာပေါင်းမှ ဘုန်းကြီးကျောင်းတစ်ကျောင်းသာ ရှိသောကြောင့် အခြားရွာများမှ သာရေးနာရေး၊ အလှူအတန်း ကိစ္စများရှိလျှင် မိုးမခရွာကျောင်းမှ ဘုန်းကြီးများကို လာပင့်ကြ ရသည်။

ရှင်ပြုပွဲ၊ ကထိန်ပွဲ၊ ဘုရားပွဲကဲ့သို့ ပွဲကြီးများပြုလုပ်ကြ လျှင်တော့ ထိုကျောင်းမှာပင် လာလုပ်ကြလေသည်။ ကျောင်း တွင် ကျောင်းထိုင်တစ်ပါး၊ ဦးပဇ္ဇင်းနှစ်ပါးနှင့် ကိုရင်ငယ်များရှိ သည်။

ဆွမ်းကွမ်းဝေယျာဝစ္စ စီစဉ်ပေးသော ကပ္ပိယကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လည်းရှိသည်။ ဦးဗန်ကောင်းပင်ဖြစ်သည်။

ဦးဗန်ကောင်းက ကပ္ပိယတစ်ပိုင်း၊ ဆေးဆရာတစ်ပိုင်း ဖြစ်သည်။

ရွာထဲမှာ နေထိုင်ကြသူများ ရောဂါရလျှင် ဆေးကုပေးသည်။ အလုပ်မရှိလျှင်တော့ ဖိုခန်းထဲဝင်ပြီး ဖိုထိုးနေတတ်သည်။ ထားဝယ်လူမျိုး ကျောင်းထိုင်ဘုန်းကြီး ဦးပုညမှာ ရှေးဟောင်းအစီအရင်ပညာများ၊ ဆေးပညာ၊ အဂ္ဂိရတ်ပညာများကို တတ်ကျွမ်းသောကြောင့် ဦးဗန်ကောင်းအား သင်ကြားပေးထားခဲ့ခြင်းဖြစ်သည်။

မိုးမခရာမှာ အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး ရွာလူကြီးအုပ်ချုပ်သော ရွာတစ်ရွာဖြစ်သည်။

ရွာလူကြီးမှာ ဦးမွန်ထော်ဖြစ်သည်။

နေထိုင်သူအများစုကတော့ ခနိုခြံ၊ အခြားသီးပင်စားပင်ခြံများ စိုက်ပျိုးခြင်း၊ လယ်လုပ်ခြင်း၊ တောထဲဝင်၍ အမဲလိုက်ခြင်း၊ ရွှေငွေသတ္တုများရှာဖွေခြင်း၊ မြစ်ထဲဆင်းပြီး ငါးရှာခြင်း၊ လှေအငှားလိုက်ခြင်း၊ အထမ်းလိုက်ခြင်း စသော ဒေသနှင့်ကိုက်ညီသော အလုပ်များကို အဆင်ပြေသလို လုပ်ကိုင်စားသောက်ကြလေသည်။

လှေအငှားလိုက်ခြင်းမှာ သစ်ပေါသည့်အရပ်ဖြစ်သော ကြောင့် လှေကြီးလှေငယ်များစပ်ထားပြီး တနင်္သာရီမြစ်ထဲတွင် ကုန်ပစ္စည်းများ တစ်နေရာမှ တစ်နေရာသယ်ယူလိုပါက အငှားလိုက်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်ကမ်း၊ အနောက်ဘက်ကမ်းသို့ ကူးသန်းလိုလျှင်လည်း ပို့ပေးကြသည်။

အထမ်းလိုက်ခြင်းကတော့ ယိုးဒယားဘက်နှင့် ကုန်အရောင်းအဝယ်သွားလာသူတို့က ငှားရမ်းလျှင် ပစ္စည်းထုပ်များကို ခြင်းတောင်းများ၊ အိတ်များဖြင့် ထည့်၍ ထမ်းကာ လိုသောနေရာသို့ သယ်ဆောင်ပေးရသော အလုပ်များဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ နေကြသော ရှာသားအချို့ပင် ငွေကြေးချောင်လည်သောအခါ ယိုးဒယားနယ်စပ်သို့ သွားကာ မှောင်ခိုကုန်အရောင်းအဝယ်များ ပြုလုပ်ကြသည်မျိုးရှိကြသည်။

သို့သော် လူတိုင်းတော့ မလုပ်နိုင်ကြပေ...။

ထိုနယ်တစ်ဝိုက်မှာ ဒီရေတက်သောပင်လယ်ဒေသဖြစ်သောကြောင့် ရေချိုရှားပါးသည်။ သို့ကြောင့် ဆန်စပါးစိုက်ပျိုးရသည်မှာ အခက်ခဲဆုံး ဖြစ်လေသည်။

ဆန်စပါးစိုက်ပျိုးရန် မြေပြန့်ကျယ်မရှိသောကြောင့် သင့်တော်သော မြေပြန့်နေရာမျိုးတွေ့လျှင် ထိုနေရာများမှာရှိသော သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ပြီး စပါးစိုက်ပျိုးကြရသည်။

ထိုသို့ စိုက်ပျိုးခြင်းကို 'တောတိုးခြင်း' ဟုခေါ်ကြသည်။ တောတိုးပြီးလယ်စိုက်ရသည်မှာလည်း မလွယ်လှပေ။ မြေဩဇာကောင်းသောနေရာများဖြစ်သောကြောင့် မထွန်မယက်ပဲ စပါးစိုက်၍ရသော်လည်း အပျက်အဆီးကများသည်။

စပါးပင်ဘဝမှာပင် ဂဏန်းညှပ်၍ ပျက်စီးခြင်း၊ ခရ



www.burmeseclassic.com

www.burmeseclassic.com


ကိုက်၍ ပျက်စီးခြင်းမျိုး ကြုံရသည်။

အသီးမှည့်ပြန်တော့လည်း ကြက်တူရွေးအုပ်များ၊ မျောက်အုပ်များ လာရောက်ဖျက်ဆီးစားသောက်ကြသဖြင့် ပျက်စီးကြရပြန်သည်။

သို့ကြောင့် တောနှင့်နီးသောနေရာများတွင် တောတိုးပြီး လယ်လုပ်ရသောကိစ္စမှာလည်း စင်စစ်တော့ လွယ်ကူသောကိစ္စမျိုးမဟုတ်ပေ။ သို့သော်လည်း ထိုအရပ်တွင် ဆန်စပါးရှားပါးသောကြောင့် ဆန်စပါးရလျှင် တန်ဖိုးရှိသည်။

ဈေးကောင်းရသည်။

ထို့ကြောင့် အခက်အခဲအပျက်အဆီးများရှိကြသော်လည်း ဇွဲကောင်းကောင်းနှင့် တောတိုးပြီး လယ်လုပ်နေကြသူများလည်းရှိကြသည်။

ထိုအထဲတွင် နီမောင်တို့ မိသားစုများလည်း ပါဝင်ကြလေသည်။ နီမောင်တို့ မိသားစုက မိုးမခရွာမှာနေကြသူများဖြစ်သည်။ မိခင်နှင့်ဖခင်မှာ ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ဖြစ်ကြပြီး နီမောင်မှာ ညီတစ်ယောက်ရှိသည်။

နီမောင်က (၂၅)နှစ်အရွယ်ရှိနေပြီး ညီဖြစ်သူ ရင်မောင်က (၁၅)နှစ်လောက်သာ ရှိသေးသည်။ သို့သော် ယခုအရွယ်ရောက်သည်အထိ ရင်မောင်မှာ ရှင်မပြုရသေးပေ။

နီမောင်မှာ ညီဖြစ်သူကို လူပျိုလူရွယ်ဘဝ မရောက်မီ ရှင်ပြုပေးချင်သောကြောင့် ရသမျှအလုပ်ကို ကြိုးစားလုပ်ကိုင်ကာ ငွေစုဆောင်းနေခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့ပိုင်သောခြံမှာ အတော်ကလေးကျယ်သည်။ ခြံထဲတွင် အုန်းပင်၊ ကွမ်းသီးပင်၊ မရမ်းပင်၊ ဒူးရင်း၊ ပိန္နဲ၊ ငှက်ပျောပင် စသော သီးပင်စားပင်များရှိသည်။ အနောက်ဘက်ကမ်းခြေ တလျှောက်မှာတော့ သူတို့ပိုင်ဆိုင်သော ဓနိတောများရှိသေးသည်။

သို့သော် စပါးစိုက်ရန်လယ်ကွက်ကတော့ များများမရှိပေ၊ သူတို့အရပ်ဒေသတွင် နေကြသူအတော်များများမှာ အခြားအသီးအနှံစိုက်ပျိုးသောခြံနှင့်မြေကွက်များကျယ်ကျယ်ဝန်းဝန်းရှိကြသော်လည်း ဆန်းစပါးစိုက်ပျိုးရန် လယ်မြေကွက်ကတော့ များများမရှိကြပေ။ အဘယ်ကြောင့်ဆိုသော်...

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ကျောက်တောင်နှင့် သစ်တောများကသာ နေရာအနှံ့ရှိနေပြီး မြေပြန့်ကျယ်ကျယ် မရှိသောကြောင့်ပင်ဖြစ်၏။

ဆန်းစပါးစိုက်ပျိုးရန် မြေကွက်ပိုင်ဆိုင်ထားကြသူတို့မှာ တောင်နှင့် တောင်ကုန်းများတို့ကို ခုတ်ထွင်ဖယ်ရှားပြီးမှ လယ်ကွက်ရထားကြသူများဖြစ်ကြသည်။

အချို့ကလည်း ကိုယ်တိုင်တောခုတ်ပြီး လယ်ကွက်ရအောင် ဖော်သည်။ ငွေကြေးရှိသူများကျတော့လည်း အလုပ်သမားများကို အခငွေကြေးပေးပြီး တောခုတ်ခိုင်းကြသည်။

သို့ကြောင့် လယ်ကေများများ မရှိကြခြင်းဖြစ်၏။

နီမောင်တို့မိသားစုမှာလည်း ဆန်စပါးစိုက်ပျိုးရန် မြေကွက် အချို့ရှိသည်။ များများစားစားတော့မရှိပေ။

သို့ကြောင့် နွေရာသီရောက်သည်နှင့် အခြားအလုပ်များ



www.burmeseclassic.com

www.burmeseclassic.com


မရှိသောခါ လယ်ကွက်ဖော်ရန်အတွက် တောခုတ်သွားကြသည်။

တောခုတ်ရန်အတွက် သွားရပြန်တော့လည်း ရွာများနှင့် နီးသောနေရာများမှာတော့ တောခုတ်စရာမြေမရှိတော့ပေ။

ရွာနှင့်ဝေးသော နေရာများမှာပင်ရှိသဖြင့် ထိုနေရာရောက်အောင်သွားခုတ်ကြရသည်။

တောင်ကုန်းများသောနေရာ၊ တောထူထပ်သောနေရာများကို အခြားသူများက ရှောင်ကွင်းသွားကြသည်။

ထို့ပြင် နယ်မြေကြမ်းသော နေရာများ၌လည်း မလုပ်ချင်ကြပေ။ ထိုနေရာများကတော့ ကျန်နေတတ်သည်။

မြေပြန့်ကျယ်ကျယ်များရှိသေးသော်ည်း အခြားသူများ မလုပ်ဝံ့သောကြောင့် ကျန်နေသော နေရာအချို့ရှိသည်။ မြေကြမ်းသဖြင့် မလုပ်ဝံ့ကြသောနေရာများထဲတွင် ကျောက်ဘီလူးတောင်နှင့်နီးသော နေရာတစ်ဝိုက်မှ မြေကွက်များလည်းပါဝင်လေသည်။

ထိုနေရာများမှာ အခြောက်အလှန့်၊ အနှောက်အယှက်များလှသောကြောင့် မည်သူမှ မလာဝံ့သောနေရာများဖြစ်သည်။

တောခုတ်သူတို့မှာ မြွေလိုက်သဖြင့် ပြေးကြရခြင်း၊ ကျားထွက်ဆွဲသဖြင့် ပြေးကြရခြင်း၊ အချို့လည်း တောထဲမှ ဆင်ရိုင်းများထွက်လာပြီး နှောက်ယှက်သဖြင့် လူလွတ်ထွက်ပြေးကြရသည်။

ထို့ထက်ပိုဆိုသည်က မြေကွက်ဖော်နေစဉ်မှာပင် သဲရဲသဘက်များ ခြောက်လှန့်သဖြင့် မနေနိုင်ကြသဖြင့် ထွက်ပြေး


www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

ထို့ထက်ပိုဆိုးသည်က မြေကွက်ဖော်နေစဉ်မှာပင် သရဲသဘက်များ ခြောက်လှန့်သဖြင့် မနေနိုင်သဖြင့် ထွက်ပြေးကြရသည်။ အခြားနေရာများသို့ ရွှေ့ပြောင်းကြရသည်။

ထို့ကြောင့် ကျောက်ဘီလူးတောင်နှင့် နီးသောနေရာတစ်ဝိုက်မှာရှိကြသော မြေကွက်များကို မည်သူမှလာရောက်မလုပ်ဝံ့ကြခြင်းဖြစ်၏။

နီမောင်က အခြားသူများမလုပ်ဝံ့သော မြေကွက်များကို လယ်ကွက်ဖော်ရန် ပြင်ဆင်နေသည်။

ထိုသို့ပြင်နေစဉ် ဖခင်ဖြစ်သူကမေးသည်။

"မင်း ကျောက်ဘီလူးတောင်နားက မြေကွက်တွေ ဖော်မလို့လား"

"ဟုတ်တယ်အဖေ"

"နေရာကတော့ ဘယ်သူမှ မလုပ်ဝံ့တဲ့၊ လုပ်ရင်လည်း အဆင်မပြေတဲ့နေရာကြမ်းပဲ"

"အခြေအနေကြည့်လုပ်ပါ့မယ်၊ ကျွန်တော်မကြောက်တတ်ပါဘူး အဖေ.."

"သတိထားပြီးလုပ်၊ ဘယ်နေရာမှာပဲနေနေ ဘာပဲလုပ်လုပ် ဘုရားတရားသံဃာရတနာ သုံးပါးကိုစိတ်ထဲက မမေ့နဲ့"

"ဟုတ်ကဲ့"

သွားမည့်မနက်ရောက်တော့ အမေက ထမင်းနှင့် ဟင်းများကို ချိုင့်ဟောင်းတစ်လုံးဖြင့် ထည့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သောက်ရေအတွက် ရေဗူးများပါထည့်ပေးလိုက်သည်။ သူသွားတော့ ညီဖြစ်သူ ရင်မောင်ကိုပါ ခေါ်သွားလေသည်။

ရင်မောင်က (၁၅)နှစ်သားပင် ဖြစ်သော်လည်း လူကောင်က လူပျိုပေါက်တစ်ယောက်ကဲ့သို့ ထွားကျိုင်းသန်မာသူဖြစ်သည်။ ထို့ပြင် သတ္တိကလည်း မခေလှပေ။

နီမောင်အလုပ်သွားတိုင်း အဖော်လိုက်ပေးလေ့ရှိသည်။

လယ်ထဲသွားသည်ဖြစ်စေ..ငါးဖမ်းဆင်းသည့်အခါဖြစ်စေ အဖော်အဖြစ် အားကိုးရသူဖြစ်လေသည်။

ယခုလည်း ညီအစ်ကိုနှစ်ယောက် တောခုတ်ရန်အတွက် ဓါးက်တူး၊ တူးရွင်း၊ လွှ၊ ဓါး၊ ပေါက်ဆိန်စသော လက်နက်ကိရိယာများပါ တစ်ပါတည်းယူဆောင်ကာ ကျောက်ဘီလူးတောင်ဘက်သို့ သွားကြလေသည်။

"အစ်ကို အခုဘယ်နေရာသွားမှာလဲ"

"ကျောက်ဘီလူးတောင်"

"အဲဒီနေရာက သူများတွေ မသွားဝံ့ကြဘူးမဟုတ်လား"

"ဒါပေမယ့် အဲဒီနေရာမှာက မြေကွက်ကျယ်ကျယ်တွေအများကြီးရှိတယ်ကွ၊ ငါတို့မိသားစု စားဖို့အတွက်ဆိုရင်တော့ သောက်မလိုပါဘူး၊ အခုလိုလုပ်ရတာ မင်းကိုရှင်ပြုပေးချင်လို့ ညီလေးရ"

နီမောင်ကပြောတော့ ရင်မောင်ကမေးသည်။

"ကျွန်တော်တို့ ဘယ်တော့ ရှင်ပြုပေးမှာလဲဟင်"

"ဒီမြေကွက်တွေသာ ငါတို့လုပ်လို့အဆင်ပြေရင်တော့



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ် နှစ်နှစ်လောက်ဆိုရင် ရည်ရွယ်ချက်ပြည့်မှာပါ..”

ဟုပြောတော့ ရင်မောင်လည်း ကျေနပ်သွားဟန်ရှိ သည်။ သူ့အတွေးမှာည်း မောင်ရင်လောင်းအဖြစ်နှင့် ပြင်ဆင် ထားချိန်တွင် အနားမှာ လူပျိုများ၊ အပျိုချောများဝန်းရံနေကြမည် ကိုပင် မြင်ယောင်နေမိလေသည်။

ညီအစ်ကိုနှစ်ယောက်စကားတပြောပြောနှင့် လျှောက် လာကြရာ နံနက်ပိုင်းအချိန်မှာပင် ကျောက်ဘီလူးတောင်ခြေသို့ ရောက်လာကြလေသည်။

ကျောက်ဘီလူးတောင်မှာ ပေ ‘၄၀၀၀’ကျော်ခန့်မြင့်ပြီး ထိုဒေသတစ်ဝိုက်မှာတော့ တတိယအမြင့်ဆုံးတောင်တစ်တောင် ပင်ဖြစ်လေသည်။

အမြင့်ဆုံးတောင်မှာ ပေပေါင်း ‘၆၈၀၁’ပေမြင့်သော မြင့်မိုရ်လက်ခတ်တောင်ဖြစ်သည်။

ထို့နောက်ကျေးကူးတောင်မှာ ပေပေါင်း ‘၅၁၀၄’ပေမြင့် လေသည်။

ထို့ကြောင့် ကျောက်ဘီလူးတောင်မှာ ပေ(၄၀၀၀)ကျော် မြင့်သောကြောင့် တတိယအမြင့်ဆုံးတောင်စာရင်းဝင်ဖြစ်နေ တော့သည်။

နီမောင်တို့ညီအစ်ကိုနှစ်ယောက်မှာ တောင်ခြေတ ဝိုက်သို့ ရောက်သည်နှင့် ဆောင်ရွက်ရန်ကိစ္စများကို ပြုလုပ် လေသည်။

ထိုကဲ့သို့ ပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ ဦးဘရှိန်က အသေအခြာမှာကြားလိုက်ခြင်းဖြစ်ပေသည်။

ထိုနေရာသို့ရောက်ပြီး ပစ္စည်းများကို နေရာချပြီးနောက် ချိုင့်ထဲမှာအမေထည့်ပေးလိုက်သည့် ထမင်းနှင့်ဟင်းများကို ထုတ်ပြီးနောက် အချို့ကိုဖက်တစ်ရွက်ပေါ်သို့ပုံကာ ကျောက်ဘီလူးတောင်ခြေသို့ သွားချကာ ရွတ်ဆိုတိုင်တည်မှုများ ပြုလုပ်လေသည်။

“ဤအရပ်ဒေသမှာရှိနေကြသော သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ ဤတောင်မှာရှိသော သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ ဤတောမှာနေကြသော သက်ဆိုင်ရာပုဂ္ဂိုလ်များခင်ဗျား ကျွန်တော်တို့သည် ဤနေရာ၌ လယ်မြေများလုပ်ရန် လာကြခြင်းဖြစ်ပါတယ်၊

မိတ်ဆွေအနေနဲ့ လက်ခံပေးပါ၊ အနှောက်အယှက်ပေးခြင်းများ မပြုလုပ်ဖို့လည်း တောင်းပန်ပါတယ်၊

ကျွန်တော်တို့ မိတ်ဆွေဖွဲ့ခြင်းကို လက်ခံပါက မိတ်ဖြစ်ဆွေဖြစ်အနေဖြင့် ကျွေးမွေးသော ဤအစားအသောက်များကို စားသောက်ကြပါ”

ဟုပြောဆိုပြီး ဖက်ဖြင့် ထည့်ယူသွားသော အစားအသောက်တို့ကို တောင်ခြေတစ်နေရာမှာ ချထားခဲ့ပြီး ပြန်လာလေသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက် မိခင်ထည့်ပေးလိုက်သည့် ထမင်းနှင့်ဟင်းအချို့ကို ဝမ်းပြည့်အောင်စားသောက်ပြီးနောက် တောခုတ်ခြင်းကို စတင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောခုတ်သော ကိစ္စမှာလွယ်ကူသော ကိစ္စမဟုတ်ပေ မြေကွက်ပေါ်မှာရှိသည့် ချုံနွယ်ပိတ်ပေါင်းတို့ကို လှံ၊ ဓားတို့ဖြင့် ခုတ်ထွင်ဖြတ်တောက်ပြီး တစ်နေရာမှာ စုပုံထားရလေသည်။

ကျောက်တုံးကျောက်ခဲများရှိလျှင် တူးရွင်း၊ ပေါက်ပြား များသုံးပြီး တူးဖော်ပစ်ရသည်။

ထိုနေ့တစ်နေ့လုံး အလုပ်လုပ်ကြသော်လည်း အနှောက် အယှက် မတွေ့ရပေ။ ညနေပိုင်းပြန်ကာနီးတော့ ဖက်ဖြင့်ပုံထားခဲ့ သော အစားအသောက်များကို သွားကြည့်ရာ မတွေ့ရတော့ပေ။

သူတို့ ညီအစ်ကိုနှစ်ယောက် ပြန်ရန်အတွက် ပစ္စည်း များသိမ်းနေစဉ် တောစပ်မှ လူရွယ်တစ်ယောက်ထွက်လာလေ သည်။ အသက်အရွယ်က နီမောင်နှင့် မတိမ်းမယိမ်းလောက်ပင် ရှိပေလိမ့်မည်။

မနီးမဝေးရောက်တော့ ရပ်ပြီးမေးသည်။

"မင်းတို့က ဒီနေရာမှာ လယ်လုပ်ကြမလို့လား"

"ဟုတ်တယ်"

"ဒီနေရာကကြမ်းတယ်၊ မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ငါ့ညီလေးကို ရှင်ပြုပေးချင်လို့ လယ် လုပ်ကြတာပါ၊ ဒါထက်မင်းက ဘယ်သူလဲ"

"ငါ့နာမည် ဒီပလို့ ခေါ်တယ်"

ဟု လူရွယ်က ပြန်ပြောသည်။

"ငါ့နာမည်က နီမောင်လို့ခေါ်တယ်၊ ငါတို့က မိုးမခရွာ မှာနေတယ်၊ မင်းကဘယ်ရွာကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဝေမာနိကရွာမှာနေတယ်"

ထိုသို့ပြောပြီး ဒီပဆိုသော လူရှယ်က ရယ်နေလေသည်။

ထိုစကားကြားတော့မှ နီမောင်က သဘောပေါက်သွားလေ

သည်။

"မင်း..ငါတို့မိတ်ဆွေဖွဲ့တာကို လက်ခံသလား"

ခေါင်းညိတ်ပြသည်။

"ငါတို့ ဒီနေရာမှာ လယ်လုပ်ရင်ကော ရသလား"

ခေါင်းညိတ်ပြသည်။

"မင်းကငါတို့ကို မိတ်ဆွေအဖြစ်လက်ခံတာကို ငါတို့

ဝမ်းသာပါတယ်၊ ငါတို့ကို အနှောက်အယှက်တွေကင်းအောင်

မင်းကစောင့်ရှောက်ပေးပါ၊ မင်းလိုတဲ့အကူအညီရှိရင်လည်း ငါ

တို့ပေးပါ့မယ်"

ထိုစကားကြားသောအခါ ဒီပဆိုသောလူရှယ်က အ

ချိန်ကြာအောင် စဉ်းစားနေပြီးမှ...

"ငါ အမဲသားစားချင်တယ်၊ မင်းဝယ်လာပေးမလား"

ဟုမေးလေသည်။

"တွေ့ရင်တော့ ဝယ်လာပေးပါ့မယ်၊ ဒါပေမယ့် ငါတို့

ရွာတွေမှာ အမဲသားရှားတယ်၊ နေ့တိုင်းမရဘူး၊ ငါးတော့ပေါ

တယ်၊ မင်း ငါးစားမလား"

ခေါင်းညိတ်ပြသည်။

"စားမယ်၊ ငါးဝယ်ဖို့ ငါငွေပေးလိုက်မယ်"

"မပေးပါနဲ့ကွာ၊ ငါဝယ်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်းဆိုရင် မင်းလည်း ဝယ်ပေးချင်မှာမဟုတ်ဘူး ဒီတော့ ငါ့ငွေနဲ့သာဝယ်ပေးပါ၊ မင်းတို့ ဒီနေရာလာတဲ့ရက် ရောက်တော့ ချက်ပြီးယူလာပေးပါ"

ဟုပြောပြီး သူ့ဆီမှာအသင့်ပါလာဟန်တူသော အထုပ် တစ်ထုပ်ကို ပစ်ပေးသဖြင့် နီမောင်က ဖမ်းယူထားလိုက်ရလေ သည်။

ထို့နောက် ဒီပကတောထဲပြန်ဝင်သွားလေသည်။

နီမောင်က ဖြေကြည့်လိုက်တော့ အထုပ်ထဲမှာ ငွေဒင်္ဂါး အချို့ကို တွေ့ရလေသည်။

ငွေဒင်္ဂါးများကိုမြင်သောအခါ ရင်မောင်က လူငယ်ပီပီ ဝမ်းသာအားရပြောသည်။

"ငွေဒင်္ဂါးတွေပါလား၊ ဟန်ကျတာပဲ"

"ငါတို့အနေနဲ့ ငွေဒင်္ဂါးတွေရတာ ဝမ်းသာစရာမဟုတ် ဘူး ညီလေးရဲ့"

"ဟင် ..ဘာဖြစ်လို့လဲ"

"ဒီငွေတွေက ကိုယ်ပိုင်ငွေတွေမှ မဟုတ်တာ၊ ကိုယ့်သ ဘောနဲ့ကိုယ် သုံးချင်တိုင်းသုံးလို့မရဘူး၊ သူက အစ်ကိုတို့ သုံးဖို့ ပေးတာမဟုတ်ဘူး၊ ဈေးမှာလို့ သုံးဖို့ပေးတာ"

ရင်မောင်က ခေါင်းညိတ်ပြသည်။

"ငွေဒင်္ဂါတွေရတာထက် ပိုပြီးဝမ်းသာစရာကောင်းတာ က ငါတို့မိတ်ဆွေဖွဲ့တာကို သူလက်ခံလိုက်တာပဲ၊ အဲဒါဟာ အစ်ကိုတို့မိသားစုအတွက် တကယ့်ဝမ်းသာစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် သူကဘာယ်သူလဲ ဟင်..."

"အမဲသားစားချင်လို့မှာမှတော့ တောင်စောင့်ဘီလူး အပြင် ဘာရှိမလဲကွာ.."

ထိုစကားကြားတော့ စောစောက ဝမ်းသာအားရ ပြောဆိုနေသော ရင်မောင်မှာ မျက်လုံးပြူးသွားလေတော့သည်။

ထို့နောက် ညီအစ်ကိုနှစ်ယောက် မိမိတို့ရွာသို့ ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၅]

# ဟားမဲ့ဆရာတော်နှင့် အင်းဘီလူး

အိမ်ရောက်တော့ နီမောင်က အဖေနှင့် အမေတို့ကို အကျိုးအကြောင်းပြောပြလိုက်လေသည်။

ထိုအခါ ဦးဘရှိန်က..

"အဲဒီနေရာကို မလွဲသာလို့သာလွှတ်လိုက်ရပေမယ့် အတော့်ကိုစိတ်ပူနေတာ၊ အခုလိုအဆင်ပြေတယ်ဆိုတဲ့ အသံကြားရမှပဲ ရင်အေးရပေတော့တယ်"

ဟုပြောရာ မခင်ဖြစ်သူ ဒေါ်ကျင်မေကလည်း ဝင်ပြော


www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"လူပဲဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ်၊ ရန်သူဖြစ်နေရင် မကောင်းဘူး၊ မိတ်ဆွေဖြစ်နေရင် ကိုယ့်အတွက် ဘေးအန္တရာယ်ကင်းတယ်၊ ဒါကြောင့် သူတို့နဲ့ဆက်ဆံတဲ့နေရာမှာ ဘယ်တော့မှ ကိုယ့်ဘက်က ကတိမပျက်စေနဲ့၊ စည်းမပေါက်စေနဲ့"

ဟုမှာကြားလေသည်။

နောက်တစ်နေ့ရောက်တော့ အခြားရွာတစ်ရွာမှ အမဲသားလာရောင်းသဖြင့် ဒေါ်ကျင်မေက သင့်တော်သလောက်ဝယ်ယူပြီး ချက်ထားလေသည်။

နောက်တစ်ရက် နီမောင်တို့ လယ်ကွက်ရှင်းသော နေရာဘက်သွားတော့ ချိုင့်ဖြင့်ထည့်ပေးလိုက်သည်။ ကျောက်ဘီလူးတောင်ရောက်တော့ ဂူပေါက်ဝမှာရပ်ပြီး အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ဒီပရေ..ဒီပရေ..မင်းမှာတဲ့ အစားအသောက်တွေ ပါလာပြီဟေ့"

နီမောင်အသံက ဂူအတွင်းမှာ ပဲ့တင်ထပ်သွားလေသည်။

ထိုသို့အော်ပြောသော်လည်း အရိပ်အယောင်မဲတွေ့ရသဖြင့် အမဲသားဟင်းထည့်ထားသော ချိုင့်ကို ဂူပေါက်ဝတွင်နေရာတွင် ချထားပေးခဲ့ပြီး အလုပ်လုပ်သောနေရာသို့ လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထွက်သွားတော့မှ အမှောင်ရိပ်အတွင်းမှ အမွေးစုတ်ဖွားနှင့် ကြီးမားတုတ်ခိုင်သော လက်ကြီးတစ်ဖက် ထွက်လာပြီး အမဲသားဟင်းထည့်ထားသောချိုင့်ကို ဆွဲယူသွားလေတော့သည်။

ထိုအခြေအနေကိုတော့ နီမောင်တို့ မြင်လည်းမမြင်၊ သိလည်းမသိကြတော့ပေ။

ထိုနေရာတစ်ဝိုက်မှာ လှဲဖြတ်ရန် ခက်ခဲသော သစ်ပင်ကြီးများ သိပ်မရှိပဲ ချုံနွယ်ပိတ်ပေါင်းများလောက်သာ ထူထပ်နေရာ ခုတ်ထွင်းရှင်းလင်းရတာ မခက်ခဲလှပေ။

ခုတ်ထားသော ချုံနွယ်တို့ကို တစ်နေရာ၌ စုပုံထားပြီး ခြောက်သွေ့သွားသည်နှင့် မီးရှို့ပစ်လိုက်သည်။

ရက်အနည်းငယ်အတွင်းမှာပင် ၄င်းတို့ ခုတ်ထွင်ရှင်းလင်းနေသော မြေကွက်မှာ အတော်ပင်ကျယ်ဝန်းလှသည်ကို တွေ့ကြရသည်။

နီမောင်တို့ ညီအစ်ကိုမှာလည်း အလုပ်လုပ်ရတာ အဆင်ပြေသည်ကတစ်ကြောင်း၊ မည်သူမှမလုပ်ဝံ့သော နေရာတွင် မြေကွက်ကျယ်ကြီး တစ်ကွက်ပိုင်ဆိုင်ရသည်ကတစ်ကြောင်းကြောင့် ဝမ်းသာပျော်ရွှင်နေကြလေသည်။

"ညီလေးရေ ငါတို့ဒီနှစ်မှာ ရှင်းတဲ့မြေကွက်မှာ စပါးစိုက်ပြီး၊ နောင်နှစ် စပါးသိမ်းပြီးရင်တော့ ငါ့ညီကို ရှင်ပြုပေးဖို့ ရလောက်နိုင်တယ်၊ မင်းလည်း အခုကတည်းက သင်္ကန်းတောင်းလေးဘာလေး ကြိုတင်ကျက်ထားကွ.."



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုလေသည်။

နီမောင်တို့ ညီအစ်ကိုများ မနက်ဆိုလျှင်ရွာမှ ထွက်သွားပြီး ညနေစောင်းမှ ရွာသို့ပြန်လာကြသည်။

မနက်ပိုင်းသွားသောအခါမှာလည်း ဒေါ်ကျင်မေက နီမောင်တို့ညီအစ်ကိုနှစ်ယောက် စားသောက်ဖို့အပြင် ဒီပအတွက်ပါ ရသမျှ အမဲသားငါးများကို ချက်ပြုတ်ပြီး လူသူမသိအောင် ထည့်ပေးလိုက်လေသည်။

ဒီပအတွက်ထည့်ပေးလိုက်သည့် ထမင်းနှင့်ဟင်းများကိုလည်း အခြားသူများမမြင်စေ၊ မသိစေရန် တစ်ခါတည်း မှာကြားလိုက်လေသည်။

ပထမတော့ ရွာထဲမှာ နေကြသူများက နီမောင်တို့ ဘယ်နေရာမှာ အလုပ်လုပ်နေမှန်း မသိကြပေ။

တစ်နေ့တော့ ရွာမှ အမဲလိုက်ရာမှ ပြန်လာသော လူအချို့က တွေ့မြင်သွားတော့မှ ကျောက်ဘီလူးတောင်အနီးမှ မြေကွက်များကို ခုတ်ထွင်ရှင်းလင်းနေမှန်း သိသွားကြတော့သည်။

ထိုအခါမှ တအံ့တသြဖြစ်ကြပြီး တဆင့်စကားတဆင့် ပြောကြရင်းမှာ တစ်ရွာလုံး သိကြတော့သည်။

ထိုအကြောင်းကို ရွာဦးကျောင်းမှာနေသော ကပ္ပိယကြီး ဦးဇန်ကောင်းကပါ သတင်းကြားသဖြင့် နီမောင်ကိုခေါ်မေးလေသည်။

"နီမောင် မင်းတို့ ကျောက်ဘီလူးတောင်နားမှာ လယ်လုပ်မလို့ တောခုတ်နေကြတယ်ဆို ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အဘ"

ဦးဇန်ကောင်းက နီမောင်နှင့် ခင်မင်ရင်းနှီးသူဖြစ်သည်။ သို့ကြောင့် နီမောင်က တောထဲမှ ရှာဖွေရရှိထားသော အစား အသောက်အချို့ကိုပါ ယူဆောင်သွားလေသည်။

"အံ့သြစရာပဲကွ၊ အဲဒီကျောက်ဘီလူးတောင်နဲ့ နီးတဲ့ နေရာတွေက ဘယ်သူမှ မလုပ်ဝံ့ကြလို့ ပစ်ထားကြရတဲ့ နေရာ တွေမဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"မင်းတို့သွားလုပ်တော့၊ အနှောက်အယှက်တွေနဲ့ မတွေ့ ရဘူးလား"

"မတွေ့ရသေးပါဘူးအဘ၊ နောက်တော့ ဘယ်လိုဖြစ် လာမယ်ဆိုတာတော့ မသိရသေးပါဘူး"

"ကြမ်းတဲ့နေရာတွေက ရှေ့တွေနောက်တွေ အချိန်ရွေး နေတာမျိုးမရှိပါဘူး၊ အစပိုင်းအဆင်ပြေရင် နောက်ပိုင်းလည်း အဆင်ပြေတာပဲ၊ အစပိုင်းအဆင်မပြေခဲ့ရင် နောက်ပိုင်းလည်း အဆင်မပြေဘူး"

"ကျွန်တော်တို့တော့ အဲဒါတွေ မသိပါဘူး၊ ကျွန်တော့် ညီလေး ရှင်ပြုပေးချင်လို့ လယ်ကွက်တွေများများရအောင်လို့ သူများမလုပ်ချင်တဲ့နေရာတွေကို အရဲစွန့်ပြီး တောခုတ်ကြတာ ပါ"

"အင်း ..မင်းရဲ့ ရည်ရွယ်ချက်ကကောင်းတာပဲ၊ ဒါ ကြောင့် အနှောက်အယှက်မပေးကြတာလည်း ဖြစ်မှာပါ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ထက် အဲဒီနေရာမှာ သွားလုပ်တော့ ထူးထူးခြားခြား ဘာတွေနဲ့ တွေ့ရသလဲ၊ ငါ့လည်းပြောပြပါဦး"

ထို့ကြောင့် နီမောင်က ကျောက်ဘီလူးတောင်မှ ဒီပဆိုသော လူရွယ်တစ်ယောက်နဲ့ တွေ့ပြီးနောက် ၄င်းမှာကြားသော ထမင်းဟင်းများ ချက်ပြုပေးရပုံများပါ ပြောပြလိုက်လေသည်။

"အော် ..ဒါကြောင့်ကိုး၊ မင်းက မင်းတို့ကို အနှောက်အယှက်ပေးမယ့်သူကိုတောင် မိတ်ဆွေဖွဲ့ထားပြီး မိတ်ဆွေဘာဝ ရောက်နေကြမှပဲ၊ ဒါကြောင့် အနှောက်အယှက်မပေးတာကိုး"

ဟု ကွမ်းတမြုံ့မြုံ့ဝါးနေရာမှ မှတ်ချက်ချလေသည်။

"ကျွန်တော်လည်း သိလို့တော့မဟုတ်ပါဘူး အဘရယ်၊ အဖေမှာထားတဲ့အတိုင်း 'ဘယ်နေရာသွားသွား ဘယ်နေရာရောက်ရောက် မြင်ရတဲ့သူရော မမြင်ရတဲ့သူတွေပါ မေတ္တာပို့ပြီး မိတ်ဆွေဖွဲ့ရမယ်' ဆိုတာနဲ့ အဲဒီအတိုင်းပဲ လုပ်ခဲ့တာပါ"

"မှန်တာပေါ့ကွာ၊ ဒါက ရှေးကတည်းကရှိခဲ့တဲ့ နည်းလမ်းကောင်းပဲ၊ တောကြမ်းတဲ့နေရာတွေကို သွားတော့မယ်ဆိုရင်တောင် အဲဒီနေရာကို စိတ်နဲ့မှန်းပြီး မြင်ရတဲ့ပုဂ္ဂိုလ် မမြင်အပ်တဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပို့ထားရင် ကိုယ်သွားတဲ့အခါ အနှောက်အယှက်မပေးကြတော့ဘူးပေါ့၊ မေတ္တာကိုလက်ကိုင်ထားတဲ့သူဟာ ခရီးသွားလက်မှတ်ရထားသလိုမျိုးပေါ့"

ဟုပြောပြလေသည်။

နီမောင်စိတ်ထဲမှာတော့ သူ့အနေဖြင့် အနည်းငယ်မျှ လောက်သာလုပ်နိုင်ခဲ့သော်လည်း ထိုမျှလောက်အကျိုးကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



မျိုးရှိခဲ့သည်ဆိုပါလျှင်..

နေ့စဉ် မေတ္တာဘာဝနာပွားများပြီး နေထိုင်ကြသော သူတော်ကောင်းပုဂ္ဂိုလ်တို့အတွက်ဆိုပါက အဘယ်မျှလောက် အကျိုးကျေးဇူးရှိကြလေမလဲ...ဟုစိတ်ထဲမှ တွေးနေမိလေသည်။

"ဒါထက် အဘနဲ့တွေ့တုန်းမေးရဦးမယ်၊ ဒီပဆိုတာ ဘယ်လိုလူမျိုးလဲ"

"ကျောက်ဘီလူးတောင်မှာ နေမှတော့ ဘီလူးအပြင် ဘာရှိဦးမလဲ"

"ဒါပေမယ့် သူက လူနဲ့တော့ အတော်တူတယ်"

"မင်းတို့ကြောက်မှာစိုးလို့ လူယောင်ဖန်ဆင်းထား တာဖြစ်မှာပေါ့"

"ဘီလူးက လူတွေနဲ့နေလို့ရသလား၊ အခုလိုရင်းရင်း နှီးနှီးနေတာမျိုးရောရှိသလား"

"ရှိတာပေါ့ကွာ မိတ်ဆွေအဖြစ်တောင် ဘယ်ကပါမလဲ၊ လူနဲ့ဘီလူးနဲ့ အကြောင်းပါပြီး သားသမီးရကြတာတွေတောင် အများကြီးရှိကြတာပဲ၊ ဘီလူးတွေက ကြမ်းတမ်းတယ်ဆိုပေမယ့် တမ္ဘဓိဒ္ဓိတန်ခိုးရှိကြတော့ သူတို့နဲ့ အဆင်ပြေရင် အကူအညီပေး နိုင်ကြတယ်"

"ကျွန်တော်ကို သာဓက တစ်ခုလောက် ပြောပြပေး ပါအဘ..."

ဟုပြောသဖြင့် ဦးဗန်ကောင်းက ဗားမဲ့ဆရာတော်ကြီး ဘီလူးနှင့်ပတ်သက်ပြီး အကူအညီယူခဲ့ရပုံ သာဓကတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလေသည်။

ဗားမဲ့ဆရာတော်လောင်းလျာကို ရခိုင်ပြည်နယ်၊ ဗားမဲ့တောင်ခြေ၌ သက္ကရာဇ် (၉၃၃) ခုနှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ဟံသာဝတီသို့ ရွှေ့ပြောင်းကာ ရှင်သာမဏေအဖြစ်နှင့်ပင် စာပေပဋကတ်တို့ကို ဆည်းပူးသင်ကြားလေသည်။ ဘွဲ့အမည်မှာ 'နန္ဒသာရ' ဖြစ်သည်။

တစ်နေ့သ၌ ဟံသာဝတီမြစ်ကမ်း၌ သီတင်းသုံးနေစဉ် သူရှူးတစ်ယောက်ရောက်လာလေသည်။

သူရှူးရောက်လာပြီး မရှေးမနှောင်းမှာပင် မြစ်လယ်မှ မိကျောင်းတစ်ကောင်သည် ပါးစပ်ထဲ၌ တစ်စုံတစ်ခုကိုကိုက်ချီကာ ဆရာတော်ရှိရာ မြစ်ကမ်းသို့ ရောက်လာသည်။

ကမ်းစပ်သို့ရောက်သောအခါ မေးတင်ပြီးနေသည်။

ထိုအခါ ဆရာတော်က သူရှူးအား...

"မိကျောင်းပါးစပ်ထဲက ပုရပိုဒ်ကိုလှပ်ယူလော့"

ဟုပြောရာ..သူရှူးလည်း ကမ်းစပ်သို့ဆင်းသွားပြီး မိကျောင်းကိုက်ချီလာသော ပုရပိုဒ်ထုပ်ကို လှယူရာ ရလေသည်။ ထိုသို့ရသောအခါ သာမဏေမဘာဝပင်ရှိသေးသော ရှင်နန္ဒသာရကိုပေးကာ အခြားသို့ထွက်သွားလေသည်။

ရှင်နန္ဒသာရသည် ရရှိသော ပုရပိုဒ်တိုကိုကြည့်ရှုသောအခါ အင်း၊ စမ စသောအစီအရင်များကို တွေ့ရလေသည်။

အချို့အကြောင်းအရာများကိုသာသိပြီး၊ အချို့ကိုတော့မသိပေ။



www.burmeseclassic.com

www.burmeseclassic.com


တဝက်ကျွမ်းနားလည်သူတို့ကိုပြသကာ မေးမြန်းပါသော်ငြား အချို့လောက်ကိုသာသိပြီး အချို့ကိုတော့ မသိနိုင်ကြပေ။

ဤသို့ဖြင့် တစ်နှစ်ခန့်အချိန်ကြာသွားခဲ့သည်။

သာမဏေဘဝမှ အသက်ပြည့်သောအခါ ဟံသာဝတီ ...းထပ်ဆရာတော် ကျောင်းတွင် ရဟန်းပြုလေသည်။

ရဟန်းဖြစ်သည်အထိ မိကျောင်းပါးစပ်မှရသော ပုရိပိုဒ် ...အင်း၊ စမ စသော အစီအရင်တို့၏ အဓိပ္ပာယ်ကို မသိရသေးပဲ ဖြစ်နေလေသည်။

ဗားမဲ့ဆရာတော်အဖြစ်သို့ မရောက်သေးပဲ ရှင်နန္ဒသာရ ...ဖြင့်သာ ရှိနေရသေးစဉ် တစ်ညမှာတော့ ထူးခြားမှုတစ်ခုကို ...တွေ့ရလေသည်။

ရှင်နန္ဒသာရ ရဟန်းသည် အင်ကြင်ပင်အောက်၌ ...ဆောက်ထားသော ဝါးကျောင်း၌ မိမိအားထုတ်နေကျဖြစ်သော ...ဒ္ဒါနုဿတိ' ကမ္မဋ္ဌာန်းကိုပွားများနေစဉ် တကာယောကျ်ားပျို ...တစ်ယောက် ဝင်ရောက်လာပြီးနောက် ရှိခိုးလေသည်။ ၄င်းဝင် ...ရောက်လာစဉ်ကပင် မွှေးရနံ့များကကြိုင်နေလေ၏။

"အဘယ်သူနည်း"

"တပည့်တော် ဝိဇ္ဇာစိုရ်ယောကျ်ားပါ"

"အမည်ဘယ်သူလဲ"

"မဟာသိဒ္ဓိပါဘုရား"

"ဘယ်အရပ်မှာနေသဖြင့် မွှေးကြိုင်နေရသနည်း"

ဟုမေးမြန်းရာ ဝိဇ္ဇာစိုရ်မဟာသိဒ္ဓိက ၄င်းနေထိုင်ရာ


www.burmeseclassic.com

www.burmeseclassic.com


အရပ်ဒေသအကြောင်းကို စုံလင်အောင် ပြောပြလေသည်။

ငှင်းနေထိုင်သည့်တောမှာ တန်ခိုးသိဒ္ဓိရှိပြီး ထူးဆန်း အံ့ဩဖွယ်ရာကောင်းသော ဆေးပင်များရှိသည်။ ငှင်းနေသည့် တောနှင့် တောင်တို့တွင် ထိုကဲ့သို့ တန်ခိုးသိဒ္ဓိနှင့်ပြည့်စုံသည့် ဆေးပင်များရှိသဖြင့် သီရိရက္ခဟု အမည်တွင်ပါကြောင်း၊

ထိုတောင်အနီး၌ ဆန်းကြယ်လှသော ဂန္ဓမာဒနတောင် ရှိပါကြောင်း၊ ထိုတောင်၌ ရွှေဂူ၊ ငွေဂူတို့လည်းရှိကြောင်း၊ ထို အနီး၌ပင် အနောတတ်ရေအိုင်လည်းရှိကြောင်းနှင့် ထိုရေအိုင်သို့ ဥတုသုံးပါးစလုံး နေရောင်ခြည်မကျရောက်ပေ။

ထိုရေအိုင်သို့ တန်ခိုးကြီးသော နဂါး၊ ဂဠုန်တို့မှစပြီး ဝိဇ္ဇာစိုရ်ယောကျ်ားများနှင့် အချို့နတ်များ ရေသုံးသပ်၍ ပျော်ပါး ကြပါသည်။

ထိုကဲ့သို့ တန်ခိုးသိဒ္ဓိနှင့်ပြည့်စုံသော တောင်ပေါင်း (၂၁၀)ရှိသော်လည်း သာမန်လူတို့မရောက်နိုင်ကြပဲ အနိမ့်ဆုံး ဝိဇ္ဇာစိုရ်ယောကျ်ားအဆင့်မျိုး ရောက်မှသာ ရောက်နိုင်ကြပေ သည်။

ဂန္ဓမာဒနတောင်၌ ဇမ္ဗူသပြေသီးနှင့် အဖ္တန္တရမည်သော သရက်သီးတို့ တစ်ဆယ့်နှစ်ရာသီလုံးရှိသဖြင့် ဝိဇ္ဇာစိုရ်တို့ စားသုံး ကြရသည်။ ထိုအသီးတို့မှာ အိုးစရည်းခန့်ကြီးမား၍ အနံ့အရသာ မှာ လွန်စွာကောင်းမွန်လှပေသည်။

"ထိုအသီးများကို စားရသဖြင့် တပည့်တော်တို့ယ်အနံ့ မှာ မွှေးကြိုင်နေရပါသည်ဘုရား"


www.burmeseclassic.com

www.burmeseclassic.com



ဟုလျှောက်ထားလေသည်။

"ထိုသစ်သီးကိုစားရသဖြင့် မွေးကြိုင်သည့် ကိုယ်ရနံ့ရှိသည့်အပြင် အလွန်ပေါ့ပါးသော ကိုယ်လည်းဖြစ်သဖြင့် လိုသောအရပ်သို့ အချိန်တိုအတွင်း သွားလာနိုင်ပါသည်ဘုရား"

ဟုလျှောက်ထားလေသည်။

"ဤအရပ်သို့ အဘယ်သို့သော အကြောင်းကိစ္စကြောင့်ရောက်လာရသနည်း"

"အရှင်ဘုရားနှင့် တပည့်တော်သည် ယခင်ဘဝဟောင်းက ညီအစ်ကိုရင်း တော်စပ်ခဲ့ဖူးသောကြောင့် ရွှေပေကို လှူဒါန်းရန်လာခဲ့ပါသည်ဘုရား"

ဟု လျှောက်ထားကာ ယူလာသော ရွှေပေကို ဆက်ကပ်သည်။

"ရွှေပေ၌ပါ ပညာရပ်များကို လိုက်စားတော်မူပါက အလိုတော်ရှိသမျှ ပြည့်ဝစုံလင်တော်မူပါလိမ့်မည်ဘုရား"

ထိုသို့လျှောက်ထားသောအခါ ရှင်နန္ဒသာရက မိတ်ဆွေဟောင်းပါးစပ်မှရသော ပုရပိုဒ်၌ပါသော အကြောင်းအရာတို့ကိုမေးမြန်းသောအခါ ဝိဇ္ဇာစိုရ်ယောကျ်ားက..၊

"တပည့်တော်မှာ အရှင်ဘုရားအား သင်ကြားပြသပေးရန်အချိန်မရနိုင်ပါ၊ သိလိုပါက ပုပ္ပားတောင်၏ အရှေ့ဘက်၌ကျောက်ဂူရှိပါသည်၊ ကျောက်ဂူအတွင်း အင်းဘီလူးရှိပါသည်၊ အင်းဘီလူးရှိသောနေရာသို့ ကြွသွားပြီး မေးမြန်းက သိနိုင်ပါသည်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဆောင်ရွက်ရမလဲ"

"အရှင်ဘုရား ကြွသွားသော်အခါ အရှယ်တော် အမဲသားတုံးများနှင့် အတုံးကြီးကြီးတစ်တုံး ယူဆောင်သွားပါ၊ အင်းဘီလူးရှိရာလေရာက်လျှင် 'အင်းဘီလူးမင်း အမဲသား စားမည်လား' ဟုမေးလျှင် 'စားမည်' ဟုပြောပါလိမ့်မည်၊

'စားချင်လျှင် ပါးစပ်ဟ' ဟုပြောလျှင် ပါးစပ်ဟပါလိမ့်မည်။ ထိုအခါ ခတ်လှမ်းလှမ်းနေရာက အမဲသားတုံးများကို ဘီလူးပါးစပ်ထဲရောက်အောင် ပစ်ထည့်ပေးပါ။ ပါးစပ်တွင်းရောက်၍ အမဲသားစားနေစဉ်မှာ သိလိုသောအကြောင်းအရာများ မေးပါက ပြောပြပေးပါလိမ့်မည်၊

အမဲသားတုံးကုန်ကာနီးတွင် အကြီးဆုံးအမဲသားတုံးကို အင်းဘီလူးပါးစပ်တွင်းသို့ ရောက်အောင်ပစ်ထည့်ပြီး အပြင်ရောက်အောင် မြန်မြန်ပြန်ကြွတော်မူပါ"

ဟုလျှောက်ထားလေသည်။

ရှင်နန္ဒသာရလည်း သိလိုသောအကြောင်းများ သိရသောကြောင့် များစွာကျေနပ်သွားလေသည်။

"အခုလို လာရောက်ပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ လွန်ခဲ့သောဘဝက ညီအစ်ကိုတော်စပ်ခဲ့သည်မှာ ကြာမြင့်လှပေပြီ..၊ ယခုမှ လာရောက်ထောက်ပံ့ကူညီရခြင်းမှာ ဘေ လျော့နေဟန်ရှိပေသည်"

ထိုအခါ ဝိဇ္ဇာစိုရ်ယောကျ်ားက...၊

"တပည့်တော် မေ့လျော့နေသောကြောင့်မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တပည့်တော်တို့အနေဖြင့် လူ့ပြည်လူ့လောကသို့လာရခြင်းကို ဝန်လေးလှပါသည်။

ဘုန်းကံကြီးမားသော သူတို့ထံသို့ဖြစ်စေ၊ သီလသမာဓိပြည့်စုံသူတို့ထံကိုဖြစ်စေ လာရောက်လိုသော စိတ်ဆန္ဒရှိကြပါသည်။

ယခုအခါ ရှင်ဘုရှားမှာ သီလသမာဓိနှင့်ပြည့်စုံနေပြီဖြစ်သောကြောင့်သာ လာရောက်ရခြင်းဖြစ်ပါသည် ဘုရား"

ဟုပြောဆိုလျှောက်ထားကာ နှုတ်ဆက်ပြီးနောက် ပြန်သွားလေတော့သည်။

ထို့နောက် ဗားမဲ့ဆရာတော်လောင်းလျား ရှင်နန္ဒသာရသည် ဝိဇ္ဇာစိုရ်ပြောပြသွားသည့်အတိုင်း ရှင်မုန်ယိုဆိုသောသာမဏေတစ်ပါးကို ခေါ်ဆောင်ကာ ပုပ္ပားတောင်သို့ ကြွသွားလေသည်။

ပုပ္ပားတောင်သို့ ရောက်သောအခါ အင်းဘီလူးရှိသောဂူကို ရှာဖွေ၍ အစီအစဉ်အတိုင်း ဆောင်ရွက်လေရာ ပြည့်စုံအောင်မြင်ခြင်းသို့ရရှိကာ သက္ကရာဇ်(၉၅၅) ခုနှစ်တွင် ညောင်ရမ်းမြို့၌ သီတင်းသုံးနေတော်မူစဉ် 'ဗားမဲ့ဆရာတော်' ဟု ထင်ရှားကျော်ကြားလာခဲ့လေသည်။

ဦးဗန်ကောင်းက ဗားမဲ့ဆရာတော်လောင်းလျာ ရှင်နန္ဒသာရအား အင်းဘီလူးအကူအညီပေးခဲ့သောကြောင့် ပုရပိုက်မှာပါသော အင်းအစီအရင်များကိုသိရသဖြင့် ပေါက်မြောက်အောင်မြင်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ရပုံတို့ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြလေသည်။

"ဒါကြောင့် မိတ်ဆွေဖွဲ့တတ်ရင် လူမပြောနဲ့ ဖုတ်ပြိတ္တာ၊ သရဲ၊ တစ္ဆေ၊ ဘီလူး တွေကတောင် နှစ်သက်သဘောကျလေ့ရှိကြတယ်"

"ဟုတ်ပါတယ်၊ အင်းဘီလူးဆီသွားတာတောင် အ သားတုံးတွေ ယူသွားရတယ်ဆိုတော့ မိတ်ဆွေဖွဲ့တာပေါ့နော်"

"ဒါပေါ့ကွာ၊ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ တဲ့စကားရှိတာပဲ၊ ကိုယ့်မေတ္တာသွားမှ သူ့မေတ္တာလာတယ်ဆိုတဲ့ အတိုင်း၊ မင်းကမေတ္တာနဲ့ ပေးကမ်းကျွေးမွေးပြီး မိတ်ဆွေဖွဲ့တော့ သူ့ဘက်ကလည်း လက်ခံပေးတဲ့ သဘောပါပဲ"

"ဟုတ်ကဲ့"

"စိုသောလက် မခြောက်စေနဲ့ ဆိုတဲ့စကားအတိုင်း တစ်ဦးနဲ့တစ်ဦး မိတ်ဆွေဖြစ်ကြဖို့ကမလွယ်လှဘူးကွ..၊ ဖြစ် ပြီးရင်လည်း မပျက်ကြတာအကောင်းဆုံးပဲပေါ့၊ နောက်ပြီး မင်း ကိုမှာစရာတွေရှိသေးတယ်ကွ"

"ဘာများလည်းအဘ"

"ဒီအကြောင်းတွေကိုတော့ မင်းတို့မိသားစုကလွဲပြီး တ ခြားလူတွေမသိစေနဲ့ပေါ့၊ မသိတာပိုကောင်းတယ်၊ ဘာကြောင့် လဲဆိုတော့ အနှောက်အယှက်ပေးတဲ့လူတွေနဲ့တွေ့ရင် မင်း အချင်းချင်း မိတ်ဆွေပျက်တတ်တယ်၊ တကယ်လို့ မိတ်ဆွေပျက် သွားခဲ့ရင် မင်းအခုကြိုးစားထားတာတွေဟာ အလဟဿဖြစ် သွားတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါအဘ၊ ကျွန်တော်လျှို့ဝှက်ထားပါ့မယ်”

ထို့နောက် အခြားအကြောင်းကိစ္စများကို ပြောဆိုပြီး နောက် နီမောင်လည်း ကျောင်းမှ ပြန်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၆]

## အန္တရာယ်လွှမ်းသော မေတ္တာပန်း

ပင်လယ်ပြင်နှင့် ထိစပ်နေသော ကမ်းမြောင်ဒေသဖြစ်သောကြောင့် ကမ်းရိုးတန်းရှည်ပြီး အနံကျဉ်းနေခြင်းဖြစ်လေသည်။ သို့သော်လည်း တောင်မြင့်ကြီးများနှင့် သစ်တောကြီးများ ဖုံးလွှမ်းထားသောကြောင့် သွားလာရေးခက်ခဲသည်။

စိုက်ပျိုးရန် မြေကွက်များနည်းပါးလှသည်။

ထို့ကြောင့် ပင်လယ်ကမ်းခြေနှင့် နီးသောနေရာများ၊ မြစ်နှင့်နီးသောနေရာများ၌သာ လူနေထိုင်မှုများရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်ပင်လယ်ကမ်းခြေ တလျှောက်မှာတော့ ထားဝယ်၊ မြိတ်၊ ကော့သောင်း စသောမြို့ကြီးများရှိကြသည့်အပြင်၊ ဘုတ်ပြင်း၊ ပုလောစသော စည်းကားသောမြို့များလည်း ရှိကြသည်။

ထို့ပြင် ပင်လယ်ပြင်၌ရှိကြသည့် ကျွန်းစုများပေါ်၌ သော်လည်းကောင်း၊ ကမ်းခြေတလျှောက်၌သော်လည်းကောင်း ရွာကြီးရွာငယ်ပေါင်း မြောက်များစွာတို့ရှိကြလေသည်။

ထို့ပြင် တနင်္သာရီ မြစ်နှင့်နီးသော နေရာများ၌လည်း ရွာကြီးရွာငယ်များရှိကြလေသည်။

အရှေ့ဘက်ကမ်းမှာရော အနောက်ဘက်ကမ်း၌ပါ ရွာများရှိကြသည်။

ရှေးအခါက ယိုးဒယားဘက်သွားလာလိုလျှင်တနင်္သာရီ မြစ်ကိုဖြတ်ကျော်ပြီး သွားကြရသည်။

နောက်ပိုင်းကာလများမှာတော့ ယိုးဒယားဘက်မှသော် လည်းကောင်း၊ မြန်မာပြည်ဘက်မှသော်လည်းကောင်း ကုန် သည်များ ကူးသန်းသွားလာကြသည်။

ရှေးအခါက ယိုးဒယားဘက်သို့ အရောင်းအဝယ်သွား ကြရာတွင် များစွာခက်ခဲလှသည်။

ပင်လယ်ရပ်ခြားမှလာသော ကုန်သည်တို့သည် ရွက် လှေသင်္ဘောတို့ဖြင့် မြိတ်သို့ရောက်အောင်လာကြရသည်။ မြိတ် ရောက်သောအခါ ပါလာသောကုန်ပစ္စည်းများကို လှေပေါ် ပြောင်းတင်ပြီး တနင်္သာရီမြစ်ရောက်သည်အထိ သွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြိတ်မှ တနင်္သာရီမြစ်ဝအထိ (၁၀)မိုင်ခန့် ဝေးသည်။ ရွံ့နွံထူထပ်သော တောများ၊ လယ်ကွင်းများ၊ ရွာအချို့တို့ကို ကျော်ဖြတ်သွားကြရသည်။

ထိုကမ်းခြေတလျှောက်မှာရှိကြသော ရွာများမှာ ၁၆ ရာစုနှင့် ၁၈ ရာစုကြားလောက်ကပင် တရုတ်ကုန်သည် အိန္ဒိယကုန်သည်တို့ အသွားအလာရှိခဲ့ကြောင်း အထောက်အထားများ တွေ့ရသည်။

ထိုမြစ်ကမ်းတစ်လျှောက်တွင် ရှေးက မဟာဝေဒင် ဘုလားများ အနေများသော တုံးပျော်ရွာမှာ အကြီးဆုံးဖြစ်သည်။ မြိတ်နှင့် တနင်္သာရီကြား ခရီးတစ်ဝက်၌ရှိလေသည်။

တုံးပျော်ရွာသို့ ကျော်သွားသောအခါ မြစ်ကြောင်းက သစ်တောများ ထူထပ်သောအရပ်မှ ဖြတ်သွားလေတော့သည်။

မိုင် (၂၀) ခန့်သွားသောအခါ တနင်္သာရီမြို့ဟောင်းသို့ ရောက်ပေသည်။

မြို့တည်ထားသောနေရာမှာ ကုန်းဘက်တွင်ရှိပြီး မြင့်မားသော တောင်ကမ်းပါးယံကြီးများက ကာရံထားလျက်ရှိပြီး ဩဂံပုံသဏ္ဍာန်ရှိသော မြေပေါ်တွင် မြို့တည်ထားကာ လေးမိုင်ခန့်ကျယ်ဝန်းသော ကမ်းနဖူးကတုတ်များလည်း ရှိလေသည်။

ဒီရေတက်သောအချိန်တွင် မြိတ်မြို့မှ တနင်္သာရီမြို့ ရောက်သည့်အထိ လှေဖြင့်သွားလာ၍ ရလေသည်။

ကုန်သည်များက မြိတ်မှာ သင်္ဘောများဆိုက်ကပ် လှေငယ်



www.burmeseclassic.com

www.burmeseclassic.com



များပေါ်သို့ ကုန်ပစ္စည်းများတင်ကာ တနင်္သာရီအထိ သွားကြ
သည်။

တနင်္သာရီရောက်သောအခါ တနင်္သာရီမြစ်အရှေ့ဘက်
၌ရှိသော ယိုးဒယားမြို့တော်ဖြစ်သည့် အယုဒ္ဓယမြို့ရောက်
သည်အထိ ကူးသန်းရောင်းဝယ်မှု ပြုကြလေသည်။

တနင်္သာရီမြစ်မှတဆင့် အယုဒ္ဓယသို့သွားသောအခါ
ခရီးကြမ်းသော တောလမ်းများမှ ဖြတ်သွားကြရသည်။

ကုန်ပစ္စည်းထမ်းသော အလုပ်သမားများကတော့
ကုလားလူမျိုးများဖြစ်ကြသည်။

ရှေးအခါက တောလမ်းခရီးမှ ကုန်ရောင်းကုန်ဝယ်သွား
ကြသော ကုန်သည်များမှာ အန္တရာယ်မျိုးစုံတို့နှင့် ကြုံတွေ့ကြရ
သည်။

ကျား၊ ဆင်စသော တောတိရစ္ဆာန်ကြီးများ၊ ဘီလူးများ
ကြောက်စရာကောင်းသော ပဒူများ၊ ပုရွတ်ဆိတ်များနှင့် တွေ့
ကြရသည်။

ပဒူများနှင့်တွေ့လျှင်သော်လည်းကောင်း၊ သာမန်အ
ရွယ်အစားထက်ကြီးကာ အဆိပ်ပြင်းလှသော ပုရွတ်ဆိတ်များနှင့်
တွေ့သဖြင့် အသက်ဘေးအန္တရာယ်တို့နှင့် တွေ့ကြရသည်။

သို့သော်လည်း ကူးသန်းရောင်းဝယ်ခြင်း ပြုကြသူတို့
သည် ဘေးအန္တရာယ်တို့ကို နည်းအမျိုးမျိုးဖြင့် တွန်းလှန်ကာ
အရောင်းအဝယ်သွားလာခဲ့ကြပေသည်။

(၁၉၂၀)ဝန်းကျင်လောက်တော့ ခရီးလမ်းအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



များ တိုးတက်အဆင်ပြေလာကာ ကူးသန်းရောင်းဝယ်မှုများ သည်း ဖွံ့ဖြိုးတိုးတက်လာလေသည်။

(၁၉၆၂)ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီ တက်လာပြီးသည့်နောက်ပိုင်း မော်လမြိုင်ကို ဗဟိုရုံပြုလျှက် မှောင်ခိုအရောင်းအဝယ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးခဲ့သည်။

ထိုအချိန်ကာလက တောလမ်းများမှ တစ်နိုင်တစ်ပိုင် ခိုးစည်းသယ်ယူသွားကာ အရောင်းအဝယ်ပြုလုပ်ကြသူများ ရှိသလို ပင်လယ်ပြင်မှ စက်လှေကြီးငယ်တို့ဖြင့် အရောင်းအဝယ် သွားကြသူတို့လည်း အများအပြားရှိခဲ့ကြသည်။

ထိုအချိန်ကာလကတော့ မော်လမြိုင်ရထားလူသိများ၊ မှောင်ခိုတစ်ခေတ် ရွှေဖြစ်ခဲ့သော ကာလဟုပင် ဆိုရပေမည်။

ထိုနှစ်များမတိုင်ခင် (၁၉၂၀)ခုနှစ်ဝန်းကျင်လောက်က တော့ ထိုမျှလောက်ဖွံ့ဖြိုးတိုးတက်မှုမရှိသေးသော်လည်း စီးပွားရေးအမြင်ရှိသူတို့က တောလမ်းတောင်လမ်းများမှတစ်ဆင့် ထိုင်းဒယားနှင့် တနင်္သာရီဒေသကို ကူးသန်းရောင်းဝယ်မှု သွားလာကြသည်။

ထိုအချိန်ကာလက တနင်္သာရီမြစ်ကမ်းအရှေ့အနောက် တို့တွင် ရွာကြီးရွာငယ်အချို့ရှိခဲ့ကြသည်။

အရှေ့ဘက်ကမ်းတွင် တောင်ညိုရွာ၊ ထိန်ပင်ကုန်းရွာ၊ သွန်းညိုရွာတို့ရှိကြပြီး၊ အနောက်ဘက်ကမ်းမှာတော့ ပျဉ်းမကုန်း ရွာ မရမ်းတောရွာနှင့် မိုးမခရွာတို့ရှိကြလေသည်။

အနောက်ဘက်ကမ်းတွင်ရှိကြသော ရွာများတွင် မိုးမခ



www.burmeseclassic.com

www.burmeseclassic.com



ရွာသည် အိမ်ခြေတစ်ရာကျော်ခန့်ရှိသောကြောင့် အကြီးဆုံး အစည်းကားဆုံးဖြစ်လေသည်။

ထိုရွာတွင် လက်လုပ်လက်စားများရှိသလို အရောင်းအ ဝယ်အလုပ်ဖြင့် အသက်မွေးသူတို့လည်းရှိကြလေသည်။ ထို အထဲတွင် 'ဦးထန်ဖုန်းရှိန်'တို့ မိသားစုလည်း အပါအဝင်ဖြစ် သည်။

ဦးထန်းဖုန်းရှိန်မှာ ကုန်ပစ္စည်းအရောင်းအဝယ် သွား လာရာမှ ကြီးပွားလာသူဖြစ်သည်။

ယခုတော့ အသက်ကြီးလာပြီဖြစ်သောကြောင့် သူကိုယ် တိုင်မသွားတော့ပဲ ယုံကြည်စိတ်ချရသူများကိုသာ စေလွှတ်လေ သည်။

ဦးထန်ဖုန်းရှိန်နှင့် ဒေါ်မင်းဖြူတို့ လင်မယားနှစ်ယောက် မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သမီးဖြစ်သူ မြနှင်းဖြူက (၂၃)နှစ်အရွယ်ခန့် ရှိနေပြီး သားဖြစ်သူ 'သူရ'က (၁၅)နှစ်ခန့်ရှိပေသေးသည်။

ဦးထန်ဖုန်းရှိန်က စီးပွားရေး ချောင်လည်သူဖြစ်သော ကြောင့် သားနှင့်သမီးကို အပြင်အလုပ်မခိုင်းစေပဲ အိမ်အလုပ် များသာ လုပ်ကိုင်စေသည်။

ဦးထန်ဖုန်းရှိန်၏ အဓိက စီးပွားရေးအလုပ်မှာ ယိုး ယားနိုင်ငံဘက်သို့ ကုန်ပစ္စည်း ကူးသန်းရောင်းဝယ်ခြင်းဖြစ် သည်။

ထိုလုပ်ငန်းကိုတော့ တူဝမ်းကွဲတော်သူ 'ကျော်သီဟ



www.burmeseclassic.com

www.burmeseclassic.com



ကို လုပ်ကိုင်စေသည်။

ကျော်သီဟမှာ အသက်(၃၀)ဝန်းကျင့်ခန့်ရှိပြီး ငယ်စဉ်ကပင် ဦးထန်းဖုန်းရှိန်က ခေါ်ယူထားပြီး လုပ်ငန်းများလည်း သင်ကြားပေးထားလေသည်။

ယခင်က ဦးထန်ဖုန်းရှိန် ကုန်ရောင်းကုန်ဝယ်သွားသော အခါ အတူတူတွဲပြီး အမြဲလိုက်လေ့ရှိသည်။

ထိုသို့လိုက်ရင်းမှ အရောင်းအဝယ် ပြုလုပ်သော ကုန်သည်များ၊ အဆက်အသွယ်များဖြင့် သိကျွမ်းနေလေသည်။

ဦးထန်ဖုန်းရှိန်က တူဖြစ်သူကျော်သီဟအား တူသားအောင်မယ်လိုသာမက..ငွင်းအတွက်အားကိုးရသော လက်ဆောက်အနေနှင့်ပါ အစစအရာရာ သင်ကြားပြသပေးလေသည်။

ကျော်သီဟကလည်း လုပ်ရည်ကိုင်ရည်ရှိသူဖြစ်သော ကြောင့် သေခြာစွာလေ့လာမှတ်သားခဲ့ပေသည်။

ယခုတော့ ဦးထန်ဖုန်းရှိန်က သူကိုယ်တိုင်မသွားတော့ပဲ ကျော်သီဟကိုပင် စေခိုင်းလေတော့သည်။

ကျော်သီဟကလည်း ဦးထန်ဖုန်းရှိန်စေခိုင်းသည်အတိုင်း အကျိုးရှိအောင် ဆောင်ရွက်ပေးလေသည်။

တောလမ်းခရီးဖြင့် အရောင်းအဝယ်သွားသော ကိစ္စမှာ အရေးကြီးသည်။ အန္တရာယ်များလှသောကြောင့် လူများဖို့လိုသည်။ သစ္စာရှိသော လက်တွဲဖက်များ ရှိဖို့လိုသည်။

ထို့ပြင် သေနတ်စသော လက်နက်များလည်း လျှို့ဝှက်ယူဆောင်သွားကြရသည်။ တောထဲ၌ သွားလာကြရာတွင်



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်မျိုးစုံတို့နှင့် တွေ့ရနိုင်သည်။

သဘာဝဘေးအန္တရာယ်များ၊ တောတိရစ္ဆာန်တို့၏ အန္တရာယ်များအပြင် တောထဲမှာသွားလာနေကြသူအချင်းချင်း လုယက်တိုက်ခိုက်မှုမျိုးဖြင့်လည်း ကြုံတွေ့ရတတ်သည်။

တောထဲမှာ အရောင်းအဝယ်သွားလာနေကြသော အဖွဲ့များထဲတွင် မြန်မာပြည်ဘက်မှ အဖွဲ့များရှိသလို..ယိုးဒယားဘက်မှလာသော အဖွဲ့များလည်း ရှိကြလေသည်။

ယိုးဒယားဘက်မှ ဝင်ရောက်လာသော အဖွဲ့အချို့မှာ သစ္စာမရှိကြပေ။ လက်နက်များယူဆောင်လာပြီး အခွင့်သာပါက သတ်ဖြတ်သုတ်သင်ပြီး ငွေနှင့်ပစ္စည်းအားလုံး ယူဆောင်သွားတတ်ကြသည်။

ထိုအခါမျိုးနှင့် ကြုံလျှင် အကျိုးအမြတ်မရသည့်အပြင် ပစ္စည်းများပါဆုံးရှုံးကြရပေသည်။ ထို့ကြောင့် တောထဲသို့ သွားသောအခါမှာ လူများဖို့လိုသည်။ လက်နက်ပါဖို့လိုသည်။

ကျော်သီဟ ခေါင်းဆောင်ပြီးသွားသောအဖွဲ့မှာတော့ လူအင်အားတောင့်သည်။ ကုန်ပစ္စည်းထမ်းသော ကုလားအလုပ်သမားများအပြင် လက်ရွေးစင်ခေါ်ထားသော လူအချို့လည်း ရှိကြသည်။

၄င်းတို့မှာ သာဒိုးလှ၊ ထွန်းခ၊ စံနက်ကျော်၊ သန်းဧ... ပေတာလူး စသူတို့ဖြစ်ကြလေသည်။

၄င်းတို့သည် လူညီသည်ကတစ်ကြောင်း၊ အဖွဲ့အင်အား တောင့်တင်းသည်ကတစ်ကြောင်းကြောင့် အရောင်းအ



www.burmeseclassic.com

www.burmeseclassic.com



ယ်ကိစ္စများကို နယ်စပ်မှာပင် မလုပ်ပဲ ယိုးဒယားနယ်အတွင်း ပင် သွားရောက်ရောင်းချကြသည်။

ယိုးဒယားဘက်မှ လာသူများက မဲကလောင်မြစ်ကမ်း ရှိသော စုရပ်များအထိ လာရောက်ကြသည်။

ကန်ချဘူရီ၊ အန်ဘူးဘန်ပေါင်း၊ အမ်စမတ်၊ မုံးဒွလ်ရချ် ရှိစသော မြို့များမှ ကုန်သည်များဖြစ်ကြသည်။

၄င်းတို့က မဲကလောင်မြစ်ကမ်းမှာရှိသော စခန်းများ သာရောက်ကြသည်။

ကျော်သီဟတို့က ထိုနေရာအထိ သွားရောက်ကြလေ ည်။ ယိုးဒယားလူမျိုးတစ်ယောက်ကို စကားပြန်အဖြစ် ခေါ် ပြီး အရောင်းအဝယ်ပြုလုပ်သည့်အခါ များစွာအဆင်ပြေ ည်။

ကုန်သည်များဆုံသော မဲကလောင်မြစ်ကမ်းမှ စခန်း အထိ သွားသောအခါ နယ်စပ်မှာ အရောင်းအဝယ်လုပ်ကြ ည်ထက် ပိုပြီးအကျိုးကျေးဇူးရရှိလေသည်။

မိမိတို့နယ်ဘက်မှယူသွားသော ကုန်ပစ္စည်းများလည်း ကောင်းရသည်။ ယိုးဒယားဘက်မှလာသော ကုန်ပစ္စည်းများ ည်း မျိုးစုံရသည်။ သို့ကြောင့် အသွားအပြန် အကျိုးရှိသော ငန်းမျိုး ဖြစ်သည်။

မြန်မာပြည်ဘက်မှာရှိသော အချို့ကုန်သည်များက ရာယ်များသော ထိုခရီးမျိုးအထိ မသွားမလာကြပေ။

၄င်းတို့သည် မြိတ်၊ ထားဝယ် ဘက်မှယူဆောင်လာ



www.burmeseclassic.com

www.burmeseclassic.com



သော ကုန်ပစ္စည်းများကို လှေများဖြင့် တင်ယူလာပြီး တနင်္သာ
မြစ်ကမ်းတဖလျှောက်မှာရှိသော ရွာများ၌ စခန်းချနေကြသည်။

ယိုးဒယားဘက်မှ ကုန်ပစ္စည်းအရောင်းအဝယ်လာ
သောကုန်သည်များနှင့်တွေ့လျှင် ကုန်ပစ္စည်းချင်းဖလှယ်
အရောင်းအဝယ်ပြုလုပ်ကြလေသည်။ ဤသို့ဖြင့် နှစ်ဦးနှစ်ဘ
အဆင်ပြေနေကြခြင်းဖြစ်သည်။

ဦးထန်ဖုန်းရှိန်နေသော မိုးမခရွာမှာ အိမ်ခြေများ
စည်ကားသောရွာကြီးတစ်ရွာဖြစ်သောကြောင့် အခြားမှ
ရောက်ကြသည့် ကုန်သည်များ စခန်းချကြလေသည်။

ဦးထန်ဖုန်းရှိန်က မြိတ်၊ ထားဝယ်ဘက်မှ လှေကြီးမျာ
ဖြင့်သော်လည်းကောင်း၊ တောလမ်းခရီးမှသော်လည်းကော
ကုန်သည်များ ရောက်လာပါက သင့်တော်သော ကုန်ပစ္စည်းမျာ
တွေ့လျှင် ကြိုတင်ဝယ်ယူထားပြီး ငှင်းထံမှာ သိုလှောင်ထာ
သော ရောင်းချရန်ရှိသော ကုန်ပစ္စည်းများရှိလျှင်လည်း အမြတ်
ပါက ရောင်းချလိုက်သည်။

ထိုအရောင်းအဝယ်ကိစ္စများကိုတော့ မြနှင်းဖြူ
လုပ်ကိုင်ဆောင်ရွက်လေသည်။

မြနှင်းဖြူက အသက် (၂၃)နှစ်ဝန်းကျင်အရွယ်ရှိလာ
ဖြစ်သော်လည်း အပူအပင်မရှာပဲ မိဘအရိပ်တွင် အေးအေး
နေလေသည်။ သူမက အေးအေးနေသော်လည်း မအေးနိုင်
တွေကတော့ ရှိကြသည်။

မြနှင်းဖြူက ရုပ်ရည်ချောမောသည့်အပြင် သွက်လ



www.burmeseclassic.com

www.burmeseclassic.com



ချက်ချာမှုလည်းရှိသည်။

ထို့ပြင် မိဘများက စီးပွားရေး အတန်အသင့်ကောင်းကြသဖြင့် သူမကိုစိတ်ဝင်စားသူများသည်။

ရွာခံလူမျိုးကာလသားများအပြင် အခြားရွာမှလူမျိုးကာလသားများကလည်း ပိုးပန်းကြသည်။

ထိုမျှမကသေးပဲ အရောင်းအဝယ်လာကြသော ကုန်သည်ပွဲစားများကလည်း နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်ကြသည်များရှိသည်။

သို့သော် မြနှင်းဖြူကတော့ ယခုအချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမှ လက်ခံခြင်းမရှိသေးပေ။ ထိုအထဲတွင် ကျော်သီဟလည်း အပါအဝင်ဖြစ်ပေသည်။

ကျော်သီဟက ဆွေမျိုးသားချင်းတော်စပ်သည်ဆိုသော်လည်း ဝမ်းကွဲဖြစ်သည်။

ထို့ကြောင့် သူက မြနှင်းဖြူကို ချိန်ရွယ်နေလေသည်။ တစ်အိမ်ထဲမှာ လက်ပွန်းတတီးနေရသူလည်းဖြစ်ပြန်၊ သူမတို့၏ စီးပွားရေးလုပ်ငန်းကို ဦးဆောင်ဦးရွက် လုပ်ကိုင်ပေးနေရသူလည်း ဖြစ်သောကြောင့် တစ်နေ့ကျလျှင် မြနှင်းဖြူမှာ သူ့လက်ထဲရောက်ရမည်ဟု ချိန်ရွယ်ထားလေသည်။

မြနှင်းဖြူက ထိုအခြေအနေကို သိသော်လည်း မသိကျိုးကျွံချင်သာ နေလေသည်။ ကျော်သီဟကတော့ အခွင့်သာသည့်အခါတိုင်း ထိုအကြောင်းကို စကားစသည်။

"ငါတို့ခရီးသွားတဲ့အလုပ်က အသက်ဘေးအန္တရာယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com


အတော်နီးတယ်..၊ ဒါပေမယ့် ငါဘာကြောင့် လုပ်ပေးနေတယ် ဆိုတာ နင်သိသလား"

"ဘယ်သိမှာလဲ..."

"နင့်သံယောဇဉ်ကြောင့် လုပ်ပေးနေတာ"

"ငါကအဲဒါမျိုးတွေ စိတ်မဝင်စားဘူး"

"တကယ်ဆိုရင် ငါ့အရည်အချင်းနဲ့ဆိုရင် ကိုယ်ဖာသာ ခွဲလုပ်ရင်ရနေပြီ၊ ဒါပေမယ့်.."

"နင်က အခုတော့ ဒီစကားမျိုးပြောလာပြီလား၊ အရင် ကတော့ အဖေသင်ပေးတဲ့ကျေးဇူးတွေ၊ ခေါ်ယူစောင်ရှောက် ထားတဲ့ကျေးဇူးတွေကို ပြန်ဆပ်မယ်လို့ ပြောခဲ့တယ် မဟုတ် လား"

ချက်ကျလက်ကျပြောလိုက်သော မြနှင်းဖြူစကား ကြောင့် ကျော်သီဟမှာ မျက်စိမျက်နှာတစ်ချက် ပျက်သွားသော သည်။

"ဒါကတော့ ဒါပေါ့၊ ဒါပေမယ့် နင်လည်း ငါ့ဘက်က တော့ စဉ်းစားပေးသင့်တာပေါ့"

"အမှန်အတိုင်းပြောရရင်တော့ ငါနင့်ကို မောင်နှမ တစ်ယောက်လိုပဲ ခင်တယ်၊ ဒီထက်တော့ မပိုနိုင်ဘူး၊ တခြား သူတွေကလည်း ငါတို့နှစ်ယောက်ကို မောင်နှမလို့ပဲသိထား တာဆိုတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"နင်ဘက်က ဒီလိုပြောလာမှတော့ ငါ့ဘက်ကလည်း တစ်မျိုးတစ်ဖုံ စဉ်းစားရမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ဟု အကြပ်ကိုင်သည့် လေသံမျိုးဖြင့် ပြောသည်။

"နင်မရှိရင် မဖြစ်ဘူးဆိုတဲ့ သဘောမျိုးနဲ့ ဒီစကားမျိုး ပြောတာလား"

ကျော်သီဟက ဘာမှပြန်မပြောပေ။

"ဒါကတော့ နင့်သဘော နင်ဆုံးဖြတ်ချက်ပဲပေါ့"

"ဒီလိုအကျပ်ကိုင်ပြီးတော့မှ ငါ့မေတ္တာကို ရဖို့ကတော့ ဒီတစ်သက် မမျှော်လင့်နဲ့တော့"

ဟုပြောပြီး နေရာမှ ထသွားရာ ကျော်သီဟမှာ မကျေနပ်ဖြစ် အံတင်းတင်းကြိတ်ကာ နေရာ၌ ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၅]

# ထမင်း၊ ဟင်းပို့ပေးသော ကျောက်ဘီလူး

လအနည်းငယ်ကြာသောအခါ နီမောင်နှင့် ရင်မောင်တို့ ညီအစ်ကိုနှစ်ယောက် ကြီးစားရှင်းလင်းသော မြေကွက်မှာ အတော်ပင် ကျယ်ဝန်းသွားခဲ့လေသည်။

တစ်ခါတစ်ရံ ဦးဘရှိန်ပါလိုက်လာပြီး ဝိုင်းကူသဖြင့် သုံးယောက်ဖြစ်သည်။ ဦးဘရှိန် မပါလျှင်တော့ ညီအစ်ကိုနှစ်ယောက်သာ နေ့စဉ်လာပြီး ခုတ်ထွင်ရှင်းလင်းကြလေသည်။

သူတို့ရှင်းလင်းသော မြေကွက်မှာ ကြီးမားသော သစ်


www.burmeseclassic.com

www.burmeseclassic.com


ပင်ကြီးများ မရှိသလောက်နည်းသဖြင့် လယ်ပိုင်းအတွင်းမှာ
ကျယ်ပြန့်သောမြေကွက်ကို ပိုင်ဆိုင်ရရှိခြင်းဖြစ်လေသည်။

ခုတ်ထွင်ရှင်းလင်းထားသော သစ်ပင်ချုံနွယ်တို့အား မြေ
ပေါ်တွင်ပုံထားပြီး ခြောက်သွားသောအခါ မီးရှို့ပစ်လိုက်သည်။

မီးရှို့ရာမှ ထွက်လာသော ပြာများမှ လယ်အတွက် အ
ကောင်းဆုံးမြေသြဇာများပင်ဖြစ်သည်။ သစ်တောမြေများကို
ခုတ်ထွင်ရှင်းလင်းပြီး စိုက်ပျိုးသောမြေမှာ နှစ်ဦးပိုင်း ကာလ
များတွင် ထွန်းယက်စရာမလိုပဲ သဘာဝအတိုင်း စိုက်ပျိုး၍ရ
သည်။ နှစ်ကြာပြီး မြေသားကျစ်သွားတော့မှ ကျွဲနွားတို့ဖြင့်
ထွန်ယက်ကြရသည်။ သစ်တောမြေမှာ မြေသြဇာကောင်းလှ
သောကြောင့် စပါးစိုက်သည့်အခါ များစွာဖြစ်ထွန်းလေသည်။

ရင်မောင်မှာ အစ်ကိုဖြစ်သူနှင့် လိုက်လာရသော်လည်း
ပထမရက်များမှာတော့ ကြောက်ရွံ့ထိတ်လန့်မှုရှိခဲ့ပေသည်။

နောက်ပိုင်းရက်အတော်ကြာလာသည်အထိ အန္တရာယ်
အယှက်အန္တရာယ်များနှင့် မတွေ့ရတော့မှ စိတ်သက်သာရာရပြီး
အလုပ်ကိုတွင်ကျယ်စွာ လုပ်နိုင်လေသည်။

ထိုလယ်မှ စပါးထွက်လာသောအခါ သူ့ကိုရှင်ပြုပေးနိုင်
တော့မည်ကိုသိသဖြင့်လည်း စိတ်အားထက်သန်မှုဖြစ်လာလေ
သည်။

နီမောင်တို့ ညီအစ်ကိုနှစ်ယောက် ကျောက်အိုးလှ
တောင်တစ်ဝိုက်တွင် အလုပ်လုပ်၍ အဆင်ပြေနေခြင်းမှာ ထို
တောင်တစ်ဝိုက်မှာနေသည်ဆိုသော ဒီပဆိုသည့် လူရှယ်နှင့်


www.burmeseclassic.com

www.burmeseclassic.com


ခင်မင်ရင်းနှီးနေသောကြောင့်ဖြစ်သည်။

သို့သော် သူ့အတွက်တော့ ထမင်းဟင်းများ ချက်ပြုတ်ပြီးယူလာပေးရသည်။

ဒီပကလည်း အလကားစားနေသည်တော့မဟုတ်ပေ။ လိုအပ်သော ငွေကိုပေးပြီး သူစားသောက်လိုသော အစားအသောက်တို့ကို မှာယူစားသောက်နေခြင်းသာဖြစ်ပေသည်။ ဒီပပေးသောငွေက ကုန်သောငွေထက် ပိုနေသဖြင့် ထိုငွေများကို စုဆောင်းထားလေသည်။

ဒီပက ငွေပေးသောအခါတိုင်း နီမောင်က ကျန်နေသေးလျှင် ကျန်နေကြောင်း ပြောပြရသည်။

"မင်းပေးထားတဲ့ငွေက မကုန်သေးဘူး၊ ရှိသေးတယ်"

"ငါက စေတနာရှိလို့ပေးတာပါကွာ၊ ပိုနေတော့လည်း သိမ်းထားပေါ့၊ မင်းညီကို ရှင်ပြုတဲ့အခါကျတော့ ထည့်သုံးပေးပေါ့၊ ငါလည်းကုသိုလ်ရတာပေါ့"

ထိုသို့ပြောတော့မှ သဘောပေါက်သွားပေတော့သည်။

နောက်ပိုင်းတော့ ဒီပကငွေပေးလျှင် ပိုသည်ဖြစ်စေ မပိုသည်ဖြစ်စေ ဘာမှထွေထွေထူးထူး မပြောတော့ပေ၊

"ငါတို့မိသားစုကို အခုလိုကူညီစောင့်ရှောက်ပေးနေတာကို ကျေးဇူးတင်ပါတယ်ကွာ..."

"ဒီလိုပေါ့ကွာ၊ တစ်ဦးစေတနာ၊ တစ်ဦးမေတ္တာပေါ့၊ ငါက မင်းတို့ကို ကူညီစောင့်ရှောက်ပေးနေသလို၊ မင်းတို့ကလည်း ပြန်ပြီးအကူအညီပေးနေကြတာပဲ မဟုတ်လား၊ မင်းတို့


www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့မှပဲ ငါလည်း အစားအသောက်တွေ ဝအောင် စားရပေတော့တယ်၊ ဒီအတွက်လည်း ငါကမင်းတို့ကို ကျေးဇူး တင်ပါတယ်”

ဟု ပြောလေသည်။

ထိုသို့ ခင်မင်ရင်းနှီးနေသော်လည်း ဒီပကို အမြဲ တွေ့ နေရခြင်းတော့မဟုတ်ပေ။ တစ်ခါတစ်ရံမှသာ တွေ့ရခြင်းဖြစ် သည်။

ငွေလာပေးသည့်အခါလောက်သာတွေ့ရပြီး အစား အသောက်များပါလာလျှင်တော့ ဖက်ဖြင့်ပုံပြီး ဂူပေါက်ဝမှာ ချထားပေးရသည်။

လာယူတာလည်းမတွေ့ရ၊ စားသောက်တာလည်း မ တွေ့ရပေ။

သို့သော် တစ်ခါတစ်ရံမှာတော့ နီမောင် အလုပ်နားနေ သော အချိန်တွင် ရောက်လာပြီး စကားပြောလေ့ရှိလေသည်။

တစ်နေ့တော့ ရင်မောင်မရှိခိုက် နှစ်ယောက်တည်းတွေ့ ကြသောအခါ နီမောင်ကမေးလေသည်။

“မင်းကဒီတောင်မှာနေတာဆိုတော့ မေးရဦးမယ်၊ ရွာ ထဲကလူတွေက အလှူအတန်းကိစ္စတွေရှိရင် ဒီတောင်မှာ လာပြီး လက်ဝတ်ရတနာတွေ ငှားကြတယ်၊ အဲဒါဘယ်သူတွေ ငှားပေး တာလဲဟင်”

“ဒီတောင်မှာရှိကြတဲ့ သူတွေက ငှားပေးကြတာပေါ့” ဒီပက အေးအေးပင် ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းတွေဟာရင် ကျိန်စာဆိုတာကရော ဘယ်သူတွေ ဘာဆိုတာလဲ"

"ဒီမှာရှိတဲ့သူတွေကပဲ ဆိုကြတာပေါ့"

"ရတနာ့ပစ္စည်းတွေကရော ဘယ်မှာရှိတာလဲဟင်"

"ဒီတောင်မှာပဲ ရှိတာပေါ့"

"မင်းတွေ့ဖူးသလား"

ဒီပက ခေါင်းညိတ်ပြသည်။

"အဲဒီပစ္စည်းတွေက မင်းပိုင်တာလား"

"သက်ဆိုင်တာပါ"

ဒီပက ထိုမျှလောက်သာပြောလေသည်။

သို့ကြောင့် နီမောင်က ဆက်မမေးတော့ပေ။

ထိုအခါ ဒီပက မေးသည်။

"မင်း ရတနာ့ပစ္စည်းတွေ လိုချင်လို့လား"

"မလိုချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ငါက ငါကိုယ်တိုင် ရှာဖွေပေးထားတဲ့ ပစ္စည်းမျိုးမှတ်ပဲ အလကားရတဲ့ ပစ္စည်းမျိုးဆိုရင် ဘာမှ မလိုချင်ဘူး"

ထိုစကားကြောင့် ဒီပက တစ်ချက်ရယ်လိုက်လေသည်။

"မင်းက တကယ်ရိုးသားတာပဲ စိတ်ထားလည်းအတော်ဖြူစင်တယ်၊ ဒါကြောင့် ငါနဲ့ပေါင်းလို့ဖြစ်တာပဲ..."

ဒီပ ကပြောသော်လည်း နီမောင်ကတော့ ထွေထွေထူးထူး ဘာမှမပြောပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဂူထဲမှာရှိတဲ့ ရတနာပစ္စည်းတွေကို မင်းကြည့်ချင်ရင် ငါပြပါ့မယ်"

"မကြည့်ချင်ပါဘူးကွာ"

"ဘာဖြစ်လို့လဲ"

"ကိုယ်နဲ့မသက်ဆိုင်တဲ့ပစ္စည်းတွေကိုမြင်တော့ စိတ်ထဲက လောဘဖြစ်မိရင် အကုသိုလ်များမှာ စိုးလို့ပါ"

ဟု ရိုးရိုးသားသားပင် ပြောလိုက်သည်။

"ငါ မင်းကို မှာထားစရာတစ်ခုတော့ရှိတယ်"

"ဘာများလဲ"

"ရွာကလူတွေက ဒီတောင်မှာလာပြီး ရွှေငွေလက်ဝတ်ရတနာတွေလာပြီး ငှားရမ်းကြတယ်၊ တချို့ကတော့ ရိုးသားကြတယ်၊ တချို့က မရိုးသားကြဘူး၊

ဒါကြောင့် ဒီတောင်မှာ ပစ္စည်းငှားဖို့ တခြားလူတွေက ခေါ်ရင် မင်းဘယ်တော့မှ လိုက်မလာပါနဲ့၊ ဘယ်သူ့အတွက်မှလည်း ကျိန်စာ(ကတိ)မခံပါနဲ့"

"ဘာဖြစ်လို့လဲ"

"ပစ္စည်းငှားသွားတဲ့လူတွေဘက်က မရိုးဖြောင့်ပဲ တစ်ခုခုလုပ်ခဲ့ရင် ဒီတောင်ရဲ့ ကျိန်စာကိုခံကြရတယ်၊ အဲဒီအခါကျရင် ဘယ်သူပဲဖြစ်ဖြစ် ကျိန်စာဆိုထားခဲ့တဲ့သူပဲ ကျိန်စာခံရတယ်၊ တခြားသူအတွက်နဲ့ မင်းခံရမှာစိုးလို့ ငါကကြိုတင်သတိပေးထားတာပါ"

"အေးပါကွာ၊ ငါက ဒါမျိုးတွေလည်း စိတ်မဝင်စားပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဘယ်သူ့အတွက်မှာလဲ ကျိန်စာဝင်မခံပါဘူး”

ဟုပြန်ပြောလိုက်လေသည်။

“နောက်တစ်ခုလည်း ငါပြောစရာရှိသေးတယ် နီမောင်ရ”

“ဘာလဲ”

“မင်းဒီတစ်ခါ ဟင်းချက်ယူလာရင်..ခါတိုင်းလို ဂူပေါက်ဝမှာ ချမထားပဲ ဂူထဲကိုဝင်လာပြီး ထားပေးပါကွာ”

“ဘယ်နေရာမှာ ချထားရမှာလဲ”

“ဂူပေါက်ထဲကိုဝင်လာရင် အတွင်းရောက်တဲ့ခါ ဘီလူးရုပ်တုကြီး တွေ့ရလိမ့်မယ်”

“ဟင်..”

“ဟင်းနဲ့ထမင်းတွေကို အဲဒီဘီလူးရုပ်တုကြီးရဲ့ရှေ့မှာ ချထားပေးပါကွာ၊ တစ်ခုတော့ မှာပါရစေ၊ တကယ်လို့ ဂူထဲဝင်လာရင်တော့ တခြားသူတွေ ဘယ်သူမှ မပါပါစေနဲ့၊ မင်းတစ်ယောက်တည်းပဲ ဝင်လာခဲ့ပါ”

“ဘာဖြစ်လို့လဲ”

“ဂူထဲကို တခြားလူတွေဝင်ခွင့်မပေးဘူး၊ မင်းလာရင် အန္တရာယ်ဖြစ်မှာစိုးလို့ပါ”

“အေးပါကွာ၊ ဘယ်သူမှ မခေါ်ခဲ့ပါဘူး၊ ငါတစ်ယောက်တည်းပဲ ဝင်လာခဲ့ပါ့မယ်”

ဟုပြန်ပြောလိုက်လေသည်။

နောက်တစ်ရက်မှာတော့ ဒီပအတွက် ချက်ယူလာ



www.burmeseclassic.com

www.burmeseclassic.com



သော ထမင်းနှင့်ဟင်းများကို ခါတိုင်းလို ဂူပေါက်ဝမှာ ဖက်ဖြင့် ပုံမထားခဲ့တော့ပဲ ဂူထဲယူသွားရန်ပြင်နေသည်ကို မြင်သောအခါ ရင်မောင်ကမေးသည်။

"အစ်ကို ထမင်းနဲ့ဟင်းတွေကို ဘယ်ယူသွားမလို့လဲ"

"ဂူထဲယူသွားမလို့"

"ခါတိုင်းလို ဂူပေါက်ဝမှာ ဖက်နဲ့ပုံမထားပေးတော့ဘူးလား"

နီမောင်က ခေါင်းခါပြလိုက်လေသည်။

"ငါ ဂူထဲခဏဝင်သွားလိုက်ဦးမယ်၊ မင်းဝင်လိုက်မလာနဲ့နော်၊ ငါအတွင်းဝင်သွားတုန်း တခြားလူတွေရောက်လာပြီးမေးရင်လည်း မပြောနဲ့"

ရင်မောင်က မျက်လုံးအပြူးသားဖြင့် ခေါင်းညိတ်ပြလေသည်။

ထို့နောက် တမင်းနှင့်ဟင်းအပိုများ ထည့်ထားသော ချိုင့်ကိုဆွဲကာ ဂူအတွင်းသို့ ဝင်သွားလေတော့သည်။

ကျောက်ဘီလူးတောင်ပတ်လည်တွင် ဂူပေါက်များစွာရှိကြသည်။ နီမောင့်အနေဖြင့် အခြားဂူပေါက်များအတွင်းသို့ မရောက်ဖူးပေ၊ ယခုဝင်သော ဂူပေါက်မှာလည်း ဦးစွာရောက်ခဲ့ဖူးခြင်း ဖြစ်ပေသည်။

ဂူပေါက်မှာအတွင်း ရောက်တော့ အတော်ပင် ကျယ်သန်းလေသည်။ ပင့်ကူအိမ်ပိုးမျှင်များ၊ လင်းနို့ချေးများဖြင့် ရှုပ်ထွေးလှသည်။



www.burmeseclassic.com

www.burmeseclassic.com



အထဲသို့ လူအဝင်အထွက် မရှိသေးသောကြောင့် ဂူပေါက်ဝများမှာ ပင့်ကူမျှင်များပိတ်နေလေသည်။

နီမောင်က တုတ်တစ်ချောင်းကိုယူပြီး အတွင်းသို့ ဝင်သွားလေသည်။

အတွင်းမှာတော့ အလင်းရောင်မရှိသဖြင့် မှောင်နေသည်။ ဂူအပြင်ဘက်မှဝင်နေသော အလင်းရောင်ကြောင့်သာ အတန်အသင့်မြင်နေရခြင်းဖြစ်သည်။

တကယ်ဆိုပါက ထိုဂူပေါက်အတွင်းသို့ တစ်ယောက်တည်းမဝင်သင့်ပေ။

သို့သော် နီမောင်ကတော့ ဒီပမှာထားခြင်းဖြစ်သောကြောင့် မကြောက်မရွံ့နှင့် တစ်ယောက်တည်းပင် ဝင်လာခဲ့လေသည်။ အတွင်းဘက်သို့ရောက်တော့ ဂူပေါက်က အနည်းငယ်ကျယ်ဝန်းပြီး ရှင်းလင်းလာသည်။

တစ်နေရာရောက်တော့ ရုပ်တုကြီးတစ်ခုကိုတွေ့ရလေသည်။ ကျောက်ပလ္လင်ပေါ်တွင် ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲအနေအထားမျိုးဖြင့် သံလျက်ထမ်းထားသော ကျောက်ဘီလူးကြီးပင်ဖြစ်ပေတော့သည်။

အရွယ်အစားကတော့ လူထက် နှစ်ဆသုံးဆခန့်ကြီးမားလေသည်။ မည်သည့် အချိန်ကထုလုပ်ထားမှန်းမသိရသော်လည်း ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသောကြောင့် အသက်ရှိ ဘီလူးတစ်ကောင်ထိုင်နေသည်နှင့် များစွာတူလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ပြူးထွက်နေသော မျက်လုံးနှစ်လုံးက သူ့ကို စိုက်ကြည့်နေသကဲ့သို့ ထင်ရလေသည်။

မှောင်မည်းနေသော ကျောက်ဂူအတွင်းမှာ ကြောက်စရာကောင်းလှသော ဘီလူးရုပ်တုကြီးနှင့်အတူရှိနေခြင်းမှာ ကောင်းလှသည်တော့မဟုတ်ပေ။

သို့သော် နီမောင်ကတော့ ကြောက်ရွံ့ခြင်းမရှိပေ။

"ဒီဂူထဲမှာ ကျောက်ဘီလူးရုပ်တုကြီးရှိနေတာကိုး၊ ဒါကြောင့် ဒီတောင်ကို ကျောက်ဘီလူးတောင်လို့ ခေါ်ကြတာကိုး၊ ဒီပ ပြောသွားတဲ့ ကျောက်ဘီလူးရုပ်တုဆိုတာ ဒီရုပ်တုပဲ ဖြစ်မယ် ထင်တယ်"

ဟုတွေးပြီး ပါလာသောထမင်းနှင့် ဟင်းတို့ကို ကျောက်ပလ္လင်ရှေ့တွင်ရှိသော ကျောက်ပြားပေါ်တွင် ဖက်ဖြင့်ပုံကာ တင်ထားပေးခဲ့ပြီး အပြင်သို့ ပြန်ထွက်လာလေသည်။

"အစ်ကို ဂူထဲမှာ ဘာတွေရှိသလဲဟင်"

အပြင်ရောက်တော့ ရင့်မောင်ကမေးသည်။

"ဘာမှမရှိပါဘူးကွာ.."

"ဒါဖြင့် ထမင်းတွေဟင်းတွေက ဘယ်နေရာသွားချထားတာလဲ"

"ဂူထဲမှ သွားချပေးထားခဲ့တယ်"

"ခါတိုင်း ဂူပေါက်ဝမှာ ချထားပေးခဲ့တာပဲ မဟုတ်ဘူး"

"ဂူပေါက်ဝမှာထားသော ကျေးငှက်တွေ ဝင်စားမှာစိုးလို့ ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုအဆင်ပြေသလို ပြောလိုက်လေသည်။

သို့သော်လည်း နောက်ရက်များမှာတော့ ဒီပကို မတွေ့ရပေ။

ဒီပတစ်ယောက် ဘယ်ပျောက်နေသည်ကို သူမသိသော်လည်း ပို့ပေးနေကျထမင်းနှင့် ဟင်းများကိုတော့ ဂူအတွင်းမှာရှိသော ကျောက်ဘီလူး ရုပ်ကြီးရှိသောနေရာသို့ ရောက်အောင်သွားပို့ပေးခဲ့သည်။

တစ်နေ့တော့ ထမင်းဟင်းများ ပုံနေကျကျောက်ပြားပေါ်မှာ ဖက်ဖြင့်ပုံထားသော အရာများကို တွေ့ရလေသည်။

အခြားတော့မဟုတ်ပေ။

ငွေဒင်္ဂါးအချို့ပင်ဖြစ်လေသည်။

နီမောင်က ငွေဒင်္ဂါးများမြင်တော့ မအံ့ဩမိပေ။

သို့သော်..ယူသွားရမလား..မယူပဲထားခဲ့ရမလား ဇဝေဇဝါဖြစ်နေသည်။

"ငွေဒင်္ဂါးတွေက ငါ့ကို ထမင်းဖိုး ဟင်းဖိုးပေးတာများဖြစ်မလား၊ အရင်ကတော့ ဒီပက လာပေးနေတာပဲ ၊ အခု ဒီပတစ်ယောက် ဘယ်ပျောက်နေသလဲမသိဘူး၊ ငါ ဒီငွေဒင်္ဂါးတွေကို ယူသွားရရင်ကောင်းမလား၊' မယူပဲ ဒီအတိုင်းထားခဲ့ရရင်ကောင်းမလား"

ဟု ချီတုံချတုံဖြစ်နေမိသည်။

သို့သော်လည်း သူ့အနေနှင့် မယူဝံ့ပေ။

အမှားအယွင်းကြောင့် တစ်ခုခုဖြစ်မည်ကို စိုးထဲက



www.burmeseclassic.com

www.burmeseclassic.com



စိုးရွံ့နေမိလေသည်။

သို့ကြောင့် မယူတော့ပဲ ထုံးစံအတိုင်း ထမင်းနှင့် ဟင်း များကို ဖက်ဖြင့်ပုံပေးခဲ့ပြီး ပြန်လှည့်ထွက်ရန် ဟန်ပြင်လိုက် သည်။ ထိုအခိုက်မှာပင် နောက်ဘက်မှ အသံကြားလိုက်ရသည်။

"ငွေဒင်္ဂါးတွေက ထမင်းဖိုးပေးတာ၊ ယူသွားလေ..."

"ဟင်..."

ထိုအသံကြောင့် တအံ့တသြဖြစ်လာကာ နောက်ဘက် သို့ လှည့်ကြည့်လိုက်သည်။

နောက်ဘက်မှာတော့ ငြိမ်သက်နေသော ကျောက်ဘီ လူးရုပ်တုကြီးမှလွဲပြီး ဘယ်သူမှ မတွေ့ရပေ။

သူ့စိတ်ထဲမှာတော့ အမှောင်ထဲမှာရှိနေသော ကျောက် ဘီလူးရုပ်တုကြီးမှာ မျက်လုံးနေရာတစ်ဝိုက်တွင် အရောင်လက် နေပြီး အသက်ဝင်နေသကဲ့သို့ ထင်ရလေသည်။

ထိုအခြေအနေကြောင့် နီမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကျောက်ပြားပေါ်မှာ ပုံထားသော ငွေဒင်္ဂါး များကို ကောက်ယူပြီး ဂူအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

နောက်ဘက်၌ ကျန်ခဲ့သော ကျောက်ဘီလူးကြီးက တော့ သူထွက်သွားရာသို့ ဦးခေါင်းလှည့်ပြီး လိုက်ကြည့်နေ သည်ကိုတော့ နီမောင် မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၈]

# ကျိန်စာဖြင့် ငှားယူရသော ရတနာများ၊

နွေရာသီစပါးသိမ်းချိန်ပြီးသောအခါ ကျေးရွာများမှာ နေထိုင်ကြသူတို့အတွက် အလုပ်တာဝန်များ အတော်ပင်နည်း သွားကြလေသည်။

အချို့လည်း လယ်ယာလုပ်ငန်းမရှိသောအခါ အထမ်း လိုက်ခြင်း၊ အချို့ကတော့ တောထဲဝင်ပြီး အမဲထောင်းခြင်း၊ အမဲလိုက်ခြင်းများ ပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အချို့က မြစ်ထဲ၊ ချောင်းထဲဆင်းပြီး ငါးပုစွန်ရှာ
သော အလုပ်လုပ်ကြသည်။

အချို့ကျတော့ သက်စွန့်ဆံဖျား အလုပ်မျိုးဖြစ်သော
မိကျောင်းဖမ်းသောအလုပ်မျိုးလုပ်ကြသည်။

၄င်းတို့ နေသောအရပ်မှာ ဒီရေတက်ပြီး ရွှံ့နွံထူထ
လှသည့် အရပ်ဖြစ်သောကြောင့် မိကျောင်း အလွန်ပေါသည်။

သို့သော် မိကျောင်းဖမ်းရသည်မှာ အန္တရာယ်များ
သည်။ ကျွမ်းကျင်မှုမရှိပါက အသက်အန္တရာယ်ဘေးဖြင့် ကြ
တွေ့ရတတ်သည်။

သို့စေကာမူ မိကျောင်းတစ်ကောင်ဖမ်းမိပါက အ
ကောင်လိုက်သော်လည်းကောင်း၊ သားရေချုပ်နှင့် သည်းခြေ
ထုတ်၍သော်လည်းကောင်း ယိုးဒယားဘက်မှလာသော ကု
သည်များကိုရောင်းချလျှင် ငွေရများလေသည်။

ထိုအချိန်များတွင် အချို့လည်း သင့်တော်သော
ကွက်ရှာပြီး တောရှင်းကြသည်။ လယ်တစ်ကွက်ရလျှင် စပါးတ
တင်းပိုထွက်သည်ဟူသော ရည်ရွယ်ချက်ဖြင့် လယ်သစ်များ
ချဲ့ကြသည်။

ကျေးလက်တောရွာများမှာ နေကြသူအတော်များများ
တို့မှာ နွေရာသီ စပါးပေါ်ချိန်၊ ခနိပေါ်ချိန်ရောက်ပြီး မိမိ
လယ်၊ မိမိတို့ခြံမှထွက်သော ခနိများကိုရောင်းချပြီးပါက
ရွှင်ကြသည်။

အပိုငွေရှိကြသူများက အလှူအတန်းပြုလုပ်ရန် စိတ်


www.burmeseclassic.com

www.burmeseclassic.com


ကြလေသည်။ အများအားဖြင့်တော့ ဘုရားပွဲ၊ ရှင်ပြုပွဲများ ပြုလုပ်ကြလေသည်။

ယခုလည်း မိုးမခရွာမှာရှိသော ဘုန်းကြီးကျောင်းတွင် စုပေါင်းရှင်ပြုပွဲရှိသည်။

ထိုဒေသတွင် နေကြသော ရွာများမှာ ရွာကြီးများ မရှိပေ၊ သို့ကြောင့် ရွာတိုင်းတွင် ဘုန်းကြီးကျောင်းမရှိပေ။

အနောက်ဘက်ကမ်းတွင် မိုးမခရွာ၌ ဘုန်းကြီးကျောင်း ပြီး အရှေ့ဘက်ကမ်းတွင် တောင်ညိုရွာ၌ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိသည်။

အနီးပတ်ဝန်းကျင်မှာနေကြသော ရွာများမှလူတို့သည် အလှူအတန်းကိစ္စရှိပါက ထိုကျောင်းများ၌ သွားရောက်လှူဒါန်းကြရသည်။

မိုးမခရွာမှာရှိသော ဘုန်းကြီးကျောင်းတွင် စုပေါင်း ရှင်ပြုပွဲရှိသဖြင့် ရွာများမှာ နေကြသူတို့မှာ ပြင်ဆင်နေကြသည်။

ရှင်ပြုပွဲကို ရွာလူကြီးဦးမွန်တော်ကပင် ဦးဆောင်ပြီး ပြုလုပ်ခြင်းဖြစ်သည်။ ငွေကြေးဆင်းရဲချို့တဲ့သူတို့၏ သားသမီး များကိုပင် စုပေါင်းငွေဖြင့် ရှင်ပြုပေးလေသည်။

ရှင်ပြုပွဲနီးတော့ ဦးမွန်ထော်က ဦးဘရှိန်ကိုခေါ်မေးလေ သည်။

"ကိုဘရှိန် ခင်ဗျားသားရင်မောင်က ရှင်မပြုရသေးဘူး မဟုတ်လား၊ တစ်ပါတည်း ထည့်လိုက်မလား"

"ရင်မောင်ကို နောင်နှစ်ကျမှ ရှင်ပြုပေးဖို့ မှန်းထားတာ


www.burmeseclassic.com

www.burmeseclassic.com



မို့ ဒီနှစ်တော့ မထည့်သေးပါဘူး သူကြီး”

“ခင်ဗျားတို့က သင့်တော်သလောက် ချောင်လည်ကြ တာပဲ၊ ကိုယ်သားကို သီးသီးသန့်သန့် ပြုပေးချင်တော့လည်း ကောင်းတာပေါ့ဗျာ၊ ဒီနှစ် နီမောင်တို့လယ်သစ်ဖော်နေတာ အတော်ခရီးရောက်နေပြီလို့ကြားတယ်”

“ဟုတ်ပါတယ်၊ နီမောင်က သူ့ညီလေးကိုရှင်ပြုပေးချင် လို့ ကြိုးစားနေတာပါ”

“ဒါထက် သူတို့လယ်တိုးတဲ့နေရာက ကျောက်ဘီလူး တောင်နားမှာဆို ဟုတ်လား”

“ဟုတ်ပါတယ်”

“အဲဒီနားမှာရှိတဲ့ မြေကွက်တွေက နယ်မြေကြမ်းလို့ အစဉ်အဆက် ဘယ်သူမှ မလုပ်ဝံ့ကြတဲ့နေရာတွေ မဟုတ်လား သူတို့တော့ ဘာမှပြောသံမကြားရပါလား”

“အခုထိတော့ ဘာမှပြောသံမကြားရသေးပါဘူး”

ဦးဘရှိန်က ထိုမျှလောက်သာ ပြန်ပြောလိုက်သည်။

“ကောင်းတာပေါ့ဗျာ ဒီအတိုင်းပစ်ထားရတဲ့ မြေတွေ ကို လုပ်ဝံ့တဲ့သူရှိလို့ လုပ်ကြတော့လည်း ကျုပ်တို့ရွာအတွက် ပိုကောင်းတာပေါ့”

ဟုပြောလေသည်။

ရှင်ပြုပွဲနီးလာတော့ အချို့ကျောက်ဘီလူးတောင်ဘက် သွားပြီး ပစ္စည်းငှားရမ်းကြသည်။ သို့သော် လူတိုင်းတော့မရ ရှင်လောင်းဝတ်ဆင်ပေးရန် ငှားသူအချို့သာရပြီး၊ သာ



www.burmeseclassic.com

www.burmeseclassic.com


မန်ဝတ်ဆင်ရန်အတွက် ငှားရမ်းသူများကတော့ မရကြပေ။ ရှေ့အခန်းများတွင် ရေးသားခဲ့သည့်အတိုင်း ပစ္စည်းငှားရမ်းယူသူတို့မှာလည်း ဒီအတိုင်းပေးလိုက်သည်တော့ မဟုတ်ကြပေ။

ကျောက်ဘီလူးတောင်မှ ကျိန်စာခံပြီးမှရခြင်းဖြစ်သည်။ ထိုတောင်မှ လက်ဝတ်ရတနာများ ငှားရမ်းယူလာခဲ့ပြီးလျှင် မိမိထံ၌သုံးရက်ပြည့်အောင် ထားခွင့်ရှိသည်။

သုံးရက်ကျော်လျှင်တော့ ကတိခံထားသည့်အတိုင်း ပြန်ပို့ပေးရသည်။ မပေးပဲ မေ့မေ့လျော့လျော့ရှိနေလျှင်တော့ ကျောက်ဘီလူးတောင်ဘက်မှ တောင်ဟီသံကြားရတတ်သည်။

တောင်ဟီသံမှာ သတိပေးသောအသံပင်ဖြစ်သည်။ ထိုအဲ့သို့ သတိပေးသော်လည်း ပြန်မပို့ပေးလျှင်တော့ တောင်စောင့်ဘီလူးရောက်လာပြီး သစ္စာခံထားသူကို အန္တရာယ်ပေးတော့သည်။

ခြေကျင်းကိုယူထားလျှင် ခြေထောက်ကို ကိုက်ဖြတ်သည်။ လက်စွပ်၊ လက်ကောက်စသည်တို့ယူလျှင် လက်ကို ကိုက်ဖြတ်သည်။ လည်ဆွဲတန်ဆာယူထားလျှင် လည်ပင်းကိုကိုက်ဖြတ်သည်။ ရင်လွှမ်းတန်ဆာယူလျှင် ရင်ဘတ်ကိုကိုက်ဖြတ်သည်။ ဆံထိုးစသော ဦးခေါင်းမှာဆင်သော ပစ္စည်းများယူထားလျှင် ဦးခေါင်းကိုဖြတ်သည်။

မိုးမခရွာမှ ကိုမောင်ငွေဆိုသူ လှူသောရှင်ပြုပွဲတွင် ချပ်ဝေးမှလာသော ညှော်သည်အမျိုးသမီးက မောင်ရှင်လောင်းဆင်ပေးထားသော ပုလဲလက်စွပ်ကို ခိုးယူထားသောကြောင့်


www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်ပြတ်အောင် ဘီလူးကိုက်ခြင်းခံရဖူးလေသည်။ ထို့ကြောင့် အချို့လည်း မငှားဝံ့ကြပေ...။

အချို့ရှိုးရိုးသားသားဝတ်ဆင်လိုသူများကတော့ ကထိန်ပွဲ၊ ရှင်ပြုပွဲ၊ အလှူပွဲများရှိလျှင် ကျောက်ဘီလူးတောင်မှ လက်ဝတ်တန်ဆာများ လာရောက်ငှားရမ်းပြီး ဝတ်ဆင်လေ့ရှိကြလေသည်။

တစ်နေ့သ၌ နေ့လည်ပိုင်းအချိန်လောက်တွင် ကျောက်ဘီလူးတောင်သို့ လူသုံးယောက်ရောက်လာကြသည်။

မိန်းကလေးနှစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့ဖြစ်ကြလေသည်။ မိန်းကလေးနှစ်ယောက်မှာ မြနှင်းဖြူနှင့် အဖော်ခေါ်လာသော မာလာဆိုသည့် မိန်းကလေးဖြစ်သည်။

ယောကျ်ားလေးကတော့ မြနှင်းဖြူတို့အတွက် အဖော်လိုက်လာပေးသော ကျော်သီဟပင်ဖြစ်သည်။ ကျော်သီဟမှာ ထိုနယ်သားပင်ဖြစ်သော်လည်း ကျောက်ဘီလူးတောင်ဘက်သို့ အရောက်အပေါက်နည်းသူ တစ်ယောက်ဖြစ်သည်။

ယခုလိုက်လာသောရည်ရွယ်ချက်မှာ မြနှင်းဖြူအတွက် အဖော်ရစေရန် ရည်ရွယ်၍သော်လည်းကောင်း၊ ရွှေငွေရတနာပစ္စည်းများငှားရမ်း၍ ရသည်ကိုသိလိုသောကြောင့် လိုက်လာခြင်းဖြစ်လေသည်။

ကျောက်ဘီလူးတောင်နှင့် မနီးမဝေးရောက်တော့ တောရှင်းပြီးအကွက်ဖော်ထားသည့် လယ်ကွက်များကို တွေ့ရသောကြောင့် အံ့ဩသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတောင်တစ်ဝိုက်က နယ်မြေကြမ်းမို့ ဘယ်သူမှ မလာ ခဲ့ကြဘူး၊ ခုတော့ ဒီနေရာမှာ လယ်ကွက်တွေဖြစ်နေပါလား၊ ဘယ်သူတွေလာလုပ်နေကြတာလဲ မသိဘူး"

ဟု မြနှင်းဖြူက ရေရွတ်ပြောဆိုလိုက်ရာ အတူပါလာ သော မာလာကပြောပြသည်။

"ဒီနေရာမှာ လယ်တိုးနေတာ တခြားသူတွေမဟုတ် ဘူး၊ နီမောင်တို့ ညီအစ်ကိုလာပြီး လုပ်နေကြတာလို့ ပြောသံ ကြားတယ်"

"သူတို့တော့ဘာမှ မဖြစ်ဘူးလား"

"ဘာမှတော့ ပြောသံမကြားမိဘူး၊ သူတို့ဒီနေရာမှာ လာပြီးလုပ်နေတာ အတော်ကြာနေပြီ"

ထိုသို့ပြောနေစဉ် တောစပ်မှ နီမောင်ထွက်လာလေ သည်။ နီမောင်က မြနှင်းဖြူတို့ သုံးယောက်ရပ်နေသည်ကို မြင် သောအခါ ထိုနေရာသို့ လျှောက်လာလေသည်။

"နင်တို့ ဘယ်သွားကြမလို့လဲ"

"ကျောက်ဘီလူးတောင်သွားမလို့"

မြနှင်းဖြူက ပြန်ပြောလိုက်သည်။

"လက်ဝတ်ရတနာတွေ ငှားမလို့လား"

"ဟုတ်တယ်၊ နင်ဒီနေရာမှာ လယ်တိုးနေတာ ကျောက် ဘီလူးတောင်က အစောင့်တွေက အနှောက်အယှက် မပေးကြ ဘူးလား"

"မပေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ကျောက်ဘီလူးတောင်မှာ ဘီလူးရှိတယ်ဆိုတာ တကယ်ပဲလားဟင်"

"ရှိချင်လည်း ရှိမှာပေါ့၊ ငါတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"အံ့ဩစရာပဲ၊ ဒီလိုနေရာမျိုးမှာ မကြောက်မရွံ့ အလုပ်လာလုပ်ဝံ့တယ်ဆိုတော့ စကေ့နှင့်ဆီမှာ ဆေးကောင်းဝါးကောင်းတွေ ရှိပုံရတယ်"

"ရှိတာပေါ့"

"ဘယ်လိုဆေးမျိုးလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီနေရာရောက်တာနဲ့ သူတို့ကို မေတ္တာပို့ ပေးလိုက်တယ်လေ၊ ဒီတော့ သူတို့ကလည်း ငါ့ကိုဘာမှ မနှောက်ယှက်ကြတော့ဘူးပေါ့"

"တယ်ဟုတ်ပါလား၊ နှင်က ကျောက်ဘီလူးနဲ့တောင် အဆင်ပြေအောင် ပေါင်းနိုင်တာပဲ တွေ့တုန်း ငါတစ်ခုလောက် အကူအညီတောင်းချင်တယ်"

"ဘယ်လိုအကူအညီမျိုးလဲ..."

"ငါတို့အခု ဒီကိုလာတာ တခြားမဟုတ်ဘူး၊ အလျှူမှာ ဝတ်ဖို့ လက်ဝတ်ရတနာတွေလာငှားကြတာ၊ တစ်ခါမှ မငှားဘူးသေးတော့ ဘယ်လိုလုပ်ရမှန်းမသိဘူး ဖြစ်နေတယ်၊ အဲဒါ နှင်လိုက်ပြီး ငှားပေးပါလား"

"အဲဒီလို မရဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဒီတောင်မှာ ပစ္စည်းငှားချင်ရင် ငှားတဲ့သူကိုယ်တိုင် သစ္စာခံပြီးမှ ငှားလို့ရတယ်လို့တော့ ပြောသံကြားတယ်၊ တခြားသူက ကိုယ်စားဝင်ငှားပေးလို့မရဘူး"

ထိုသို့ပြောလိုက်သောအခါ မြနှင်းဖြူ မျက်နှာပေါ်မှာ စိတ်ရှုပ်သွားသော အမူအယာမျိုး ပေါ်သွားလေသည်။

သူမအနေဖြင့် ကိုယ်တိုင်လာရောက်ပြီး ပစ္စည်းမငှားဖူးသေးသောကြောင့် ထိုအကြောင်းများကို မသိပေးပေ…။

နီမောင်နှင့်တွေ့တော့မှ ထိုအကြောင်းများကို သိရသောကြောင့် စိတ်ညစ်သွားလေသည်။

ထိုအခြေအနေကြောင့် နံဘေးမှာရှိနေသော ကျော်သီဟက ဝင်ပြောလေသည်။

"သူ ငှားမပေးချင်တာနေပါစေ၊ နင်လိုချင်တဲ့ပစ္စည်းတွေ ငါ ငှားပေးမယ်"

"နင် ငှားတတ်လို့လား"

"ငါလည်း ဒီအရပ်မှာနေတာပဲ သိသင့်သလောက်တော့ သိပါတယ်၊ သွားကြရအောင်"

ဟုပြောဆိုကာ ထိုနေရာမှ ကျောက်ဘီလူးတောင်ရှိရာဘက်သို့ ထွက်သွားကြလေသည်။

နောက်မှာကျန်ခဲ့သော နီမောင်က သူတို့ကိုလှမ်းကြည့်ရင်းနှင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

မြနှင်းဖြူတို့သုံးယောက် တောင်ခြေသို့ ရောက်သွားသောအချိန်တွင် ထိုဇတ်ဝန်းကျင်တစ်ဝိုက်မှာ တိတ်ဆိတ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com


သက်နေသည်။

နေ့လည်ဘက်အချိန်ပင်ရှိသေးသော်လည်း တောရိပ်တောင်ရိပများကျနေသောကြောင့် ထိုနေရာတစ်ဝိုက်မှာတော့ *မှောင်နေလေသည်။*

အပြင်မှာ အလင်းရောင်မရှိသောကြောင့် ဂူပေါက်များအတွင်းမှာလည်း မှောင်မည်းနေသည်။

ဂူပေါက်ဝတစ်ခုရှေ့ရောက်တော့ သုံးယောက်သား ရပ်လိုက်ကြသည်။ တကယ်ဆိုလျှင် သူတို့သုံးယောက်စလုံး စိတ်ထဲ၌ ကြောက်ရွံ့နေကြပြီဖြစ်၏။

"ဘယ်လိုလုပ်ကြရမှာလဲ"

မြနှင်းဖြူကမေးတော့ ကျော်သီဟကဘာမှ ပြန်မပြောပေ။ တကယ်ဆိုလျှင် မြနှင်းဖြူအထင်ကြီးအောင် ပြောနေသော်လည်း သူကိုယ်တိုင်မှာ ဂဃနဏ ဘာမှသိသူမဟုတ်ပေ။ ထိုအခါ အနီးမှာရှိနေသည့် မာလာက ဝင်ပြောသည်။

"နင်တို့နှစ်ယောက် ဘယ်သူသစ္စာခံပြီး ပစ္စည်းဌားမှာလဲ"

ထိုအခါ ကျော်သီဟနှင့် မြနှင်းဖြူတို့မှာ ဘာမှပြန်မပြောကြသေးပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

နှစ်ယောက်စလုံး ပစ္စည်းဌားချင်သော်လည်း သစ္စာခံရမည်ကိုတော့ ကြောက်လန့်နေကြလေသည်။

"နင်က ဝတ်မယ့်သူဆိုတော့ နင်ပဲ သစ္စာခံပြီး ဌားပေါ့"


www.burmeseclassic.com

www.burmeseclassic.com


ကျော်သီဟက ပြောလိုက်သည်။

"ငါကမိန်းကလေးဆိုတော့ မဖြစ်ဘူးထင်တယ် နင်က ယောကျ်ားလေးပဲ၊ နင်ပဲသစ္စာခံပြီး ငှားပေးပေါ့"

ထိုကဲ့သို့ ပြန်ပြောသည့်အခါ ကျော်သီဟမှာ မငြင်းသာ တော့ပေ။ တကယ်ဆိုလျှင် သူ့အနေဖြင့် ထိုကဲ့သို့ပြုလုပ်ရမည့် ကိစ္စများကို မလုပ်ချင်ပေ။

သို့သော် လိုက်လာမိမှတော့ မတတ်နိုင်တော့ပေ။

ထို့နောက် ထိုအကြောင်းများကို အတော်အသင့်သိ သော မာလာကိုမေးမြန်းပြီး ပစ္စည်းများငှားရမ်းခြင်းကို လုပ် လေသည်။

ဦးစွာအသင့်ယူလာသော ဖလားတစ်လုံးကို ဂူပေါက်ဝ မှာချထားပြီးနောက် အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်လေ သည်။

"ကျွန်တော်တို့ ပစ္စည်းဥစ္စာ ငှားချင်လို့ပါဗျို့"

ကျော်သီဟအော်လိုက်သောအသံက ဂူပေါက်များ၊ တောင်နံရံများဖြင့် ပဲတင်ရိုက်ကာ ပြန်လာလေသည်။

ကျော်သီဟက သုံးကြိမ်ပြည့်အောင် အော်ပြောလိုက် သောအခါမှာတော့ ဂူပေါက်အတွင်းမှ အသံတစ်ခု ပြန်ထွက် လာလေသည်။

"ပစ္စည်းငှားမယ့်သူက ဘယ်သူလဲ"

ထိုအသံကြားရသောကြောင့် ကြောက်လန့်တကြားဖြစ် သွားကြကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ


www.burmeseclassic.com

www.burmeseclassic.com


သည်။

"ပစ္စည်းငှားမယ့်သူက ဘယ်သူလဲ"

ဂူအတွင်းမှာ ထပ်မေးသံကြားရတော့ ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ပြောလိုက်သည်။

"ကျွန်တော်..ကျွန်တော်ပါ"

"ဘာအတွက်ငှားချင်တာလဲ"

"အလှူနေ့ကျရင်ဝတ်ဖို့ပါ"

"လိုချင်တဲ့ ပစ္စည်းတွေငှားပေးမယ်၊ တကယ်လို့ ပျက်စီးပျောက်ဆုံးသွားခဲ့ရင် ပစ္စည်းတန်ဖိုးနဲ့ညီတာ ပြန်ပေးရတယ်၊ ပစ္စည်းပြန်မရရင် ငါကျိန်ဆဲတာခံရမယ်"

ထိုအသံကြားတော့ ပိုပြီးကြောက်ရွံ့သွားကြလေသည်။

သူတို့စိတ်ထဲတွင် ကျောက်ဘီလူးတောင်မှ ပစ္စည်းများငှားရမ်းယူ၍ရခြင်းမှာ လွယ်လွယ်ဟုပင် ထင်နေကြသည်။

ယခုလက်တွေ့ကြုံတော့မှ ကြောက်စရာကောင်းမှန်းသိကြရပေတော့သည်။ မတတ်နိုင်တော့ပေ။

ကြောက်ကြောက်လန့်လန့်ဖြင့် 'ခံပါ့မယ်' ဟု ကတိပေးလိုက်ရတော့သည်။ ထို့နောက် ပါလာသော ဖလားကို ဂူပေါက်ဝမှာ ချထားခဲ့ပြီး ပြန်လာကြသည်။

နောက်တစ်နေ့နံနက်စောစောအချိန် တစ်ခေါက်သွားကြည့်သောအခါမှာတော့ သူတို့ချထားခဲ့သော ဖလားထဲတွင် သူတို့အလိုရှိသော လက်ဝတ်ရတနာများရောက်နေသည်ကို တွေ့ကြရသဖြင့် ဝမ်းသာသွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com


"ရွှေ ငွေ လက်ဝတ်ရတနာတွေ မနည်းပါလား၊ တန်ဖိုးလည်း နည်းမယ်မထင်ဘူး၊ တကယ်လို့ ဒါတွေပြန်မပေးရရင် ဘယ်လိုဖြစ်မလဲ"

ထိုအခါ မာလာကပြောသည်။

"သစ္စာခံပြီး ငှားယူရတာ၊ ပြန်မပို့ရင် သစ္စာခံခဲ့တဲ့ နင် ခံရမှာပေါ့"

"ဘယ်လိုခံရမှာလဲ"

"ငါကြားတာတော့ လက်ကောက်ပြန်မပို့ရင် လက်ကို ကိုက်ဖြတ်တယ်၊ ဆွဲကြိုး မပေးရင် လည်ပင်းကိုလာဖြတ်တယ် လို့တော့ကြားတာပါ"

ထိုစကားကြောင့် ကျော်သီဟက ပခုံးတွန့်ပြလိုက်သည်။

"ဒါတွေက တကယ်မဖြစ်နိုင်ပါဘူးဟာ၊ လူတွေကြောက်လန့်အောင် ပြောထားတာနေမှာပါ"

"ကျော်သီဟ နင် မယုံမရှိနဲ့နော်၊ မဟုတ်တာတွေလည်း လုပ်ဖို့ စိတ်မကူးနဲ့၊ တော်ကြာ ဒုက္ခရောက်နေလိမ့်မယ်"

မာလာက စိုးရိမ်တကြီး သတိပေးလိုက်သည်။

သို့သော် ကျော်သီဟကတော့ စိတ်ထဲမှာ တစ်စုံတစ်ခု ကြံစည်တွေးတောနေလေသည်။

ကျောက်ဘီလူးတောင်မှ ပစ္စည်းများငှားရမ်း၍ရသော အခါ သေချာစွာ အဝတ်ဖြင့်ထုတ်ကာ သုံးယောက်သား ရွာသို့ ပြန်လာကြသည်။


www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်နေရာရောက်တော့ အလုပ်လုပ်ရန်ထွက်လာကြသည့် နီမောင်တို့ ညီအစ်ကိုနှင့် တွေ့ကြရသည်။

နီမောင်က မြနှင်းဖြူကိုမြင်တော့ အနီးသို့လျှောက်သွားပြီးမေးလိုက်သည်။ မြနှင်းဖြူကတော့ သူ့အကူအညီတောင်းတာ လုပ်မပေးခဲ့သောကြောင့် နီမောင့်အပေါ်မှာ မကျေမနပ်စိတ်ဝင်နေဟန် ရှိလေသည်။

"မြနှင်းဖြူ နင်လိုချင်တဲ့ပစ္စည်းတွေရခဲ့လား"

"ရခဲ့တယ် နင်မငှားပေးလည်း ကိုယ့်ဖာသာကိုယ်ငှားတော့လည်း ရတာပဲ"

"ငါက ငှားမပေးချင်လို့ တမင်ပြောလိုက်တာမဟုတ်ပါဘူး၊ ကိုယ်စားဝင်ငှားပေးလို့ မရလို့ ငှားမပေးတာပါ"

မြနှင်းဖြူက နှုတ်ခမ်းမသိမသာမဲ့ပြလိုက်သည်။

"ဘာပဲဖြစ်ဖြစ် နင်ကိုတော့ သတိပေးလိုက်ပါတယ်၊ ပစ္စည်းတွေငှားလို့ရလာရင်လည်း မပျောက်ပျက်ရအောင်တော့ နင်ဂရုစိုက်ပါ၊ လူလူချင်းက ကျေနပ်အောင်တောင်းပန်လို့ရနိုင်သေးတယ်၊ သူတို့နဲ့ဖြစ်ရင် တောင်းပန်လို့မရဘူး"

ဟုပြောကာ နီမောင်တို့ ညီအစ်ကိုနှစ်ယောက် ရှေ့သို့ဆက်လျှောက်သွားကြလေသည်။

ထိုအခါမှ မြနှင်းဖြူက အနားမှာရှိနေသော မာလာကိုမေးလိုက်လေသည်။

"နီမောင် ပြောသွားတဲ့ 'သူတို့' ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားဘယ်ရှိပါ့မလဲ၊ တောင်စောင့်ဘီလူးကိုပဲ ပြောသွားတာဖြစ်မှာပေါ့"

ထိုစကားကြားတော့ မြနှင်းဖြူစိတ်ထဲတွင် ကြောက်ရွံ့စိတ်များ တစ်ကျော့ပြန်ဝင်လာပြန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၉]

## ကျောက်ဘီလူးနှင့် အင်းချပ်များ

မိုးမခရွာ ရွာဦးကျောင်း၌ ရွာလူကြီးဦးမွန်ထော်မှ ဦးဆောင်ပြီး ကျင်းပပြုလုပ်မည့် စပေါင်းရှင်ပြုပွဲကြီးမှာ ရက်နီးနေပြီ။ ပွဲမတိုင်မီ ထားဝယ်နှင့် မြိတ်မှ ယိမ်းအဖွဲ့များပင် လာရောက်ဖြေဖျော်ပေးနေကြသည်။

တစ်ရွာလုံးမှာရှိသော ရွာသူရွာသားများတို့မှာလည်း မိမိလုပ်ကိုင်နေသော အလုပ်များကို ရပ်တန့်ပြီး တစ်နှစ်တစ်ခါ ပျော်ရွှင်ခွင့်ရသော အလှူပွဲတွင် ပါဝင်ဆင်နွှဲရန် ပြင်ဆင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အလုပ်ကိစ္စဖြင့် ရပ်ဝေးရောက်နေကြသူများမှလွဲ ပြန်လာလို့ရသောရွာသူရွာသားများပင် ရွာသို့ပြန်ရောက် ကြလေပြီ...။

ထိုရက်များတွင် အချို့လည်း အလှူပွဲနေ့တွင် ဝတ် ရန် ကျောက်ဘီလူးတောင်မှ လက်ဝတ်ရတနာများ သွားရော ငှားရမ်းကြသည်။

ရလာမည့်လူလည်းရှိသည်။

မရသူများလည်းရှိသည်။

ယခုရက်ပိုင်းရောက်တော့မှ ကျောက်ဘီလူးတောင် ရတနာပစ္စည်းငှားရမ်းယူရန် စိတ်အားထက်သန်နေသူများ တွင် ကျော်သီဟတစ်ယောက်လည်း ပါဝင်နေသည်။ ၎င်း နေဖြင့် ထိုအရပ်ဒေသမှာ နေသူဖြစ်သောကြောင့် ထိုတော ရတနာပစ္စည်းများ ငှားရမ်းသုံးစွဲ၍ရသည်ကိုတော့ သတင်းကြ သည်။

တစ်ကြိမ်တစ်ခါမှတော့ ကိုယ်တိုင်မသွားဖူးခဲ့ပေ၊ တ ရက်တွင် မြနှင်းဖြူခေါ်သဖြင့် လိုက်သွားခဲ့ရာမှ ကိုယ်တ ရတနာပစ္စည်းများ ငှားရမ်းခွင့် ကြုံလာခဲ့သည်။

ငှားရမ်း၍ရသော လက်ဝတ်ရတနာများကိုလည်း မြင်ခဲ့ရသည်။

စိန်၊ ပတ္တမြား၊ ပုလဲ စသော ကျောက်မျက်ရတနာ ကို ရွှေဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာတို့နှင့် မြင်ရုံ သွားရေကျစရာဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတစ်ခုတန်ဖိုးနှင့်ပင်လျှင် ချမ်းသာလောက်သော ခြေအနေမျိုးရောက်နိုင်လေသည်။

ထို့ကြောင့် စိတ်ဝင်စားနေခြင်းဖြစ်သည်။

တစ်နေ့တော့ ငှင်း၏ အဖွဲ့သားများနှင့် ထိုအကြောင်း ပြောပြဖြစ်လေသည်။

အရက်သောက်ရင်းနှင့် ကျော်သီဟက ငှင်း၏ အတွေ့ ကြုံများကို ပြောပြခြင်းဖြစ်သည်။ ငှင်း၏အဖွဲ့သားများမှာ ...နီးခ၊ သာဒိုးလှ၊ စံနက် ကျော်၊ သန်းရွှေနှင့် ပေတလူတို့ ဖြစ် ...သည်။ ကျော်သီဟတို့ ခရီးထွက်လျှင် ထိုငါးယောက်က အမြဲ ...က်ကြလေသည်။

"ဒါဖြင့် မင်းကိုယ်တိုင် ကျောက်ဘီလူးဆီက ရတနာ ...ည်းတွေ ငှားလို့ရခဲ့တယ်ပေါ့"

"အေး ရလာခဲ့တယ်"

"ငါတို့ကြားတုန်းက အဲဒီတောင်က လက်ဝတ်ရတနာ ...တ လူတိုင်းလွယ်လွယ်နဲ့ ငှားလို့မရဘူးလို့ သတင်းကြားထား ... မင်းကျတော့ လွယ်လှချည်လား"

"ဒီလိုလွယ်ရင်တော့ငါလည်း ငါ့မိန်းမနဲ့ ကလေးတွေ ...ဖို့ ငှားပေးဦးမှပဲ"

"ငှားတာတော့ဟုတ်ပါပြီ၊ ပျောက်သွားတော့ မင်းမှာ ...ဒ်စရာရှိလို့လား"

"မရှိတော့လည်း ရှိတာလျော်ပေးလိုက်တာပေါ့ကွာ.. ...ည်းမပေးနိုင်တော့လည်း မွေးထားတဲ့ကလေး တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ကျောက်ဘီလူးစားဖို့ ပေးလိုက်ရင်ပြီးရောပေါ့"

ဟု ပေတလူးကပြောရာ ကျန်လူများက အရက်ရေ
ထွေနှင့် ရယ်ကြလေသည်။

ထိုအခါ ကျော်သီဟက သောက်လက်စ အရက်ခွက်ကို
ပြန်ချထားလိုက်ရင်း ပြောသည်။

"မင်းတို့က စဉ်းစားရင် ပေါ့ပေါ့ပဲ စဉ်းစားကြတယ်
ဘယ်တော့မှ လေးလေးနက်နက် မစဉ်းစားကြဘူး၊ ငါကတော့
ဒီကိစ္စကို အချိုးကြီးကြံဖို့ စိတ်ကူးနေတယ်"

"ကဲ ပြောပါဦး၊ မင်းရဲ့ အကြံအစည်ကို.."

"တခြားတော့မဟုတ်ပါဘူး၊ ငါတို့တတွေ ကျောက်ဘီး
တောင်က လက်ဝတ်ရတနာတွေငှားပြီး ယိုးဒယားဘက် သွား
ရောင်းရရင်မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါရဲ့၊ ကျောက်ဘီလူး လိုက်လာ
တော့ ဘယ်လိုလုပ်မလဲ"

"ဒါတော့လည်း သူ့ကိုနိုင်တဲ့ ဆရာရှာပြီး နှင်ထုတ်ရင်
ရနိုင်တာပဲ"

"ဒီကိစ္စက မလွယ်လောက်ဘူး၊ ဒီလိုသာလုပ်လို့ရရင်
လူတိုင်း မင်းလိုပဲလုပ်ကြမှာပေါ့၊ နောက်ပြီး ဒီလိုလုပ်တော့မယ်
ဆိုရင် ဘီလူးနိုင်တဲ့ နတ်ဆရာကောင်းကောင်းရှိမှ ဖြစ်မှာ"

"သာဒိုးလုပြောတာမှန်တယ်၊ ဒိုးဒယားဘက်မှာ နတ်
ဆရာကောင်းကောင်းတွေရှိတယ်၊ အဲဒါကိုအရင်ရှာပြီးမှ မင်းကြံ
စည်တဲ့အတိုင်း လုပ်ချင်လုပ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝိုင်းဝန်း အကြံပေးကြလေသည်။

ကျော်သီဟကတော့ လက်မလျှော့ပေ။

"မင်းတို့ပြောတာလည်း ကောင်းပါတယ်၊ ဒါပေမယ့် ငါတို့အချိုကြီးမကြုံခင်မှာ နည်းနည်းစမ်းကြည့်ကြရင် မကောင်းဘူးလား"

"မင်းကဘာယ်လိုလုပ်ချင်တာလဲ.."

ကျော်သီဟက ပြုလုပ်လိုသော အစီအစဉ်များကို ပြောပြလေသည်၊ ကျန်ငါးယောက်ကလည်း သူပြောသည့် အကြံအစည်ကို သဘောတူကြသည်။

နောက်တစ်ရက်မှာတော့ ၄င်းတို့ ငါးယောက်စလုံးစုံ ဘာ ကျောက်ဘီလူးတောင်သို့ သွားကြလေသည်။

သူတို့သွားသောအချိန်မှာ ညနေစောင်းအချိန်ပင်ဖြစ်၏။ ကျော်သီဟက တစ်ကြိမ်ပြုလုပ်ခဲ့ဖူးပြီးဖြစ်သဖြင့် မည်သို့ မည်ပုံပြုလုပ်ရမည်ကို သိသောကြောင့် ရှေ့မှဦးဆောင်ပြီးသွားလေသည်။

၄င်းတို့နှင့်အတူ ရွှေငွေရတနာများ ထည့်ရန်အတွက် ခြင်းတစ်လုံးလည်း ယူဆောင်သွားလေသည်။

၄င်းတို့တောင်သို့ရောက်သောအခါတွင်၊ လူသူအရိပ်အယောင်မမြင်ရတော့ပေ...။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တောင်ခြေ၌ရှိသော ဂူပေါက်ဝသို့ရောက်သောအခါ ကျော်သီဟက အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ဝတ်ရတနာ ပစ္စည်းတွေ ငှားချင်လို့ပါဗျို့"

ဟု သုံးကြိမ်သုံးခါ အော်ပြောလိုက်သည်။

ဂူပေါက်ဝတွင် အသံများကပဲ့တင်ထပ်သွားလေသည်။ ခဏကြာသည်အထိ အတွင်းမှ ဘာမှအသံမကြားရသောကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

"ဘာမှအသံမကြားရပါလား"

"တောင်စောင့်ဘီလူးတော့ အိပ်ပျော်နေပြီထင်တယ်"

"စံနက်ကျော် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ တော်ကြာ ဘီလူးထွက်လာလို့ ပြေးပေါက်မှားနေဦးမယ်"

ဟု ထွန်းခက သတိပေးလိုက်သည်။

ဂူအတွင်းမှ အသံမကြားရသောကြောင့် ကျော်သီဟက နောက်တစ်ကြိမ် ထပ်အော်လိုက်ပြန်သည်။

"ရတနာပစ္စည်းတွေငှားချင်လို့ပါဗျို့"

နောက်တစ်ကြိမ် သုံးခါအော်သော်လည်း အတွင်းမှ ပြန်မေးသံ မကြားရပေ။

မြနှင်းဖြူနှင့်လာစဉ်က ဂူအတွင်းမှ ပြန်မေးသံကြားရသော်လည်း ယခုအခါမှာတော့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

"ဘာသံမှမကြားရပါလား၊ ဧကန္တတောင်စောင့်ဘီလူး ခရီးလွန်နေတာဖြစ်မယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ဖလားကို ဂူပေါက်ဝမှာ ချထားခဲ့မယ်ကွာ၊ မနက်လင်း



www.burmeseclassic.com

www.burmeseclassic.com


ရင်တော့ ရတနာတွေ ရောက်နေမှာပါ”

ဟု ပြောဆိုတိုင်ပင်ကာ ယူလာသော ဖလားကို ဌပေါက်ဝ၌ချထားပေးခဲ့ကာ ပြန်ခဲ့ကြလေသည်။

နောက်တစ်နေ့ မန်ကျည်းပိုင်းရောက်တော့မှ သွားကြည့်သောအခါ သူတို့ခထားခဲ့သောဖလားထဲတွင် ရွှေငွေလက်ဝတ်ရတနာများမတွေ့ရပဲ ကျောက်တုံးကျောက်ခဲများ ရောက်နေသည်ကို တွေ့ကြရလေသည်။

ထို့ကြောင့် ကျော်သီဟတို့တတွေမှာ ငိုရမလို ရယ်ရမလို ဖြစ်သွားကြလေသည်။

“ဘယ်လိုလည်း ကျော်သီဟ မင်းပြောတော့ ရွှေငွေရတနာတွေ ငှားလို့ရတယ်ဆို၊ အခုတော့ ကျောက်တုံး ကျောက်ခဲတွေပဲ ဖလားထဲမှာ လာထည့်ထားပါလား”

“မြနှင်းဖြူအတွက် ငှားပေးတုန်းကတော့ လက်ဝတ်ရတနာတွေရတာပဲ၊ အခုမှ ကျောက်ခဲတွေရောက်နေတာတော့ ငါလည်း မပြောတတ်တော့ဘူး”

“ကေန္တ တောင်စောင့်ဘီလူးက မိန်းမတွေငှားရင်သာ လက်ဝတ်ရတနာတွေ ထည့်ပေးပြီး၊ ယောကျ်ားတွေငှားရင် ကျောက်တုံးတွေပဲ ထည့်ပေးတာဖြစ်မှာပေါ့ကွာ...”

ဟုပြောဆိုနေစဉ် ကျောက်တုံးတစ်တုံးနောက်မှ ‘ရှူး’ခနဲ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ခေါင်းထောင်လာသော မြွေတစ်ကောင်၏ ဦးခေါင်းကြီးကို တွေ့ကြရသည်။

ထန်းပင်လုံးတမျှ အရွယ်အစားကြီးမားသည့် မြွေကြီး


www.burmeseclassic.com

www.burmeseclassic.com


၏ ဦးခေါင်းပိုင်းကို မြင်ရသောအခါ ကျော်သီဟတို့မှာ ထိုနေရာ၌ ဆက်မနေဝံ့ကြသောကြောင့် လာလမ်းအတိုင်း ပြန်ပြေးကြရလေတော့သည်။

နေမြင့်ချိန်ရောက်တော့ ထိုနေရာသို့ နီမောင်နှင့် ရင်မောင်တို့ ညီအစ်ကိုနှစ်ယောက်တို့ ရောက်လာကြလေသည်။

ထိုနေရာရောက်သည်နှင့် ရင်မောင်ကို လုပ်စရာရှိတာလုပ်ခိုင်းထားခဲ့ပြီး နီမောင်က ထမင်းနှင့်ဟင်းများထည့်ထားသောချိုင့်ကို ယူပြီး အတွင်းသို့ ဝင်သွားလေသည်။

ကျောက်ဘီလူး ရုပ်ထုကြီးရှေ့သို့ရောက်သောအခါ ထမင်းနှင့်ဟင်းတို့ကို ဖက်ပေါ်မှာ ပုံပေးနေစဉ် တစ်နေရာမှ လူတစ်ယောက်ထွက်လာလေသည်။

ဒီပ ပင်ဖြစ်လေသည်။

"မင်းနဲ့တောင် မတွေ့ရတာ အတော်ကြာပြီ"

"အေးကွာ ငါလည်း အလုပ်တွေများနေလို့ မင်းနဲ့လာမတွေ့ရတာပါ၊ ဒါထက် ငါတို့ပေးတဲ့ငွေနဲ့ ထမင်းဟင်းတွေချက်ပေးရတာ လောက်ငရဲ့လား"

"လောက်ငတဲ့အပြင် ပိုတောင်နေပါသေးတယ်၊ ငါက ငွေပြန်ပေးချင်ပေမယ့် မင်းကလက်မခံလို့သာ"

"မယူပါဘူး၊ ပိုရင်လည်း မင်းဆီမှာသာ သိမ်းထားလိုက်ပါ၊ နောင်နှစ် မင်းညီလေး ရှင်ပြုတဲ့အခါကျရင် ထည့်သုံးပေးပေါ့ကွာ.."

"စိတ်ချ၊ အဲဒီငွေတွေကို ငါတစ်ပြားမှ မသုံးဘူး၊ အလှူ


www.burmeseclassic.com

www.burmeseclassic.com



ရက်ရောက်မှ သုံးဖို့ရည်ရွယ်ထားပြီးသားပါ၊ ငါ့ညီလေး ရှင်ပြု ရင်တော့ မင်းလာခဲ့ရမယ်"

"လာလို့ရရင်တော့ လာခဲ့ပါ့မယ်"

"ငါတို့အလှူဆိုပေမယ့် မင်းပေးတဲ့ငွေတွေလည်း ပါတာဆိုတော့ မင်းလည်း သက်ဆိုင်တယ်၊ ဒါကြောင့် ရေစက်ချ အမျှဝေရင် မင်းကိုပါ အမျှဝေပေးချင်လို့ပါ"

ဒီပက ခေါင်းညိတ်ပြလေသည်။

"ငါလာလို့ရရင် လာခဲ့ပါ့မယ်"

"ဒါထက် စောစောက ဒီတောင်ဘက်က လူတစ်စု ပြန်ပြေးသွားတာတွေ့လိုက်တယ်၊ သူတို့ ဒီတောင်ကိုလာပြီး ပစ္စည်းရှာကြတာလား"

"ဟုတ်တယ်"

"ဘာပစ္စည်းတွေရသွားကြသလဲမသိဘူး၊ သူတို့တစ်ဖွဲ့လုံးက အရက်သမားတွေချည်းပဲ"

"ငါလည်း သိပါတယ်၊ ဒါကြောင့် ဘာမှထည့်မပေးလိုက်ပါဘူး"

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"နီမောင် မင်းတို့မိသားစုရော အလှူနေ့ရောက်ရင် ဝတ်ဖို့ လက်ဝတ်ရတနာတွေ ယူဦးမလား"

"မယူတော့ပါဘူးကွာ၊ ကိုယ်မပိုင်တဲ့ပစ္စည်း၊ ကိုယ်နဲ့ မသက်ဆိုင်တာတွေ သုံးတယ်ဆိုတာ အန္တရာယ်များလှပါတယ်၊ တန်ဖိုးကြီးတဲ့ ရတနာပစ္စည်းတွေ တွေ့ရင်လည်း လူ့ရဲ့စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာစေတယ်၊ ငါတို့မိသားစုက ရိုးသားဖြူစင်တာကိုပဲ တန်ဖိုးထားတယ်၊ ဂုဏ်ပကာသနတွေကို မနှစ်သက်ကြပါဘူး"

"မင်းမှာ ဖြူစင်တဲ့စိတ်ထားမျိုးရှိလို့လည်း ငါနဲ့ပေါင်းသင်းဆက်ဆံလို့ရတာပဲ၊ ဒီဂူထဲမှာ မင်းနဲ့တွေ့တုန်း ငါ့ပြစရာရှိတယ်"

ဟုပြောဆိုကာ ကျောက်ဘီလူး ရုပ်တုကြီးနောက်သို့ ခေါ်သွားလေသည်။

တကယ်တော့ ကျောက်ဂူအတွင်းမှာ အလင်းရောင် မရှိပေ။ ဂူပေါက်ဝမှ ဝင်လာသော အလင်းရောင်လောက်သာ ရှိလေသည်။ ကျောက်ဘီလူးရုပ်တုရှိသော နေရာတစ်ဝိုက်မှာတော့ ထူးထူးခြားခြား အလင်းရောင်များရှိနေသည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကို မြင်နေရသည်။ နောက်ကျောဘက်ရောက်တော့ ကျောက်ဘီလူးကျောတစ်ဝိုက်တွင် အင်းချပ်များကိုတွေ့ရလေသည်။

စုစုပေါင်း အင်းချပ် (၁၂)ချပ်ရှိပြီး ကျောပြင်တစ်ခုလုံး ပြည့်နေလေသည်။

"အင်းချပ်တွေပါလား"

နီမောင်က တအံ့တသြ ရေရွတ်လိုက်သည်။

"ဟုတ်တယ် နီမောင်၊ ဒါ အဋ္ဌမုတ်အင်း (၁၂)ချပ်ပဲ၊ အောက်မှာ ဘယ်လိုချရမယ်ဆိုတာရယ်၊ ဒီအင်းချပ်တွေကို ဘယ်လိုသုံးရမယ်ဆိုတာပါ ပါတယ်"

"ဒီအင်းချပ်တွေက ဘယ်လိုအစွမ်းရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအင်းချပ် (၁၂)ချပ်ကို အညွှန်းအတိုင်း အသုံးပြုရင် လောကမှာ မင်းလိုချင်တဲ့ အရာမှန်သမျှအားလုံး ရစေနိုင်တယ်"

"ဒါပေမယ့် ငါမှ ဒါတွေမလုပ်နိုင်တာပဲ ဒီပရယ်"

"မင်းမလုပ်နိုင်ပေမယ့် လုပ်ပေးနိုင်တဲ့ ဆရာကြီးတစ်ယောက်ယောက်နဲ့တွေ့ရင် အသုံးချလို့ရအောင်လို့ ငါက ပြပေးတာပဲ"

"ဒါထက် ဒီအင်းချပ်တွေက ဒီအတိုင်း ကူးယူလို့ရသလား"

"ဒီအတိုင်းဆိုရင်တော့ အင်းဘီလူးက မင်းကို ဘယ်အနားကပ်ခံပါ့မလဲ၊ အခုတောင် ငါအနားမှာရှိနေလို့ သူက ဘာမှမလုပ်ပဲ ငြိမ်နေတာ..."

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"မင်း အင်းချပ်တွေကို ကူးယူချင်ရင်၊ အမဲသားတွေကို အရွယ်တော်တုံးပြီး ယူလာခဲ့ပါ၊ ဒီရောက်တဲ့အခါ 'အင်းဘီလူး မင်း အမဲသားစားပါ၊ အင်းချပ်များလည်း ကူးခွင့်ပေးပါ" ဆိုပြီ အမဲသားတုံးတွေကို သူ့ရှေ့မှာ ဖက်နဲ့ပုံပေးထားလိုက်ပါ"

"ဒီတော့ သူက စားမှာလား"

"သူစားတာကိုတော့ မင်းမြင်ရမှာမဟုတ်ဘူး၊ ဒါပေမယ့် ချပေးထားတဲ့ အမဲသားတုံးတွေတစ်ခုပြီးတစ်ခု လျှော့သွားတာကိုတော့ တွေ့ရလိမ့်မယ်၊ အဲဒီအခါမှာ တစ်ယောက်က အင်းချပ်တွေကို ကူးနေတဲ့အချိန်မှာ အမဲသားတုံးတွေကုန်မကုန်ကို ချက်ခြင်းမပြတ် ကြည့်ထားရမယ်"



www.burmeseclassic.com

www.burmeseclassic.com


"ကုန်သွားရင် ဘယ်လိုလုပ်ရမလဲ"

"မကုန်ခင် အမဲသားတုံးတွေ ထပ်ထည့်ပေးထားရ တယ်၊ အားလုံးကုန်သွားရင်တော့ သူစားနေတာ မကုန်ခင် ဂူ အပြင်ကိုရောက်အောင် အမြန်ပြန်ထွက်ပေတော့"

"တစ်ကြိမ်နဲ့မပြီးခဲ့ရင်ကော ဘယ်လိုလုပ်ရမလဲ"

"နောက်တစ်ကြိမ် အမဲသားတုံးတွေယူသွားပြီး အင်း ဘီလူးကို အမဲသားကျွေးပြီးတော့ ထပ်ကူးယူပေါ့ကွာ"

"ငါကတော့ ဒါတွေဘာမှ မလုပ်တတ်ပါဘူး၊ လုပ်တတ် တဲ့ဆရာတွေဘာတွေ တွေ့ရင်တော့ အကူအညီပေးသင့်ရင် ပေး လိုက်ပါ့မယ်"

ထိုသို့ပြောပြီး နီမောင်က ဂူပေါက်ဝသို့ ပြန်ထွက်လာ သောအခါ ဒီပလည်း နှုတ်ဆက်ပြီး ဂူအတွင်းသို့ ပြန်ဝင်သွားလေ တော့သည်။

နီမောင်စိတ်ထဲမှာတော့ ဆန်းကြယ်လှသော ကျောက် ဘီလူးတောင်အကြောင်း၊ ကျောက်ဘီလူးနှင့် အင်းချပ်များအ ကြောင်းတို့အပြင် ဒီပနှင့်တွေ့ရသော ဆန်းကြယ်မှုများအကြောင်း ကိုပါ တစ်ခုပြီးတစ်ခု ဆက်စပ်ကာ တွေးတောနေမိလေသည်။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၀]

## သစ္စာမဲ့သူတို့၏ ကံကြမ္မာ

မိုးမခရွာကျောင်း၌ ပြုလုပ်သော စုပေါင်းရှင်ပြုပွဲကြီးကတော့ ပြီးသွားခဲ့ပေပြီ..။ ရှင်ပြုပွဲဟုသာဆိုသော်လည်း ထိုရက်တိုင်ခင်ကပင် ပျော်ပွဲရှင်ပွဲများထည့်သွင်းသောကြောင်း တစ်နှစ်တစ်ခါလောက်သာ ထိုကဲ့သို့သောပွဲမျိုး ကြုံတွေ့ကြရသည့် ရွာသူရွာသားများအတွက်ကတော့ ကျေနပ်လောက်စရာဖြစ်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလှူပွဲပြီးရပ်ဝေးမှလာကြသော ဧည့်သည်များလည်း ပြန်ကြလေသည်။ အရှေ့ဘက်ကမ်းမှလာရောက်ကြသူတို့လည်း ပြန်သွားကြလေပြီ။

မိုးမခရွာ၊ ပျဉ်းမကုန်းရွာ၊ မရမ်းတောရွာ စသောရွာများမှာ နေထိုင်ကြသူတို့လည်း အလှူရက်အတွင်း ဝတ်ဆင်ရန် ကျောက်ဘီလူးတောင်မှ ငှားရမ်းထားသော ရွှေငွေလက်ဝတ်ရတနာတို့ကို ငှားရမ်းထားသူကပင် ပြန်ပို့ပေးကြလေသည်။

ကျောက်ဘီလူးတောင်မှ ပစ္စည်းများငှားရမ်းထားလျှင် သုံးရက်အထိ ဝတ်ဆင်ခွင့်ရှိပြီး သုံးရက်ပြည့်ပါက သစ္စာခံပြီး ငှားရမ်းသူက ကိုယ်တိုင်ပင် ထိုပစ္စည်းများကို ပြန်ပို့ပေးကြရလေသည်။ သုံးရက်ကျော်ပြီး ပြန်ပို့မပေးလျှင်တော့ ကျောက်ဘီလူးတောင်ဘက်မှ တောင်ဟီးသံပေးတတ်သည်။

ထိုကဲ့သို့ တောင်ဟီးသံပေးလျှင်တော့ မနေဝံ့ကြတော့ပေ၊ အချို့မေ့မေ့လျော့လျော့ရှိနေလျှင်သော်မှ ချက်ချင်း ပြန်ပို့ပေးကြရသည်။

တောင်ဟီးသံမှာ သတိပေးခြင်းပင်ဖြစ်ပြီး...ထိုရက်ကျော်သည်အထိ ပြန်မပို့သေးပဲထားဦးမည်ဆိုလျှင်တော့ အန္တရယ်များနှင့် တွေ့ကြရသည်။

ကျောက်ဘီလူးတောင်မှ ရွှေငွေ လက်ဝတ်ရတနာများ ငှားရမ်းဝတ်ဆင်ခွင့်ရခြင်းမှာ ထိုမျှတန်ဖိုးကြီးမားသော ပစ္စည်းများကို ပိုင်ဆိုင်ဖို့မဆိုထားနှင့်၊ မြင့်ပင်မမြင်ဖူးကြသူများအတွက်ကတော့ ဂုဏ်ယူစရာဖြစ်သော်လည်း အင်မတန့် တာဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com


သာကိစ္စမျိုးတော့ဖြစ်သည်။

အသက်ဘေးအန္တရာယ်နှင့်ရင်းပြီး ပြုလုပ်ရသော အလုပ်မျိုးလည်းဖြစ်သည်။

အကယ်၍ သစ္စာခံပြီး ငှားရမ်းထားခဲ့သော ပစ္စည်းများထဲမှ တစ်ခုခုပျောက်ဆုံး ပျက်စီးပါက လျှော်စရာလည်း မရှိသောကြောင့် ဘေးအန္တရာယ်နှင့် ကြုံတွေ့ကြရတတ်သည်။

ထို့ကြောင့် ငှားရမ်း၍ရသော်လည်း အချို့မယူဝံ့ကြပေ။

ယခုလည်း အလှူပွဲပြီးသည်နှင့် ကျောက်ဘီလူးတောင်မှ ပစ္စည်းငှားရမ်းယူထားကြသူတို့မှ မိမိတို့ငှားရမ်းယူထားသည့် ပစ္စည်းများကို အချိန်မဆိုင်းပဲ ပြန်ပို့ပေးကြရသည်။

ပစ္စည်းငှားရမ်းထားသူများထဲတွင် မြနှင်းဖြူလည်း အပါအဝင်ဖြစ်သည်။

မြနှင်းဖြူတို့ မိသားစုမှာ ထိုရွာတွင် စီးပွားရေးအဆင်ပြေကြသူများဖြစ်သဖြင့် မြနှင်းဖြူအတွက် ဝတ်ဆင်ရန် လက်ဝတ်ရတနာအချို့တော့ရှိပေသည်။

သို့သော် သာမန်လက်ဝတ်လက်စားများသာရှိသည်။

စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲစသော ကျောက်မျက်ရတနာများဖြင့်ပြုလုပ်ထားသော ရတနာပစ္စည်းမျိုးကတော့ မရှိပေ။

ပတ္တမြား၊ စိန် စသော တန်ဖိုးကြီးမားလှသည့် ကျောက်မျက်ရတနာတို့ဖြင့် ပြုလုပ်ထားသော ရတနာပစ္စည်းမျိုးကတော့ ပိုင်ဆိုင်ဖို့မဆိုထားနှင့်၊ မြင်ဖူးသည်ပင်မရှိကြပေ။

ထို့ကြောင့် ကျောက်ဘီလူးတောင်မှ သွားရောက်ငှား


www.burmeseclassic.com

www.burmeseclassic.com



ရမ်းပြီး ဝတ်ဆင်ရခြင်းဖြစ်၏။

ယခုတော့ အလှူပွဲလည်းပြီး၊ သုံးရက်လည်းစေ့ပြီဖြစ်သဖြင့် ငှားရမ်းထားသော ပစ္စည်းများ ပြန်ပို့ရန် ပြင်ဆင်ရတော့သည်။

မြနှင်းဖြူက ငှားရမ်းယူထားသော ပစ္စည်းများကို အသေအချာစစ်ဆေးပြီး ပုဝါဖြင့်ထုတ်ကာ ကျော်သီဟလက်သို့ ပေးသည်။

"ငါလိုက်ခဲ့ရဦးမလား"

"နင်မလိုက်ပါနဲ့တော့ ပင်ပန်းပါတယ်၊ ငါပဲ အဖော်တစ်ယောက်ခေါ်ပြီး သွားပို့ပေးလိုက်ပါ့မယ်"

"ငါမလိုက်လို့ဖြစ်ပါ့မလား၊ ပစ္စည်းငှားတုန်းက နှစ်ယောက်ငှားခဲ့ပြီးတော့ ပြန်ပို့တော့မှ နင်တစ်ယောက်တည်းဆိုတော့..."

"ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့ဟာ..ပစ္စည်းတွေငှားတုန်းက ငါက သက်သေခံပေးခဲ့ရတာဆိုတော့ ငါပြန်ပေးရင်လည်း ပြီးတာပါပဲ"

ဟုပြောလေသည်။

မြနှင်းဖြူကတော့ ကျော်သီဟ တစ်ယောက်တည်း ပစ္စည်းသွားပို့မှာကို စိတ်မချဖြစ်နေသည်။

ကျော်သီဟ၏ စရိုက်ကိုသိသဖြင့် ပစ္စည်းများပျောက်မည်ကိုစိတ်မချဖြစ်နေမိခြင်းဖြစ်၏။

"နင် အရက်သောက်ချင်လည်း ဟိုက ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်သောက်နော်၊ ဟိုတောင်ကိုတော့ ရောက်အောင်သွား ပြီး ပစ္စည်းတွေ သွားပို့ပေးလိုက်ပါနော်၊ တော်ကြာ တစ်ခုခုဖြစ် နေမှဖြင့်…”

“ဘာလဲ၊ နင်က ငါ့ကိုစိတ်မချဖြစ်နေတာလား”

“နင့်ကို စိတ်မချလို့ ပြောနေတာမဟုတ်ဘူး၊ ငှားထား တဲ့ပစ္စည်းတွေပျောက်မှာစိုးလို့ မှာနေတာ..”

ကျော်သီဟက ဘာမှပြန်မပြောတော့ပဲ ရတနာပစ္စည်း အိပ်ကိုယူသွားပြီး ထွက်သွားလေတော့သည်။

သူထွက်သွားတော့မှ မိခင်ဖြစ်သူ ဒေါ်မင်းဖြူကပြော လေသည်။

“ကျော်သီဟက သွေးသားတော်တယ်ဆိုပေမယ့် စိတ်မ ချရဘူး၊ ရိုးသားတဲ့စိတ်လည်း သိပ်မရှိဘူး၊ ငါက ဦးထန်ဖုန်းရှိန် ရာတ်နာကြောင့်သာ မလွှဲသာလို့ ဆက်ဆံနေရတာ၊ နောက်ဆိုရင် သူနဲ့ တောထဲတောင်ထဲ ဘယ်တော့မှ မလိုက်သွားနဲ့”

“ဟုတ်ကဲ့ပါအမေ၊ အဲ့ဒီနေ့ကလည်း မာလာပါလာလို့ လိုက်သွားတာပါ”

“နောက်ပြီး ပြောစရာရှိသေးတယ်၊ ကိုယ်ဆီမှာလည်း လက်ဝတ်လက်စားတွေ ရှိသင့်သလောက်ရှိတာပဲ၊ ဘာကြောင့် ဒီလောက်အန္တရာယ်များတဲ့ ကျောက်ဘီလူးတောင်က လက်ဝတ် ရတနာတွေ ငှားဝတ်ချင်ရတာလဲ၊ ငါတို့ဆို ဒီအရပ်မှာ ငယ်ငယ် ကတည်းက နေလာခဲ့ကြတာပဲ၊ တစ်ခါမှ မငှားခဲ့ဖူးဘူး”

မြနှင်းဖြူကတော့ ကိုယ်အပြစ်နှင့်ကိုယ်မို့ ဘာမှပြန်



www.burmeseclassic.com

www.burmeseclassic.com



မပြောပဲ မိခင်ဖြစ်သူရှေ့မှာ ခေါင်းငုံ့နေရလေသည်။

"လက်ဝတ်ရတနာတွေက ဘယ်သူငှားတာလဲ"

"သူငှားပေးတာပါ"

"အခုပြန်ပို့တော့ သူတစ်ယောက်တည်းသွားပို့တာလား မဟုတ်တာလုပ်ခဲ့ရင်တော့ အခက်ပဲ"

မြနှင်းဖြူ စိတ်ထဲမှာ စောစောကတည်းက စနိုးစနောင့် ရှိနေရာ ဒေါ်မင်းဖြူက ထိုသို့ပြောတော့မှ မီးလောင်ရာလေပင့် သကဲ့သို့ ပိုဆိုးသွားလေတော့သည်။ မတတ်နိုင်တော့ပေ။

မြနှင်းဖြူတို့ ပိုင်ဆိုင်သော ခြံမှာ အတော်ပင် ကျယ်ဝန်း သည်။ ထိုခြံဝန်းကျယ်ကြီးထဲတွင် သူတို့နေထိုင်ရန် ဆောက်ထား သော နှစ်ထပ်ပျက်ထောင်အိမ်ကြီးလည်းရှိသည်။ ကျော်သီဟ အပါအဝင် အလုပ်သမားများနေရန် ဆောက်ပေးထားသော အိမ် ကျယ်ကြီး တစ်လုံးလည်းရှိသည်။

ထိုအိမ်ကြီးတွင် ဝယ်ယူထားသော ပစ္စည်းများလည်း သိုလှောင်ထားသည်။ အလုပ်သမားများလည်း နေကြသည်။

အိမ်ထောင်ရှိသူများကတော့ အလုပ်ရှိသည့်အခါ လာ ရောက်နေကြပြီး အိမ်ထောင်မရှိသော လူလွတ်များကတော့ ထိုအိမ်ကြီးမှာပင် လာရောက်နေကြလေသည်။

သူတို့အဖွဲ့တွင် ထွန်းခ၊ သာဒိုးလှ၊ သန်းရေအတို့ သုံး ယောက်က မိန်းမနှင့်ကလေးများရှိကြပြီး၊ ကျော်သီဟ၊ ခင်နေ ကျော်၊ ပေတလူတို့ သုံးယောက်ကတော့ လူလွတ်များဖြစ်ကြ သောကြောင့် ထိုအိမ်ကြီး၌ပင် နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက အနောက်ဘက်၌ ရှိသော အိမ်ကြီးတွင် ကျော်သီဟ စံနက်ကျော်နှင့် ပေတလူတို့ သုံးယောက်သာရှိနေကြသည်။

နေ့လည်က ကျောက်ဘီလူးတောင်သို့ ပစ္စည်းများ သွားပို့ပေးကြစဉ်ကလည်း အခြားသူများမပါပဲ ၄င်းတို့သုံးယောက်သာသွားခဲ့ကြခြင်းဖြစ်လေသည်။

၄င်းတို့သွားခဲ့ကြစဉ်က ပစ္စည်းထုပ်ထဲမှ ပတ္တမြားဖြင့်ပြုလုပ်ထားသော လည်ဆွဲတစ်ခုကို ကျော်သီဟ ယူထားလိုက်သည်ကို ကျန်နှစ်ယောက်ကသိကြသည်။

"ကျော်သီဟ နေ့လည်က ပစ္စည်းတစ်ခု မင်းယူထားလိုက်တယ်မဟုတ်လား"

ကျော်သီဟက အရက်သောက်နေရင်းမှ ခေါင်းညိတ်ပြသည်။

"ယူထားလို့ဖြစ်ပါ့မလား၊ တော်ကြာ တောင်စောင့်ဘီလူးလိုက်လာတော့ ဘယ့်နှယ့်လုပ်မလဲ"

"မလာပါဘူးကွာ၊ လူတွေကနည်းနည်းကို များများလုပ်ပြောနေကြတာပါ၊ လူတွေရဲ့ပစ္စည်းကို ယူရင် အမှုအခင်း ဖြစ်နိုင်သေးတယ်၊ ဒီလိုပစ္စည်းမျိုးယူထားတော့ ဘယ်သူကမှ လာပြီး တရားစွဲမှာမဟုတ်တော့ပါဘူး"

ဟုပြောလေရာ ကျန်နှစ်ယောက်လည်း ထွေထွေထူးထူး ဘာမှ ပြန်မပြောကြတော့ပဲ အရက်သောက်မြဲသောက်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ကျောက်ဘီလူးတောင်ဘက်မှ တောင်ပဟီသံကြီးပေါ်ထွက်လာသည်။

တောင်ပဟီသံမှာ မိုးချုန်းသံကဲ့သို့ ကျယ်လောင်လှသော ကြောင့် ထိုအရပ်ဒေသတွင်နေကြသော ရွာများမှ လူများကြား ကြရလေသည်။

ထိုအသံကြောင့် အလှူရက်က လက်ဝတ်ရတနာများ ငှားရမ်းဝတ်ဆင်ခဲ့ကြသူတို့မှာ မျက်လုံးပြူးသွားကြသည်။

မိမိတို့ကိုများ သတိပေးခြင်းဖြစ်သလား...။

တစ်ခုခုများ အမှားအယွင်းဖြစ်ခဲ့လေသလား၊ အမျိုးမျိုး တွေးတောကာ စိုးရိမ်ပူပန်နေကြရသည်။

တောင်ပဟီသံကို အရက်သောက်နေသည့် ကျော်သီဟ တို့သုံးယောက်လည်း ကြားကြရသည်။

"တောင်ပဟီသံမဟုတ်လား"

"ဟုတ်မယ်ထင်တယ်"

"ကေနွှ ငါတို့ကို သတိပေးတာများ ဖြစ်မလား"

"မဟုတ်ပါဘူးကွာ၊ အလှူရက်က လက်ဝတ်ရတနာ ပစ္စည်း ငှားဝတ်ကြတဲ့လူတွေက အများကြီးပါ၊ တခြားလူတွေ သတိပေးတာပဲဖြစ်မှာပါ၊ ဒီလောက်လည်း မကြောက်ကြစမ်းပါ နဲ့"

ကျော်သီဟက ပြောသဖြင့် ကျန်နှစ်ယောက်က ဘာမှ ထပ်မပြောကြတော့ပေ..။

"ဒီတစ်ခေါက် ယိုးဒယားဘက်သွားရင် အဲဒီပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါ ယူသွားပြီး တစ်ခါတည်း ရောင်းထားခဲ့မယ်၊ ဒီပစ္စည်းငါတို့ လက်ထဲမှာ မရှိတော့ရင် ပြီးရောမဟုတ်လား"

သူတို့လိုချင်ရင် ယိုးဒယားလိုက်သွားပြီး တောင်းပေတော့"

"မင်းယူထားတဲ့ လည်ဆွဲက ပတ္တမြားတစ်လုံးတင် မနည်းရမှာ၊ မင်းတော့ ချမ်းသာတော့မယ်ထင်တယ်"

"ငါချမ်းသာရင် မင်းတို့နှစ်ကိုလည်း မမေ့ပါဘူး၊ ဒီဘဝ အလွတ်အောင် ငါပေးဖို့ စိတ်ကူးထားပြီးသားပါ"

ထိုသို့ပြောဆိုရင်း အရက်သောက်နေကြရာ နောက်ဆပ် တောင်ဟီးသံ နှစ်ခါထပ်ကြားရလေသည်။

သို့သော်လည်း ကျော်သီဟတို့ကတော့ အရက်သောက်မြဲသောက်နေကြသည်။

ထိုအခိုက်မှာပင် သူတို့ရှိသော တဲအနောက်ဘက်မှ ခြေသံပြင်းပြင်းနှင့် နင်းလျှောက်လာသော ခြေသံကြီးကို ကြားကြရလေသည်။

ထိုပြင် သစ်ပင်သစ်ကိုင်းများအပေါ်မှ နင်းလျှောက်လာသောကြောင့် သစ်ပင်သစ်ကိုင်များ ကျိုးပဲ့သံများကိုပါ ကြားရတော့မှ သုံးယောက်သား မျက်လုံးပြူးသွားကြလေတော့သည်။

"ဘာသံလည်း မသိဘူး"

"ခြေသံတော့ခြေသံပဲ၊ ဒါပေမယ့် ဒီလောက်ကြမ်းရင်တော့ လူတော့ဟုတ်မယ်မထင်ဘူး"

"စံနက်ကျော် ထွက်ကြည့်ကွာ.."



www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်ယောက်တည်းတော့မသွားဝံ့ဘူး၊ မင်းပါလိုက်ခဲ့"

"သွေးကလည်းနည်းလိုက်တာကွာ"

ဟုပြောပြီး စံနက်ကျော်နှင့် ပေတလူတို့နှစ်ယောက် အိမ်အနောက်ဘက်သို့ ထသွားကြလေသည်။

အချိန်မှာ ညဦးပိုင်းအချိန်ပင်ရှိသေးသော်လည်း တောအရိပ်ကြောင့် တဲအနောက်ဘက်မှာ မှောင်နေလေသည်။

သို့သော် ကောင်းကင်မှ အလင်းရောင်အချို့ကြောင့် ဝိုးတဝါးတော့မြင်ရသေးသည်။

အိမ်ပေါ်မှလှမ်းကြည့်သောအခါမှာတော့ ထူးထူးထွေထွေ ဘာမှမတွေ့ရပေ...။

စောစောကကြားရသော ခြေသံလည်း မကြားရပြန်သို့ကြောင့် နှစ်ယောက်သား ဓားတစ်လက်နှင့် လှံတစ်ချောင်းကိုယူကာ အောက်သို့ဆင်းသွားကြသည်။

အိမ်ကြီးအနောက်ဘက်တွင် ကွက်လပ်ရှိပြီး တောစပ်မှာတော့ အိမ်သာတစ်လုံးသာရှိတော့သည်။

နှစ်ယောက်သား ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်သော်လည်း ဘာမှမတွေ့ရသဖြင့် ပေတလူက ပြောသည်၊

"ခြေသံသာကြားရတာပါ၊ ဆင်းကြည့်တော့လည်း ဘာမှမတွေ့ရပါလား"

ထိုသို့ပြောနေစဉ် တောစပ်မှ မည်းမည်းအရိပ်ကြီး ထွက်လာပြီး ပေတလူ၏နောက်ဘက်မှာ ရပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေတလူကတော့ ကျောပေးထားသောကြောင့် နောက်မှရောက်လာသော မည်းမည်းသဏ္ဍာန်ကြီးကို သတိပြုမိဟန်မတူပေ။ မျက်နှာချင်းဆိုင်ရပ်နေသော စံနက်ကျော်ကတော့ လှမ်းမြင်ရသောကြောင့် မျက်လုံးပြူးသွားလေသည်။

"ပေတလူ၊ မင်း...မင်း အနောက်မှာ"

"ဟင်..ဘာလဲ"

ဟုပြောကာ လှည့်ကြည့်လိုက်တော့မှ နောက်ဘက်မှာရပ်နေသည့် မည်းမည်းသဏ္ဍာန်ကြီးကို မြင်ရလေတော့သည်။

အရွယ်က လူတစ်ယောက်ထက် နှစ်ဆခန့်မြင့်ပြီး ကိုယ်လုံးကိုယ်ထည်ကလည်း 'ထွားကျိုင်းသည်။

တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးထားလေသည်။

နီရဲနေသော မျက်လုံးနှစ်လုံးက အပြင်ဘက်သို့ ပြူးထွက်နေသည်။

ပြူထွက်နေသော ပါးစပ်ထဲမှ အစွယ်နှစ်ချောင်းက အပြင်သို့ ငေါထွက်နေလေသည်။

ဒေါသဖြစ်နေသောကြောင့် နှာခေါင်းပေါက်မှ နှာမှုတ်သံတို့ကို ကြားနေရသည်။

"ဘီ ..ဘီလူး"

ပေတလူးက ကြောက်ကြောက်လန့်လန့်ဖြင့် ရေရွတ်လိုက်လေသည်။

ထိုအခါ ရပ်နေသော ဘီလူးထံမှ စကားသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူထားတဲ့ပစ္စည်းကို သုံးရက်ကြာလို့မှ လာမအပ်ရင် သက်ဆိုင်သူတွေကို လာသတ်ပစ်မယ်"

အသံသြသြကြီးနှင့်ပြောသံ ကြားရပြီးနောက်၊ နှစ်ယောက်သား ကြောက်လွန်းသဖြင့် ဘာမှပြန်မပြောနိုင်ကြတော့ပဲ ငြိမ်နေကြရလေသည်။

သို့သော်လည်း တစ်ကိုယ်လုံး နတ်ဝင်ပူးနေသကဲ့သို့ တဆတ်ဆတ်တုန်ရင်နေကြလေသည်။

ထို့နောက် အနားမှာရပ်နေသော ဘီလူးကကြောက်စရာကောင်းသော မျက်နှာကြီးဖြင့် သူတို့နှစ်ယောက်မျက်နှာအနီးသို့ ငုံ့ကြည့်လိုက်လေသည်။

အပြင်သို့ ပြူးထွက်နေသည့် နီရဲနေသော မျက်လုံးနှစ်လုံးနှင့် အပြင်သို့ ငေါ်ထွက်နေသည့် အစွယ်နှစ်ချောင်းကို အနီးကပ်တွေ့ရသည်နှင့်ပင် နှစ်ယောက်စလုံး ဘယ်လိုမှ ဟန်ဆောင်မနေနိုင်ကြတော့ပဲ ဝူးဝူးဝါးဝါးအော်ဟစ်ကာ အိပ်ပေါ်သို့ ပြန်တက်ပြေးကြလေတော့သည်။

ပေတလူနှင့် စံနက်ကျော်တို့နှစ်ယောက် အော်သံများက တိတ်ဆိတ်နေသောအချိန်တွင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကြားလိုက်ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၁]

## ပစ္ဆရိယ ရန်ငြိုးရန်စ...

မြနှင်းဖြူမှာ ညက အော်သံကြားရသဖြင့် ကြောက်ရွံ့ ထိတ်လန့်နေသောကြောင့် တစ်ညလုံး ကောင်းစွာအိပ်မပျော်ခဲ့ပေ။ စိတ်တထင့်ထင့်နှင့် စိုးရိမ်စိတ်များလည်း ဝင်နေလေသည်။

"ညက ကျောက်ဘီလူးတောင်ဘက်က တောင်ဟီးသံလည်းကြားရတယ်၊ ကျော်သီဟတို့နေတဲ့ အိမ်ဘက်ကလည်း အော်သံတွေကြားလိုက်ရတယ်၊ ဘာတွေများဖြစ်နေတာလည်း မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်သီဟတစ်ယောက် ငှားထားတဲ့ ပစ္စည်းတွေအား လုံး ပြန်မပို့ခဲ့ရဲ့လား မသိပါဘူး”

ဟု တွေးနေမိသည်။

တစ်ဖက်ကလည်း...

“အမေ သတိပေးတဲ့စကားတွေက သိပ်မှန်တာပဲ၊ ကိုယ့် မှာရှိတာနဲ့ ရောင့်ရဲတာပဲ ကောင်းတယ်၊ ဂုဏ်ပကာသနတွေ မက်ပြီး မလုပ်သင့်တာတွေ လုပ်မိလို့ ငါအခုလို စိတ်ပူနေရတာ ပဲ၊ နောက်တော့ တော်ပါပြီ၊ ကျောက်တီလူးတောင်က ပစ္စည်း တွေငှားဝတ်ဖို့တော့ စိတ်မကူးတော့ပါဘူး၊ ကိုယ့်မှာရှိတာနဲ့ပဲ အေးအေးနေပါတော့မယ်”

ဟုတစ်ယောက်တည်း နောင်တရနေမိလေသည်။ နေ့ လည်ပိုင်းအချိန်ရောက် သူမရှိရာသို့ နီမောင်တစ်ယောက်တည်း ရောက်လာလေသည်။

မြနှင်းဖြူက မလာစဖူး အလာထူးသော နီမောင်ကို မြင်တော့ စိတ်ထဲမှ အံ့သြသွားမိလေသည်။

“နီမောင်ပါလား နင်ဘယ်ကလှည့်လာတာလဲ”

“နင့်ဆီကိုပဲ တမင်လာခဲ့တာပါပဲ”

ဟုပြောသဖြင့် အိမ်ရှေ့မှာပင် နေရာထိုင်ခင်း ပေးလိုက် လေသည်။

“ဘာကိစ္စရှိလို့လဲ..ဟင်”

“နင့်ကို ပြောစရာစကားရှိလို့ တမင်လာခဲ့တာပါ”

မြနှင်းဖြူက တစ်ချက်ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်စကားက အဆန်းပါလား၊ ပြောစရာရှိရင်လည်း ပြောပေါ့"

"တခြားတော့ မဟုတ်ပါဘူး.."

နီမောင်က ဆက်ပြောရမှာ ခက်နေဟန်ဖြင့် မြနှင်းဖြူ မျက်နှာကို အားနာစွာတစ်ချက်ကြည့်လိုက်သည်။

မြနှင်းဖြူကတော့ နီမောင့်အမူအယာကိုကြည့်ပြီး နားမလည်သလိုဖြစ်နေမိသည်။

"ပြောစရာရှိတာ ဆက်ပြောလေဟယ်"

"ငါပြောချင်တာ တခြားတော့မဟုတ်ပါဘူး၊ အလှူရက်တုန်းက နင်တို့ကျောက်ဘီးတောင်က ပစ္စည်းငှားခဲ့ကြသေးတယ် မဟုတ်လား"

"ငှားခဲ့တယ်၊ နင်နဲ့တောင်တွေ့ခဲ့သေးတာပဲ"

"ငှားတဲ့ပစ္စည်းတွေရော အစုံလင်ပြန်ပို့ပေးပြီးပြီလား"

"ပို့ပြီးပါပြီ"

"ဘယ်သူပို့တာလဲ နင်ကိုယ်တိုင်သွားပို့ခဲ့တာလား"

"မဟုတ်ဘူး..ကျော်သီဟသွားပို့ခဲ့တာ၊ ငှားတုန်းကလည်း သူပဲတာဝန်ခံပြီး ငှားပေးခဲ့တာပဲ၊ ဘာဖြစ်လို့လဲ နီမောင်"

မြနှင်းဖြူက စိုးရိမ်သောအမူအယာဖြင့် မေးလိုက်သည်။

"နင်တို့ငှားယူလာခဲ့တဲ့ ပစ္စည်းတွေထဲက ပတ္တမြားလည်ဆွဲတစ်ခု ကျန်နေသေးတယ်လို့ ပြောတယ်"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် မြနှင်းဖြူမှာ ခေါင်းနပန်းကြီးသွားလေတော့သည်။

ပတ္တမြားလည်ဆွဲမှာ သူမကိုယ်တိုင် ဝတ်ဆင်ခဲ့သည့် ပစ္စည်းပင်ဖြစ်ပေသည်။

ထိုပစ္စည်းတွေကို ကျော်သီဟယူသွားစဉ်ကပင် စိတ်ထဲမှ တထင့်ထင့်ဖြစ်နေမိရာ ယခုတော့ မမျှော်လင့်ပဲ ထိုစကားကြားရသောကြောင့် များစွာစိုးရိမ်ထိတ်လန့်မှုဖြစ်သွားမိလေတော့သည်။

"ငါတို့ငှားလာတဲ့ ပစ္စည်းတွေထဲမှာ ပတ္တမြားလည်ဆွဲတစ်ခုပါလာတာ အမှန်ပါပဲ၊ အဲဒီလည်ဆွဲကို ငါကိုယ်တိုင်ဝတ်ခဲ့သေးတယ်၊ ကျော်သီဟ ပြန်ပို့တဲ့အထဲမှာပါ မပါတော့ ငါမသိဘူး"

"နင် ညက တောင်ဟိုသံ ကြားရတယ်မဟုတ်လား"

"ကြား...ကြားလိုက်မိတယ်"

"အဲဒါ သတိပေးတာပဲ၊ အဲဒီတောင်က ပစ္စည်းငှားရင် သုံးရက်ယူထားလို့ရတယ်၊ သုံးရက်ပြည့်ရင် ပြန်ပို့ပေးရတယ်၊ တစ်ခုခုမေ့လျော့ပြီး ကျန်နေရင် နောက်ထပ်သုံးရက် အချိန်ပေးသေးတယ်၊ အဲဒီသုံးရက်အတွင်းမှာ ကျန်နေတဲ့ပစ္စည်းကို ပြန်ပို့ပေးရတယ်၊ တကယ်လို့ မပို့ရင်တော့ အန္တရာယ်တွေ့ရတတ်တယ်"

"ဒုက္ခပါပဲ နီမောင်ရယ်၊ ငါလည်းအလှူပွဲပြီးဆိုတော့ ငှားဝတ်မိပါတယ်၊ ဒီလိုဖြစ်မှန်းသိရင်တော့ မငှားပါဘူး၊ ဒါထက်



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေကို နင်ဘယ်လိုသိနေတာလဲဟင်"

"တောင်မှာနေတဲ့လူတွေ လာပြောပြလို့ သိရတာပါ၊ ဘာပဲဖြစ်ဖြစ် သုံးရက်မပြည့်ခင်တော့ ကျန်တဲ့ပစ္စည်းကို ရှာဖွေပြီး ပြန်ပို့ပေးလိုက်ပေါ့ဟာ.."

ဟုပြောပြီး နီမောင် က နေရာမှထသည်။

"နီမောင်.."

နီမောင်က တစ်ချက်ကြည့်သည်။

"နင်..အခုလို လာပြောတာ ငါသိပ်ပြီး ကျေးဇူးတင်ပါတယ်၊ တကယ်လို့ ငါတို့မှာ အခက်အခဲရှိရင်လည်း အကူအညီ ပေးပါဦးနော်..."

နီမောင်က ခေါင်းတစ်ချက်ညိတ်ပြသည်။

"နင် အကူအညီလိုရင် ငါကိုပြောပါ၊ တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင်တော့ ငါပေးပါ့မယ်"

ဟုပြောပြီး ပြန်သွားလေသည်။

နီမောင်ပြန်သွားသော မြနှင်းဖြူက ထိုအကြောင်းကို မိခင်ဖြစ်သူ ဒေါ်မင်းဖြူကိုပြောပြသည်။

ဒေါ်မင်းဖြူကမှ တဆင့် ဦးထန်ဖုန်းရှိန်ကိုပြောသည်။

ဦးထန်ဖုန်းရှိန်က ထိုအကြောင်းကိုသိသောအခါ ကျော်သီဟကိုခေါ်ပြီး အကျိုးအကြောင်းမေးလေသည်။

ကျော်သီဟမှာ ထိုကဲ့သို့ အမေးခံရသဖြင့် များစွာအံ့ဩသွားလေသည်။

"ဦးလေးကို ဘယ်သူပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်လာပြောသွားလို့ သိတာပေါ့"

"ဒါထက် သူကဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

"ထိုသို့မေးသောအခါ ဦးထန်ဖုန်းရှိန်က စိတ်မရှည်သောလေသံမျိုးဖြင့် ပြန်ပြောလိုက်လေသည်။

"သူ့မှာလည်း သိနိုင်တဲ့အကြောင်းတွေရှိလို့ သိတာနေမှာပေါ့၊ မင်းကိုငါတစ်ခုတော့ သတိပေးမယ်၊ လူလူချင်းလိမ်တာအကြောင်းမဟုတ်ဘူး၊ ပရလောကသားတွေပါ သွားလိမ်ရင်တော့ မင်းသေလိမ့်မယ်"

ကျော်သီဟက မကျေမနပ်ဖြစ်နေလေသည်။

"ဒီတော့ မင်းယူထားတဲ့ ပစ္စည်းရှိရင် ချက်ချင်းသွားပြန်ပို့ပေးလိုက်၊ တော်ကြာ မင်းအတွက်ကြောင့် ငါတို့မိသားစုတွေပါ ဒုက္ခရောက်ကြရလိမ့်မယ်"

ဟုပြောသည်။

ထိုမျှသာမကသေးပဲ ဒေါ်မင်းဖြူကလည်း မကျေမနပ်ဖြင့် ပြောဆိုပြန်သည်။

မြနှင်းဖြူကလည်း အပြစ်တင်သည့် လေသံမျိုးဖြင့် ပြောပြန်လေသည်။

"နင်ကို ငါအတန်တန်မှာနေရက်နဲ့ ၊ နင်က ဒီလိုလုပ်တယ်၊ နင့်ကြောင့် နင်သာမကဘူး ငါတို့မိသားစုပါ ဒုက္ခရောက်ကြလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် နင်ယူထားတဲ့ပစ္စည်းကိုသာ ချက်ချင်းသွားပြန်ပို့ပေးလိုက်ပါ..."



www.burmeseclassic.com

www.burmeseclassic.com


ဟုပြောလေသည်။

ကျော်သီဟ စိတ်ထဲမှာတော့ အကြီးအကျယ် မကျေနပ်ဖြစ်နေလေသည်။

ဘကြီးဖြစ်သူအပါအဝင် တစ်အိမ်သားလုံးက ဝိုင်းပြောဆိုခံရသဖြင့် ရှက်နေမိသည်။

သူ၏ မရိုးသားသောအထုပ်ကို ဖြေပြရသကဲ့သို့ ဖြစ်နေသောကြောင့် မလုံမလဲဖြစ်နေရသည်။

ထိုကဲ့သို့ဖြစ်ရခြင်းမှာလည်း နီမောင်၏ပယောဂ မကင်းဟု ယူဆမိနေသောကြောင့် နီမောင်အပေါ်မှာ မကျေမနပ်ဖြစ်နေမိလေသည်။

နောက်တစ်နေ့မှာတော့ ကျော်သီဟမှာ မနေဝံ့တော့သဖြင့် ယူထားသော ပတ္တမြားလည်ဆွဲကို ကျော်ဘီလူးတောင်သို့ သွားပြန်ပို့ပေးရတော့သည်။

ထိုတောင်မှ အပြန်တွင် နီမောင်တို့ ညီအစ်ကို လယ်ထွန်ဖေါ်နေသော နေရာဘက်သို့ လှည့်သွားလေသည်။

သူနှင့်အတူ အဖော်ခေါ်လာသော စံနက်ကျော်နှင့် ပေထလူတို့နှစ်ယောက်လည်း ပါလာကြသည်။

နီမောင်နှင့်တွေ့တော့ ကျော်သီဟက ပြောသည်။

"မင်းက ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကို ဘာကြောင့်ဝင်ပါချင်တာလဲ"

"ငါကဘာလုပ်မိလို့လဲ"

"မြနှင်းဖြူတို့မိသားစုကို ပတ္တမြားလည်ဆွဲ ငါယူထား


www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီး လာပြောသွားတယ်မဟုတ်လား"

"ငါကမင်းယူတယ်လို့မှ မပြောတာ၊ မြင့်နှင်းဖြူငွားတ
တဲ့ပစ္စည်းတစ်ခု ကျန်နေသေးလို့ သွားပြီး သတိပေးခဲ့တာ
ဒါထက် ဒီလောက်ဒေါသထွက်နေရအောင် ပတ္တမြားလည်ဆွဲ
မင်းယူထားတာမို့လား"

ထိုစကားကြောင့် ကျော်သီဟမှာ ပိုပြီးဒေါသဖြစ်သွား
လေသည်။

"အဲဒါ မင်းနဲ့မဆိုင်ပါဘူး၊ မင်းက ကိုယ့်အလုပ်ကို
မလုပ်ပဲ သူများကိစ္စထဲမှာဝင်ရှုတ်တယ်၊ နေစမ်းပါဦးကွ ကျော
ဘီလူးတောင်ကဘီလူးနဲ့ မင်းနဲ့ဘယ်လိုပတ်သက်နေလို့ မင်း
မဆိုင်တဲ့ကိစ္စမှာ ဝင်ရှုတ်ရတာလဲ"

ကျော်သီဟ ဒေါသကြီးနေသလောက် နီမောင်ကတော့
အေးအေးဆေးဆေးအမူအယာပင်ရှိလေသည်။

"မြနှင်းဖြူတို့ မိသားစုက ငါတို့ရွာသားတွေပဲ၊ ရွာ
ရွာသားအချင်းချင်းတွေ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်
က အကူအညီပေးရမှာပေါ့၊ ငါဝင်ပြီး အကူအညီပေးတာ ဒီ
သောပါပဲ"

ထိုသို့ပြောသောအခါ အတူပါလာကြသော ပေတရု
နှင့် စံနက်ကျော်တို့ကလည်း ဒေါသတကြီးဖြင့် ဓားတပြင်ပြ
ဖြစ်နေကြသည်။

ခါးကြားတွင် ဆောင်ယူလာသော ဓားမြှောင်တို့ကို
လက်ဖြင့် တစမ်းစမ်းဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သဘောနဲ့ပဲ ဝင်ပြောတာဖြစ်ဖြစ်ပေါ့၊ အခုအခြေအနေကတော့ မင်းဝင်ရှုတ်လို့ ငါအရှက်ကွဲရတာတော့ အသေအချာပဲ၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ငါကတော့ မင်းအပေါ် မှာ မကျေနပ်နိုင်ဘူး..."

ဟုပြောဆိုကာ သုံးယောက်သား ပြန်သွားကြလေသည်။ နီမောင်ကတော့ သူတို့သုံးယောက်ကို ကြည့်ပြီး သက်ပြင်းချလိုက်လေသည်။

ရင်မောင်ကလည်း ထိုအခြေအနေကို မြင်သောအခါ ရိုးရိမ်သောအသံဖြင့် ဝင်ပြောသည်။

"အစ်ကို သူတို့ကြည့်ရတာ အစ်ကို့ကို ကျေနပ်ပုံမရဘူး၊ နောက်ကြာ ရန်ရှာနေရင်ခက်မယ်.."

"ဒါကတော့ သတိတော့ထားရမှာပေါ့ကွာ၊ ငါတို့က မှန်တာကိုကနေတာပဲ၊ စိုးရိမ်စရာတော့ မရှိပါဘူး"

ဟု ပြန်ပြောလိုက်သည်။

နီမောင်နှင့် ရင်မောင်တို့ ညီအစ်ကိုနှစ်ယောက်မှာ အသက်အရွယ်ချင်းက ကွာသော်လည်း ကိုယ်ခန္ဓာချင်းက မတိမ်းမယိမ်းရှိသည်။

ထို့ပြင် ရင်မောင်က အသက်ငယ်ရွယ်သော်လည်း သတ္တိရှိသူတစ်ယောက်တော့မဟုတ်ပေ..။

ယခင်ကတော့ ညီအစ်ကိုနှစ်ယောက် ပေါ့ပေါ့ပါးပါးပင် သွားလာနေကြသော်လည်း ကျော်သီဟတို့သုံးယောက် ရှော်ပြီး ရန်ရှာသွားကတည်းက သတိထားပြီး သွားလာနေထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြရလေသည်။

ထိုနေ့က အချိန်အခါမဟုတ် ညနေပိုင်း အချိန်တွင် မိုးအုံ့လာပြီး မိုးပေါက်များ ကျဆင်းလာသည်။

မိုးရွာလာလျှင်တော့ ကျွတ်၊ ခြင်စသော သတ္တဝါများ အုံလိုက်ကျင်းလိုက်ထွက်လာပြီး အလုပ်လုပ်သူတို့ကို အန္တရာယ် ပေးကြသဖြင့် ဆက်နေရန်မသင့်သဖြင့် ပစ္စည်းများသိမ်းပြီး ပြန်လာကြသည်။

ညနေစောင်းပင်ရှိသေးသော်လည်း မိုးရိပ်များကြောင့် မှောင်နေလေသည်။ လမ်းတစ်လျှောက်မှာည်း လူသွားလူလာ ရှိ သလောက် ရှင်းနေလေသည်။

တောလမ်းတစ်နေရာမှ ပြန်လာကြစဉ် တစ်နေရာ ရောက်တော့ အဝတ်များဖြင့် မျက်နှာကိုစည်းထားကာ ရုပ်ဖျက် ထားသော လူငါးယောက်ထွက်လာပြီး သွားမည့်လမ်းပေးမှာ ပိတ်ရပ်လိုက်ကြသည်။

နီမောင်တို့ညီအစ်ကို လက်ထဲမှာတော့ တောခုတ်ရာ တွင်အသုံးပြုသော ဓားရှည်များကို အသီးသီးကိုင်ထားကြသည် သူတို့အနေဖြင့် ရန်သူများနှင့် ရင်ဆိုင်တွေ့ရသော်လည်း ကြောက် ရွံ့ခြင်းမရှိကြပေ။

ထိုအခြေအနေက သူတို့ကြိုတင်မျှော်လင့်ထားသော အခြေအနေပင်ဖြစ်သည်။

"မင်းတို့ဘယ်သူတွေလည်း၊ ဘာလုပ်ကြမလို့လဲ"

လူငါးယောက်က ထွေထွေထူးထူး မပြောတော့ပဲ၊ တုတ်



www.burmeseclassic.com

www.burmeseclassic.com



စားများကိုင်ကာ ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

နီမောင်တို့ကလည်း ပါလာသောဓားများဖြင့် ပြန်လည်တိုက်ခိုက်ကြရလေသည်။

သို့သော်လည်း ငါးယောက် နှစ်ယောက်ဖြစ်နေသည်ကတစ်ကြောင်း၊ သူတို့ညီအစ်ကိုနှစ်ယောက်မှာလည်း တိုက်ခိုက်ရေး ကျွမ်းကျင်ကြသူများမဟုတ်ကြသဖြင့် အခြေအနေကတော့ သိပ်မကောင်းလှပေ။

တိုက်ခိုက်ရင်းနှင့်ပင် နီမောင်ရော ရင်မောင်ပါ ဒဏ်ရာဒဏ်ချက်များ ရကြလေသည်။

လူငါးယောက်ကလည်း သူတို့နှစ်ယောက်ကို ထွက်ပေါက်မရအောင် ပိတ်ဆို့တိုက်ခိုက်နေကြလေသည်။

မိုးကလည်း တဖြောက်ဖြောက်နှင့် မစဲသေး။

ပတ်ဝန်းကျင်မှာလည်း အမှောင်ရိပ်ကပိုများလာသည်။

လူသွားလူလာပြတ်လှသော တောစပ်တစ်နေရာမှာတော့ လူနှစ်ယောက်ကို ရုပ်ဖျက်ထားကြသော လူငါးယောက်တို့က သဲကြီးမဲကြီးနှင့်ပင် ဝိုင်းဝန်းတိုက်ခိုက်နေကြပေသည်။

အခြေအနေကတော့ သိပ်မကောင်းလှပေ့...။

ထိုအခိုက်မှာပင် တောတွင်းမှ ဒရကြမ်းပြေးလာသော ခြေသံကိုကြားလိုက်ရသည်။

ခြေသံကတစ်နေရာမှမဟုတ်ပဲ သုံးလေးနေရာမှ ဖြစ်သည်။

ထိုခြေသံကြောင့် နီမောင်တို့ကို ဝိုင်းဝန်းတိုက်ခိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သူများက လှည့်ကြည့်လိုက်ကြလေသည်။

တောတွင်းမှ ပြေးထွက်လာသူများကတော့ အခြား
ဟုတ်ပေ။ တစ်ကိုယ်လုံး အမွေးအမျှင်များဖုံးနေပြီး ဘီလူးကဲ့
ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ရှိနေကြသူများ
ဖြစ်ကြလေသည်။

တောတွင်းမှထွက်လာသူများမှာ လေးယောက်ဖြ
သည်။ ဘီလူးနှင့်တူသောသူများက တဟုန်ထိုးပြေးလာကြ
ချက်ချင်းအနားသို့ရောက်လာကြပြီးနောက် နီမောင်တို့အ
ဝိုင်းဝန်းရန်မူနေကြသူများကို ဝင်ရောက်တိုက်ခိုက်ကြလေ
သည်။ ၎င်းတို့တွင် ဓားလှံလက်နက်မပါကြပေ။

ချွန်ထက်သော လက်သည်းရှည်များနှင့် အစွယ်မျ
သာပါကြလေသည်။

လူငါးယောက်ကလည်း နောက်ထပ်ရောက်လာသူမျ
ကို ဓား၊ လှံစသော လက်နက်များဖြင့် တိုက်ခိုက်ကြသော်လည်
ထိရောက်မှုတော့မရှိပေ။

အမွေးရှည်များခံနေသောကြောင့်လားတော့မသိ
ဓားဖြင့်ခုတ်၍မရ၊ လှံဖြင့်ထိုးသော်လည်း မပေါက်ပဲ ရှိနေ
သည်။

သို့သော် ဘီလူးနှင့်တူသောသူများ၏ ချွန်ထက်
သော လက်သည်းရှည်များဖြင့် ကုတ်ခြစ်ခြင်း၊

အစွယ်များဖြင့် ကိုက်ဖြတ်သော ဒဏ်ရာဒဏ်ချက်မျ
ကိုတော့ လူငါးယောက်တို့မှ မရှုမလှခံကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုအခြေအနေမှာတော့ နီမောင်တို့ ညီအစ်ကိုနှစ်ယောက်ခင် ဝင်ရောက်တိုက်ခိုက်စရာမလိုပဲ နံဘေးမှ ကြည့်ရုံသာ ကြည့်နေကြသည်။

မိုးတဖွဲဖွဲကျနေသော မှောင်ရီသမ်းစအချိန်မှာတော့ အံကြိတ်သံ၊ မာန်ဖီသံ၊ စူးစူးဝါးဝါးအော်သံများဖြင့် အကျည်းတန်နေလေသည်။ မိုးရေနှင့်အတူ သွေးများကလည်း ပတ်ဝန်းကျင်တစ်ခုလုံး နီရဲနေလေပြီ...။

ဘီလူးနှင့်တူသောလူများကို ဘယ်လိုမှ ခုခံတိုက်ခိုက်၍ မရမှန်းသိသောအခါ လူငါးယောက်မှာ ခြေဦးတည်ရာ ထွက်ပြေးကြလေတော့သည်။

ဘီလူးနှင့်တူသောသူများကလည်း နောက်မှ ထပ်ကြပ်တွာလိုက်သွားကြလေသည်။

မရှေးမနှောင်းမျာပင် တောထဲမှ စူးစူးဝါးဝါးအော်ဟစ်သံများကို မသဲမကွဲကြားကြရသည်။

ဒဏ်ရာဒဏ်ချက်များရနေသော နီမောင်တို့ ညီအစ်ကိုနှစ်ယောက်လည်း ထိုနေရာမှ ထွက်ခဲ့ကြလေသည်။

နောက်ပိုင်းတွင် ဘယ်ပုံဘယ်နည်းဖြစ်ကျန်ခဲ့သည်ကိုတော့ သူတို့မသိကြတော့ပေ...။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၂]

## တောနက်ထဲမှ အလောင်းများ

နီမောင်တို့ ညီအစ်ကိုနှစ်ယောက်မှာ ကံကောင်းထောက်မခဲ့သဖြင့် အသက်မသေခဲ့သော်လည်း နှစ်ယောက်စလုံးတော့ ဒဏ်ရာဒဏ်ချက်များ ရခဲ့ကြပေသည်။

ထို့ကြောင့် နှစ်ယောက်စလုံး လယ်ကွက်ရှိရာသို့ပင် မသွားနိုင်ကြပဲ အိမ်မှာပင်နားကြရလေသည်။ ကျောက်ဘီလူးအတွက် ထမင်းဟင်းများကိုပင် ပို့မပေးနိုင်ကြတော့ပေ။

ထို့အတွက် စိတ်ကောင်းဖြစ်မိသော်လည်း နီမောင်အ



www.burmeseclassic.com

www.burmeseclassic.com



နေဖြင့် ယခုအချိန်တွင် လယ်ကွက်ရှိရာသို့ပင် မသွားနိုင်သေး သောကြောင့် မတတ်နိုင်ကြတော့ပေ။

ညီအစ်ကိုနှစ်ယောက်စလုံး ဒဏ်ရာဒဏ်ချက်များရထား ကြသဖြင့် ဘယ်သူမှ မသွားနိုင်ကြပေ။

ကျောက်ဘီလူးအတွက် ထမင်းဟင်းများပို့ပေးရန် အခြားတယောက်ကို လွှတ်ရန်လည်း မဖြစ်ပေ။ ဒီပနှင့်တွေ့စဉ် က ဂူအတွင်းသို့ နီမောင်တစ်ယောက်မှလွဲပြီး အခြားဘယ်သူမှ ခေါ်မလာရန် မှာထားသောကြောင့် ဖြစ်သည်။

သူတို့ညီအစ်ကိုနှစ်ယောက်ကိုတော့ ကပ္ပိယကြီး ဦးဇန် ကောင်းက ဆေးကုပေးလေသည်။

"မင်းတို့ ညီအစ်ကိုက ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေး အေးနေကြတာပဲ ဘယ်လိုရန်ငြိုးရန်စတွေရှိလို့များ အခုလို အ သက်ကို ရန်ရှာကြတာလဲ"

"ကျွန်တော်တို့လည်း မသိပါဘူး အဘရာ"

"ဘယ်သူတွေဆိုတာရော သိသလား"

"မျက်နှာတွေကို အဝတ်နဲ့စည်းထားလို့ ဘယ်သူဘယ်ဝါ တွေမှန်းတောင် မသိလိုက်ပါဘူး"

"ရုပ်ဖျက်ထားတာဆိုတော့ ခတ်သိတွေထဲကလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ဘာပဲဖြစ်ဖြစ် ကိုယ်ကရန်မရှိဘူးထင်နေပေ မယ့် တခြားသူက သူ့အကြောင်းနဲ့သူ ကိုယ့်အပေါ်ရန်ငြိုးထား နေတာတွေလည်း ရှိတတ်တယ်ကွ၊ သစ်ကောက် ငါးကောက် တာကိုသာ တွေ့ရပေမယ့် လူရဲ့အတွင်းစိတ်ကောက်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ မမြင်နိုင်ကြဘူး"

"ဟုတ်ပါတယ် အဘ..."

"ဒီတော့ နောက်ပိုင်းတွေမှာတော့ သတိထားပြီးနေပေါ့ ကွာ၊ ဒါထက် မင်းတို့ကို အကူအညီပေးသွားတာ ဘီလူးတွေလို့ ပြောသံကြားတယ်၊ ဟုတ်သလား"

"ကျွန်တော်လည်း သေသေချာချာတော့ မမြင်လိုက်ရ ဘူး၊ ဒါပေမယ့် သာမန်လူတွေနဲ့တော့ မတူဘူး ကြောက်စရာ ကောင်းတယ်၊ တစ်ကိုယ်လုံး အမွေးတွေရှိပြီး မျက်နှာကတော့ ဘီလူးနဲ့တူတယ်"

ဦးဇန်ကောင်းက ကွမ်းအစ်အတွင်းမှ ကွမ်းယာကို ယာ နေရင်း နားထောင်နေသည်။

"ဒီအရပ် ဒေသတွေက အရင်က ဘီလူးတွေနေသွားခဲ့တဲ့ နေရာတွေရှိတယ်၊ ဒါကြောင့် တောနက်ကြီးတွေထဲမှာ ဘီလူး တွေ ရှိချင်ရှိနိုင်သေးတာပေါ့"

နီမောင်ကတော့ ခေါင်းညိတ်ပြလိုက်သည်။

"ဒါထက်၊ မင်း ကျောက်ဘီလူးတောင်နားမှာ အလုပ် လုပ်နေရင်းနဲ့ နောက်ထပ် ထူးခြားတာတွေရော ထပ်တွေ့ရ သေးသလား"

ဒီပနှင့်တွေ့ပြီး ကျောက်ဘီလူးရုပ်ထုကြီးကို ထမင်း ဟင်းများ ပို့ပေးနေရပုံများကိုတော့ ဦးဇန်ကောင်းအား ပထမ တွေ့စဉ်ကပင် ပြောပြထားခဲ့ပြီးဖြစ်လေသည်။

"တွေ့တယ်အဘ၊ အရင်က ထမင်းဟင်းတွေကို ၄



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝမှာပဲ ပုံပေးရတယ်၊ အခုတော့ ကျောက်ဂူထဲရောက် အောင် ဝင်ပို့ပေးရတယ်"

"ဂူထဲမှာရော ထူးထူးခြားခြား ဘာတွေတွေ့ခဲ့ရသလဲ"

နီမောင်က ကျော်ဘီလူးရုပ်ကြီးတစ်ရုပ်နှင့် ကျောဘက်တွင် အင်းကွက်များရှိကြောင်း ပြောပြလိုက်သည်။

"ဒီပပြောတာတော့ ကျောက်ဘီလူးကြီးကျောမှာ ရေးထားတဲ့အင်းတွေက 'အဋ္ဌမုတ်အင်း' ချပ်တွေလို့ ပြောတယ်၊ အားလုံး (၁၂)ချပ်တွေ့ခဲ့ရတယ်"

"ကျောက်ဘီလူးကျောမှာထိုးထားတဲ့ အင်းဆိုရင်တော့ သိဒ္ဓိရှိတဲ့အင်းချပ်တွေပဲဖြစ်ရမယ်"

"အင်းချပ်တွေအပြင် အစီအရင်ပြုလုပ်ရမယ့် စာတွေလည်းရေးထားသေးတယ်"

"ဟန်ကျလိုက်ပလေ၊ ဒီအင်းချပ်တွေသာရရင်တော့ လိုချင်တာကို အစီအရင်နဲ့ လုပ်ရင်ရမယ့်သဘောရှိတယ်၊ ဒီအင်းချပ်တွေကိုလိုချင်ရင် ဘယ်လိုကူးယူရမတဲ့လဲ"

"ကျောက်ဘီလူးကို အမဲသားကျွေးပြီး ကူးယူရင်ရတယ်လို့တော့ ပြောလိုက်တယ်"

"ဒီပုံအတိုင်းဆိုရင်တော့ အင်းချပ်တွေကို ကူးယူစေချင်လို့ မင်းကိုတမင်ခေါ်ပြလိုက်တာပဲဖြစ်ရမယ်၊ မင်းနေကောင်းတော့မှပဲ ငါပါလိုက်ပြီး အခြေအနေကြည့်ရမယ်"

"ဒီပကတော့ ဂူတွင်းကို ဘယ်သူမှ မခေါ်နဲ့လို့မှာထားတယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့လည်း သူ့ဆီမှာ ခွင့်တောင်းကြည့်ရမှာပေါ့ကွာ၊ ဝင်ခွင့်ပေးတော့လည်း ဝင်ကြည့်တာပေါ့၊ ဝင်ခွင့်မပေးတော့လည်း ဝင်ခွင့်ရတဲ့မင်းကိုပဲ ကူးယူခိုင်းရမှာပေါ့"

ဟုပြောဆိုကာ ဦးဗန်ကောင်းလည်း သူတို့အတွက်ဆေးပေးထားခဲ့ပြီး ကျောင်းသို့ပြန်သွားလေတော့သည်။

ညနေပိုင်းအချိန်ရောက်သောအခါ နီမောင်တို့နေအိမ်သို့ ဧည့်သည်နှစ်ယောက်ထပ်ရောက်လာပြန်သည်။ မြနှင်းဖြူနှင့်မာလာတို့နှစ်ယောက်ပင်ဖြစ်သည်။ နီမောင်ကတော့ ထူးထူးခြားခြား ရောက်လာကြသော မြနှင်းဖြူတို့ကိုကြည့်ပြီး အံ့သြနေလေသည်။

"မြနှင်းဖြူတို့ပါလား၊ ဘယ်ကလှည့်လာကြတာလဲ"

"ဒီကိုပဲတမင်လာကြတာပါ၊ နင်တို့ သတင်းကြားလို့သတင်းလာမေးတာပါ၊ နင် ဒဏ်ရာတွေအတော်များသလား"

"ကြီးကြီးမားမားဒဏ်ရာတော့ မရပါဘူး"

"ဒါထက် ဘယ်သူတွေက နင်တို့ကိုရန်ရှာတာလဲ၊ နင်သိသလား"

ထိုသို့မေးတော့ ခေါင်းခါပြလိုက်သည်။

"သူတို့က ရုပ်ဖျက်ထားလို့ မျက်နှာလည်း မမြင်လိုက်ရပါဘူးဟာ.."

"ဘာကြောင့် အခုလိုရန်ရှာတာလဲဟင်"

"ငါလည်းမသိပါဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်နေတော့ဘယ်သူတွေကရန်ငြိုးထားနေမှန်းတောင် မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူက သက်ပြင်းချလိုက်သည်။

"နှင် အခုလို ဖြစ်တာ ငါ့ကိုအကူအညီပေးခဲ့လို့များ ဖြစ်တာလားလို့တောင် ထင်မိတယ်၊ ဒါပေမယ့် နှင်တို့ ဖြစ်တဲ့အချိန်မှာ ကျော်သီဟတို့လည်း အိမ်မှာ ရှိနေကြတယ်"

"အခုသူတို့ဘယ်မှာလဲ"

"မနက်ကပဲ ယိုးဒယားဘက်သွားကြပြီ"

"သူတို့တော့ ဟုတ်ချင်မှဟုတ်မှာပါ၊ တစ်ရွာတည်းသားချင်းတွေဆိုတော့လည်း ငါတို့သိမှာပါ၊ တခြားလူတွေဖြစ်မယ်ထင်ပါတယ်"

မြနှင်းဖြူက မသိမသာ သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"နှင်တို့ကိုဘယ်သူတွေက ဝင်ပြီး အကူအညီပေးသွားတာလဲ ရွာထဲမှာ ပြောသံကြားတာက ဘီလူးတွေက ဝင်ကူပေးသွားတာဆို ဟုတ်လား"

"မှောင်နေတော့ သေသေချာချာတောင် မမြင်လိုက်ရပါဘူးဟာ၊ ဘီလူးတွေလား လူတွေလားမသဲကွဲလိုက်ပါဘူး"

ဟု ပြောလိုက်လေသည်။

မြနှင်းဖြူကတော့ နီမောင်ပြောသည့် အဖြေကို ကျေနပ်ဟန်မတူပေ...။

"ဘာပဲဖြစ်ဖြစ် ကိုယ်ကရန်သူမရှိဘူးလို့ထင်နေပေမယ့် ကိုယ်မသိတဲ့ ရန်သူတွေက ရှိချင်ရှိနေတာဆိုတော့ နေ့ကော်ပြီး နှင်တို့ညီအစ်ကိုနှစ်ယောက်က လူသူမနီးတဲ့ တောင်ပေါ်မှာသွား



www.burmeseclassic.com

www.burmeseclassic.com


ပြီး အလုပ်လုပ်နေကြတာဆိုတော့ သတိတော့ထားကြပေါ့ဟာ"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ ကျေနပ်သလိုဖြစ်သွားမိလေသည်။

"ငါတို့အတွက် စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောက်ပြီး သတိပေးတဲ့အတွက်လည်း နင့်ကိုကျေးဇူးတင်ပါတယ်"

"တစ်ရွာတည်းသားချင်းတွေပဲ၊ နင်တောင် ငါ့အတွက် တကူးတကလာပြီး အကူအညီပေးသေးတာပဲ၊ ငါက ဒီလောက်ကလေး သတိပေးစကားပြောရတာ အပန်းမကြီးလှပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ အခုလိုတကူးတက သတင်းလာမေးပြီး သတိပေးစကားပြောသွားတဲ့နင့်ကိုတော့ ကျေးဇူးတင်ရမှာပါပဲ"

ထိုအခါ အနားမှာရှိနေသော မာလာကပြုံးစေ့စေ့နှင့်ဝင်ပြောလေသည်။

"နင်က ဒီလောက်ကျေးဇူးတင်နေမှတော့ ကျေးဇူးရှိတဲ့သူကို ကျေးဇူးဆပ်နိုင်အောင် ကြိုးစားပေါ့ဟာ"

"အို မာလာကလည်း ဘာတွေပြောနေမှန်းမသိဘူး"

ဟု မြနှင်းဖြူက ရှက်ကိုးရှက်ကန်းဖြင့် ဟန့်တားလိုက်သဖြင့် မာလာက စကားရပ်တံ့သွားလေသည်။

နီမောင်အနေဖြင့်လည်း မာလာစကားကြောင့် ရင်ထဲမှာ လှုပ်ရှားသွားလေသည်။

သို့သော်လည်း ထိုအခွင့်အရေးမျိုးက နောက်တစ်ကြိမ်

www.burmeseclassic.com


ရဖို့ရန် မလွယ်ကူသောကြောင့် အရဲစွန့်ပြီး ပြောလိုက်လေသည်။

"ငါလည်းစိတ်ကူးထားပြီးသားပါ၊ ဒါပေမယ့် နင်ကြား ထဲကဝင်ပြီး အကူအညီပေးမှ ဖြစ်မယ်ထင်တယ်"

"အို..ပဲလှော်ကြား ဆားညပ်တာမျိုးတော့ မဖြစ်ပါရစေ နဲ့၊ ဒီလောက်ဝင်ပြောပေးပြီးမှတော့ ရရှော့ပေါ့၊ အဆင်ပြေတဲ့ နေ့ကျတော့ နင်တို့ နှစ်ယောက်ချင်းတွေ့ပြီး ကျေးဇူးဆပ်ကြပေါ့"

ဟုပြောရာ မြနှင်းဖြူလည်း ရှက်ကိုးရှက်ကမ်းဖြင့် နေ ရာမှ ထသွားလေတော့သည်။

ထိုအခါ နီမောင့်အနီးမှာ ကျန်နေခဲ့သော မာလာက ပြုံးစေ့စေ့ဖြင့် ပြောလေသည်။

"ကဲ..အခုတော့ အဆင်ပြေသွားပြီ မဟုတ်လား"

"ဟင်..ဘာအဆင်ပြေတာလဲ"

"နင်က အတော်အတာပဲကိုး၊ မိန်းကလေးတစ်ယောက် က ဒီလိုအပြောခံရတာကို မျက်နှာနီလာပေမယ့် စိတ်မဆိုးပဲ ရှက်နေပြီဆိုရင်တော့ နောက်ထပ်နင်ပြောချင်တဲ့စကား ပြောပေ တော့ သူလက်ခံတော့မယ်ဆိုတာ မသိဘူးလား"

"အော်..ဒီလိုလား"

"အေးဟုတ်တယ်၊ မိန်းမပျိုတစ်ယောက် မျက်နှာနီတယ် ဆိုတာ နှစ်ခုပဲရှိတယ်၊ တစ်ခုက သူမကြိုက်တာပြောလို့ ဒေါသ ထွက်ပြီး မျက်နှာနီတာ။

နောက်တစ်ခုက သူ့သဘောကျနေတာကို လူရိပ်မိသွား လို့ ရှက်ပြီး မျက်နှာနီတာ သိပြီလား"


www.burmeseclassic.com

www.burmeseclassic.com



"အင်း အနုလိုပြောပြတော့မှပဲ ရိပ်မိသလိုဖြစ်မိတော့တယ်၊ ဒါပေမယ့် သေချာပါ့မလား"

"ရိပ်မိတယ်လည်းပြောသေးတယ်၊ အူတူတူပြောနေသေးတယ်၊ မျက်နှာနီပြီး ဒေါသထွက်နေရင် နင့်ကို ပိုးစိုးပက်စက် ပြောသွားမှာပေါ့၊ မျက်နှာနီပြီး ရှက်နေရင်တော့ အခုလိုပြုံးပြီး ထွက်ပြေးသွားမှာပေါ့ နီမောင်ရဲ့"

"အေး..သိပြီ..သိပြီ.."

"သိပြီဆိုရင်တော့ မြနှင်းဖြူရဲ့ မေတ္တာကိုရအောင်ကြိုးစားပေတော့၊ သူကလည်း နင့်ကို စိတ်ဝင်စားပုံရပါတယ်"

"ဘယ်လိုကြောင့်လဲ"

"သူ့သဘောမကျရင် ဒီလိုအပြောခံဖို့ဝေးရော၊ နင့် အနားကိုတောင်မလာဘူး၊ ငါသိသမျှတော့ သူကဘယ်သူ့ဆီမှ တကူးတကသွားတာမျိုးမရှိဘူး၊ နင့်ဆီကျမှ တကူးတကလာတာ ဒါကိုမသိသေးဘူးလား"

"နင် အခုလိုပြောပြပေးတော့ ကျေးဇူးတင်ပါတယ် မာလာရယ်"

"ငါ့ကိုကျေးဇူးတင်စရာမလိုပါဘူး၊ သူ့ကိုပဲ ကျေးဇူးတင်ရမှာပါ၊ ငါက သူ့ခေါ်လို့ လိုက်လာရတာ..."

ဟုပြောကာ မာလာလည်း ထပြန်သွားလေတော့သည်။

နီမောင်ကတော့မမျှော်လင့်ပဲ မြနှင်းဖြူသဘောကို တစွန်းတစသိခွင့်ရလိုက်ရသဖြင့် စိတ်ထဲတွင် ကျေနပ်မှုများနှင့် ပျော်ရွှင်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာတော့ တောထဲမှ အမဲလိုက်ပြီး ပြန်လာကြသော မုဆိုးများက တောထဲတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးနေကြသော လူသေအလောင်းများတွေ့ခဲ့ရသဖြင့် ရွာလူကြီး ဦးမွန်ထော်အား လာရောက်ပြောပြကြလေသည်။

ထို့ကြောင့် ဦးမွန်ထောက အလုပ်အားသော ရွာသားအချို့ကိုပါခေါ်ပြီး တောထဲသွားရန် ပြင်ဆင်လေသည်။

နီမောင်လည်း ဒဏ်ရာများ သက်သာစပြုနေပြီဖြစ်သဖြင့် ဖခင်ဖြစ်သူဦးဘရှိန်နှင့် အတူလိုက်သွားလေသည်။

လူသေအလောင်းများတွေ့လာခဲ့သည့် မုဆိုးများကဦးလမ်းပြခေါ်သွားကြလေသည်။

တောတွင်းတစ်နေရာသို့ ရောက်သောအခါမှာတော့ သစ်ပင်ချုံနွယ်များကြားမှာ သေဆုံးနေသော အလောင်းများကိုတွေ့ကြရသည်။

တစ်နေရာတည်းမှာမဟုတ်ပဲ နေရာအနှံ့မှာရှိနေခြင်းဖြစ်ပြီး စုစုပေါင်း ငါးလောင်းဖြစ်သည်။

အလောင်းများရှိသောနေရာတစ်ဝိုက်မှာတော့ သွေးညှီနံ့အပုတ်နံ့များ လှိုင်နေလေသည်။

ယင်မမည်းရိုင်းများကလည်း တဝေါဝေါနှင့် ဝိုင်းအုံကြသည်။ အချို့အလောင်းများမှာ တောကောင်များ ကိုက်ဖြတ်စားသောက်သွားကြသောကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြပေပြီ။

ထိုအလောင်းများကိုမြင်တော့ နီမောင်က မှတ်မိသွား



www.burmeseclassic.com

www.burmeseclassic.com


လေသည်။

မျက်နှာများကို အဝတ်စည်းထားပြီး သူတို့ညီအစ်ကို နှစ်ယောက်ကို ဝိုင်းဝန်းတိုက်ခိုက်ကြသူများပင်ဖြစ်ကြလေသည်။ သခုတော့ သေနေကြပေပြီ။

တောတိရစ္ဆာန်များကိုက်ဖြတ်ထားသောကြောင့် ဗုံပန်း သဏ္ဌာန်ပျက်နေသော်လည်း အချို့လူတို့၏ ကိုယ်ပေါ်မှာတော့ အစွယ်ရာများ၊ လက်သည်းဖြင့်ကုတ်ခြစ်ထားသော အစင်း ကြောင်းကြီးများကို တွေ့ကြရသည်။

"ဒီလူတွေက တစ်နေ့က ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်သွားကြတဲ့လူတွေပဲ"

နီမောင်က ပြောပြလိုက်သည်။

"ကြည့်ရတာ ငါတို့နယ်သားတွေတော့ ဟုတ်မယ်မထင် ဘူး၊ ယိုးဒယားဘက်ကလာကြတဲ့ ယိုးဒယားလူမျိုးတွေဖြစ်ပုံ ရတယ်"

"ဒီလူတွေက ဘာမှရန်ငြိုးရန်စမရှိတဲ့ ကျွန်တော်တို့ ညီအစ်ကိုကို ဘာကြောင့် သတ်ဖို့ကြိုးစားရတာလဲ"

"မင်းတို့မှာ ပစ္စည်းပါတယ်ထင်လို့ ခါးပြတိုက်တာ သည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဦးမွန်ထော်ကတော့ သူထင်တာကိုလွယ်လွယ်ပင် ပြော လိုက်သော်လည်း လက်တွေ့ကြုံခဲ့ရသော နီမောင်ကတော့ ထိုသို့ ထင်ပေ။

ထိုနေ့က တိုက်ခိုက်ပုံမှာ ပစ္စည်းလိုချင်သဖြင့် တိုက်


www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကြသည်နှင့်မတူပဲ၊ အသက်လိုချင်သဖြင့် သဲကြီးမဲကြီး တိုး
ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း သူသာအသိဆုံးဖြစ်ပေသည်။

အကယ်၍သာ ထိုနေ့က အကူအညီပေးမည့်သူမျာ
ရောက်မလာပါက ယခုတွေ့ရသော အလောင်းများကဲ့သို့ သူ
ညီအစ်ကိုနှစ်ယောက်လည်း ရုပ်ပျက်ဆင်းပျက် သေနေ
လောက်ပေပြီ...။

"ဒီလူငါးယောက်စလုံးကို ဘယ်သူတွေဝင်သတ်သွ
တာဖြစ်မလဲ"

"နီမောင်တို့ကိုဝင်ပြီး အကူအညီပေးသွားတဲ့ ဘီလ
တွေဖြစ်မှာပေါ့"

ဟုတစ်ယောက်တစ်မျိုး ထင်မြင်ချက်ပေးကာ ပြော
နေကြလေသည်။

ထို့နောက်မှာတော့ ရွာသားများက အလောင်းများ
မြေကျင်းများတူး၍ မြှုပ်ထားပေးခဲ့ပြီး အားလုံးရွာသို့ ပြန်
ကြလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ သူမသိသောသူများက သူ
ဘာကြောင့်ရန်ရှာကြသည်ဆိုသော အချက်ကို တွေးတော
မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၃]

## ကျောက်ဘီလူးကိုအစာကျွေး၍ အင်းများကူးယူခြင်း

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီးနောက်တွင် နီမောင်တို့ အစ်ကိုလည်း ဒဏ်ရာများသက်သာပျောက်ကင်းသွားကြပြီ သဖြင့် လက်ကွက်ရှိရာသွားရန် ပြင်ကြလေသည်။

ဦးဘရှိန်ကတော့ သားနှစ်ယောက်ကို စိတ်မချသော ကြောင့် သူပါလိုက်ခဲ့မည်ဟု ပြောသည်။

သို့သော် နီမောင်က ဦးဘရှိန်ပါလျှင် ဒီပနှင့်မတွေ့ရ ည်စိုးသောကြောင့် ဖခင်ဖြစ်သူကို အိမ်မှာပင်ထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်စိတ်ထဲမှာတော့ သူတို့အသက်အန္တရာယ်ဖြင့် တွေ့ရသည်ထက် ကျောက်ဘီလူးရုပ်တုရှိရာသို့ ထမင်းနှင့်ဟင်းများ ပို့မပေးရသည်ကိုပင် စိတ်မကောင်းဖြစ်နေလေသည်။

ထိုနေ့မနက်က လယ်ကွက်ရှိရာသို့ သွားသောအခါ ဒေါ်ကျင်မေက ထမင်းနှင့်ဟင်းများကို ချက်ပြုတ်ပြီး ချိုင့်ဖြင့် ထည့်ပေးလိုက်သဖြင့် ယူသွားကြသည်။

ကျောက်ဘီလူးတောင်သို့ ရောက်သောအခါ ဒီပနှင့် တွေ့ရလေသည်။

"မင်းနေကောင်းသွားပြီးလား နီမောင်"

"ကောင်းသွားပါပြီး ဒဏ်ရာတွေလည်း သက်သာသွားပါပြီ၊ ငါနေမကောင်းဖြစ်နေတဲ့ရက်မှာ ထမင်းနဲ့ဟင်း လာပို့ပေးနိုင်တာ စိတ်မကောင်းပါဘူးကွာ.."

"ရပါတယ်ကွာ ငါတို့ကမင်းကိုအပြစ်မမြင်ပါဘူး"

ဟု ပြောလေသည်။

"ဒါထက် မင်းကိုမေးရဦးမယ်.. ငါတို့ရန်သူတွေနဲ့ တွေ့ တုန်းကလာပြီး အကူအညီပေးသွားတာ ဘယ်သူတွေလဲဟင်"

"ကျောက်ဘီလူးတောင်မှာ နေကြတဲ့ သူတွေပါပဲ"

"ငါ့ရဲ့အသက်အန္တရာယ်ကို ဝင်ပြီး အကူအညီပေးတဲ့အ တွက် ကျေးဇူးတင်တဲ့အကြောင်း မင်းကပြောပေးပါကွာ"

ဒီပက ခေါင်းညိတ်ပြသည်။

ထို့နောက် နီမောင်က ယူလာသော ထမင်းဟင်းများကို ကျောက်ဘီလူး ရုပ်ထုကြီးရှိရာသို့ ပို့ပေးရန် ဂူအတွင်းဝင်လာ



www.burmeseclassic.com

www.burmeseclassic.com


သောအခါ ဒီပကပါ လိုက်လာလေသည်။

အတွင်းသို့ရောက်သောအခါ နီမောင်က ယခင်ပြုလုပ်နေကျအတိုင်း ကျောက်ဘီလူးရုပ်ထုကြီးရှေ့တွင် ယူဆောင်လာသော ထမင်းဟင်းများကို ဖက်ဖြင့်ပုံပေးနေသည်။

ဒီပကတော့ မနီးမဝေးမှပင် ရပ်ကြည့်နေလေသည်။ ကိစ္စပြီးတော့မှ နီမောင်ကပြောသည်။

"ငါ မင်းကိုပြောစရာရှိသေးတယ်"

"ဘာပြောမှာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ငါနဲ့ခင်မင်ရင်းနှီးတဲ့ ဆေးဆရာကြီး တစ်ယောက်က ဘီလူးရုပ်တုကြီးကျောဘက်မှာရှိတဲ့ အင်းချပ်တွေကို ကူးယူချင်တဲ့ဆန္ဒရှိနေတယ်၊ အဲဒါမင်း ခွင့်ပေးနိုင်ပါ့မလား"

ဒီပက ချက်ချင်းပြန်မပြောသေးပဲ မျက်စိမှိတ်ထားပြီး အတန်ကြာအောင် ငြိမ်သက်နေသည်။ ပြီးမှ ပြောသည်။

"ဒီအင်းချပ်တွေက အစွမ်းထက်တယ်၊ မသမာတဲ့လူတွေလက်ထဲရောက်သွားရင်တော့ မကောင်းဘူး၊ အများအတွက် အကျိုးရှိအောင်အသုံးချပေးရင်တော့ ကောင်းပါတယ်၊ မင်းဆီမှာ ခွင့်တောင်းထားတဲ့လူအပြင် နောက်ထပ်ဆရာကြီးတစ်ယောက် ရောက်လာလိမ့်ဦးမယ်၊ သူတို့နှစ်ယောက်စလုံးကတော့ ဖြူစင်တဲ့ သူတွေဖြစ်ပါတယ်"

နီမောင်ကတော့ သူ့ဆီမှာခွင့်တောင်းထားသော ကျိုက်ဆံကြီးဦးဗန်ကောင်းကိုသာသိပြီး၊ ကျန်တစ်ယောက်ကိုတော့ ဘယ်


www.burmeseclassic.com

www.burmeseclassic.com



သူဘယ်ဝါမှန်း မသိရသေးပေ။

"ဒီတော့ သူတို့ဆန္ဒအတိုင်း အင်းချပ်တွေကို ကူးခွင့်ပေးမှာလား"

"ပေးပါတယ်၊ ဒါပေမယ့် ငါပြောထားတဲ့အတိုင်းလုပ်ပါ၊ ငါမှာထားတာတွေကိုလည်း မမေ့ပါနဲ့"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

နောက်တော့ ဒီပက ဂူအတွင်းမှာပင် ကျန်နေခဲ့ပြီး နီမောင်က ဂူအပြင်သို့ ပြန်ထွက်လာလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ နီမောင်နေသောအိမ်သို့ လူနှစ်ယောက်ရောက်လာကြသည်။

တစ်ယောက် ကပ္ပိယကြီး ဦးဗန်ကောင်းဖြစ်ပြီး ကျန်တစ်ယောက်ကိုတော့ မသိပေ။

အသားဖြူဖြူ ၊ အရပ်မြင့်မြင့်နှင့် အသက် (၆၀)ကျော်အရွယ်ခန့်ရှိသော ဥပဓိရုပ်ကောင်းသူတစ်ဦးဖြစ်သည်။ အိမ်ပေါ်ရောက်ပြီး ဦးဗန်ကောင်းကပြောပြတော့မှ ရန်ကုန်မြို့မှလာသော ဆရာကြီး သူရဇ္ဇဖြစ်မှန်း သိရပေတော့သည်။

နီမောင်က ဆရာကြီးနှစ်ယောက်တို့ကို ကွမ်း၊ ဆေး၊ လက်ဖက်ရည် စသည်တို့ဖြင့် ဧည့်ခံရင်းနှင့် လာရင်းကိစ္စကို မေးရလေသည်။

"ဆရာကြီးတို့ဘယ်လိုကိစ္စများရှိလို့ပါလဲ၊ ကျွန်တော်ဘာများအကူအညီပေးရမလဲ"

"ငါတို့လာတာ တခြားတော့ မဟုတ်ပါဘူးကွာ၊ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com


မိတ်ဆွေ ကျောက်ဘီလူးဆီက အင်းချပ်တွေများ ကူးယူခွင့်ရလေးလို့ လာမေးကြတာပါ"

ဆရာကြီး သူ့ရဲ့စကားကြောင့် နီမောင့်စိတ်ထဲမှာ အံ့သြသွားသည်။

"ကျောက်ဘီလူးနဲ့ မိတ်ဆွေဖြစ်နေတာကို ဆရာကြီး ဘယ်လိုများသိနေတာလဲ"

"တခြားတော့မဟုတ်ပါဘူးကွာ ဟောဒီက ကပ္ပိယကြီး ဦးဗန်ကောင်းက ငါ့ဆီကို အကျိုးအကြောင်းစာရေးတုန်းက ထည့်ရေးလို့ သိတန်သလောက်သိထားခဲ့တာပါ၊ ပရလောက သားတွေအတော်များများဆိုတာ လူတွေဆီက အစားအစာနဲ့ အကူအညီလိုချင်ကြပေမယ့် မိတ်ဆွေဖြစ်ရမှာကိုတော့ ဝန်လေးကြတယ်၊ ဒါကြောင့် မမြင်အောင်ရှောင်နေကြတာပေါ့"

"ဘာဖြစ်လို့လဲ ဆရာကြီး"

"လူအတော်များများက မဖြူစင်ကြဘူး၊ အနည်းနဲ့အများတော့ ချို့ယွင်းမှုရှိကြတာချည်းပဲ၊ ချို့ယွင်းမှုတွေထဲမှာတောင် သူတစ်ပါးကို ထိခိုက်နစ်နာစေတဲ့ ချို့ယွင်းမှုမျိုးနဲ့၊ မထိခိုက်နစ်နာစေတဲ့ ချို့ယွင်းမှုတွေ ရှိကြတယ်၊

ဒီချို့ယွင်းမှုတွေကို လူလူချင်း မမြင်ရပေမယ့် နတ်တွေနဲ့ ပရလောကသားတွေက မြင်ကြသိကြတယ်၊ ဒါကြောင့် အဲဒီအထော်တွေကို မခံနိုင်ကြလို့ ဝေးဝေးမှာနေကြတာပဲ"

"ဟုတ်ကဲ့ဆရာကြီး"

"ပရလောကသားတွေကတော့ သူတို့တတွေ့ အကူအ


www.burmeseclassic.com

www.burmeseclassic.com


ညီလိုချင်ရင် စိတ်ထားဖြူစင်တဲ့လူတွေနဲ့ပဲ အဆက်အသွယ် လုပ်လေ့ရှိကြတယ်၊ ဒါကြောင့် မင်းကို သာမန်မဟုတ်ဘူးလို့ မြင်ရုံနဲ့ သိတာပေါ့"

"ကျွန်တော်တို့ကဆင်းရဲပါတယ် ဆရာကြီးရယ်၊ ကုသိုလ်ယူစရာဆိုလို့ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ကြိုးစားဖို့နဲ့ စိတ်ထားရိုးသားဖြူစင်ဖို့ပဲ ကြိုးစားရပါတယ်"

"ဒါက နည်းတဲ့အကျိုးမှ မဟုတ်တာကွာ၊ ရှေးအတိတ်ကံကြောင့် ယခုဘဝမှာ ချမ်းသာပေမယ့် စိတ်ထားမဖြူစင်ရင် နောက်တစ်ဘဝအတွက် မကောင်းဘူး၊ လူဆင်းရဲပေမယ့် စိတ်မဆင်းရဲအောင်နေတတ်ရင် နောက်တစ်ဘဝမှာ အပါယ်မရောက်နိုင်ဘူးပေါ့ကွာ၊ ဒီတော့ စိတ်ထားဖြူစင်အောင် ကြိုးစားနေထိုင်ခြင်းဟာ နည်းတဲ့ကုသိုလ်မှ မဟုတ်တာ"

ဟုပြောပြပြီး နီမောင်ငှဲ့ပေးထားသော လက်ဖက်ရည်တစ်ပန်းကန် ယူသောက်နေလေသည်။

ပြီးမှ ဦးဇန်ကောင်းက ဝင်မေးသည်။

"နီမောင် အင်းချပ်တွေကူးယူဖို့ သူတို့ဆီမှာ ခွင့်တောင်းပြီးပြီလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"တောင်းထားပြီးပါပြီအဘ၊ သက်ဆိုင်သူတွေက ခွင့်ပေးကြပါတယ်၊ ဆရာကြီးတို့ အဆင်ပြေတဲ့အချိန် ဂူထဲကို ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

ဟုပြောလိုက်သောအခါ နှစ်ယောက်လုံးများစွာ


www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သွားကြဟန်ရှိလေသည်။

"ဘယ်လိုလုပ်ရမယ်ဆိုတာတော့ မင်းသိပြီးသား မဟုတ်လား"

"သူပြောပြထားလို့ သိတန်သရွေ့တော့ သိပါတယ် ဆရာကြီး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများလဲ..."

"ကျောက်ဘီလူးကျောမှာ ရေးထားတာအင်းချပ်တွေကလည်း အများကြီးပဲ၊ စာတွေရေးထားတာလည်း အများကြီးပဲ တစ်နေ့တည်းကူးလို့ ပြီးနိုင်ပါ့မလား၊ ကျွန်တော်တို့ယူသွားတဲ့ အမဲသားတုံးတွေ ကုန်တာနဲ့ ချက်ချင်းပြန်ထွက်ရမှာ ဆရာကြီး"

"ငါသဘောပေါက်ပါတယ်ကွယ်၊ ပုံပေးထားထဲ့အမဲသားတုံးတွေ မကုန်ခင် ပြန်ထွက်ကြရမှာပါ၊ အမဲသားတုံးတွေကုန်သွားရင် ငါတို့အစားခံရမှာပေါ့"

ဟုပြောပြလေသည်။

ထို့နောက်မှာတော့ ဆရာကြီးနှစ်ယောက်က နောက်တစ်နေ့မနက် နီမောင်သွားလျှင် တစ်ပါတည်း လိုက်ခဲ့ကြရန် ပြောဆိုမှာကြားပြီးနောက် ပြန်သွားကြလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ ကျောက်ဘီလူးကိုယ်ပေါ်မှ အင်းချပ်နှင့်စာများကို အချိန်မီကူးယူ၍ ပြီးပါ့မလားဟု တွေးပူနေမိလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ ဆရာကြီး သူရဇ္ဇနှင့် ဦးဗန်ကောင်းတို့နှစ်ယောက် ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ၄င်းတို့နှင့်အတူ ပစ္စည်းထည့်ထားသော အထုပ်များလည်း ပါလာကြလေသည်။

အမဲသားစိမ်းများကိုတော့ နီမောင်ကကြိုတင်ဝယ်ယူထားပြီး သင့်တော်သလောက် အရွယ်တော်အတုံးများဖြစ် အောင် အဆင်သင့်ဖြစ်အောင် တုံးထားလေသည်။

နင်းတို့နှစ်ယောက် ရောက်လာသည်နှင့် နီမောင်တို့ ညီအစ်ကိုနှစ်ယောက်လည်း လိုအပ်သောပစ္စည်း အထုပ်များ ယူဆောင်ကာ ကျောက်ဘီလူးတောင်သို့သွားကြလေသည်။

အချိန်ကနံနက်ပိုင်း အချိန်ပင်ရှိသေးသော်လည်း မိုးအုံ့နေသောကြောင့် အလင်းရောင်းသိပ်မရှိပေ။

ဆရာကြီးသူရဇ္ဇကတော့ ရှာမှစထွက်ကတည်းက မြင်အပ်သောပုဂ္ဂိုလ် မမြင်ရသောပုဂ္ဂိုလ်တို့ကိုရည်စူးပြီး မေတ္တာပို့ အမျှအတမ်းဝေကာ လိုက်ပါလာလေသည်။

ကျောက်ဘီလူးတောင်သို့ ရောက်သောအခါ ရင်မောင်ကို ဂူအပြင်ဘက်၌ထားခဲ့ပြီး သုံးယောက်သား ဂူအတွင်းသို့ ဝင်သွားကြလေသည်။

ထိုဂူတွင်းသို့ အခြားနှစ်ယောက်က မရောက်ဖူးသေးသော်လည်း နီမောင်ကတော့ အကြိမ်ကြိမ် အခေါက်ခေါက် ဝင်ရောက်ခဲ့ပြီးဖြစ်လေသည်။

သို့ကြောင့် သူကပင် ဦးဆောင်ခေါ်သွားလေသည်။ အတွင်းပိုင်းမှာရှိတော့ ကျောက်ဘီလူးရုပ်တုကြီးရှိနေလေသည်။

လူတစ်ယောက်ထက် နှစ်ဆသုံးဆခန့် ကြီးပြီး ဒူးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထောင်၊ တစ်ဖက်လှဲနှင့် သံလျှက်ထမ်းထားသော ရုပ်တုမျိုး ဖြစ်သည်။

ထိုလုပ်ထားပုံမှာ လက်ရာမြောက်လှသောကြောင့် အမှောင်ထဲမှာကြည့်သောအခါ တကယ်အသက်ဝင်နေသော ဘီလူးတစ်ကောင်နှင့် များစွာတူလှလေသည်။

အမှောင်ရိပ်ထဲမှာပင် နီရဲနေသော မျက်လုံးနှစ်လုံးက အရောင်တလက်လက် တောက်ပနေသည်။

ထိုအခြေအနေကိုမြင်တော့ ဆရာကြီးသူရဋ္ဌက မှတ်ချက်ချလေသည်။

"အဝိညာဏ္ဏက အသက်မရှိတဲ့ ရုပ်တုလို့ ဆိုပေမယ့် တကယ်တော့ ဒီရုပ်တုက အသက်ဝင်နေတာပဲ၊ ကျောက်နဲ့ ထုထားတဲ့ ရုပ်တုဆိုပြီး နမော်မဲ့ နမာမဲ့နဲ့ အနားရောက်လာရင်တော့ အစားခံရမှာပဲ"

ထိုစကားကြားတော့ ဦးဗန်ကောင်းက မေးလိုက်သည်။

"ကျွန်တော်တို့ရော ကြာကြာနေလို့ဖြစ်ပါ့မလား ဆရာကြီး"

"စိတ်မပူပါနဲ့ဗျာ နံဘေးနားမှာ နီမောင်ရှိနေသမျှတော့ ကျုပ်တို့အစားမခံရပါဘူး၊ သူမပါပဲဝင်လာရင်တော့ ကျိန်းသေ အစားခံရမှာပဲ"

"ကြောက်စရာပဲ"

ဦးဗန်ကောင်းက တိုးတိုးပင်ရေရွတ်လိုက်သည်။

"ကဲ နီမောင်ရေ အချိန်ရှိတုန်း အင်းချပ်တွေကူးကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ မင်းလုပ်စရာရှိတာလုပ်ပေတော့”

ဟုပြောသဖြင့် နီမောင်က အမဲသားတုံးများထည့်ထား သော အထုပ်ကိုယူပြီး ကျောက်ဘီလူးရုပ်နှင့် မနီးမဝေး နေရာ အထိ လျှောက်သွားလေသည်။

ထိုနေရာရောက်တော့ ရပ်ပြီးမေးလိုက်လေသည်။

“ကျောက်ဘီလူးမင်း၊ အမဲသားစားမလား”

ထိုသို့မေးသောအခါ တစ်နေရာမှ...

“စားမယ်...”

ဟူသောအသံကြီးထွက်လာရာ မနီးမဝေးမှာ ရှိနေကြ သည့် သုံးယောက်စလုံးကြားလိုက်ရသည်။

“အင်းချပ်များကို ကူးယူခွင့်ပေးမလား”

ဟုမေးလိုက်သောအခါ တစ်နေရာမှပင်...၊

“ပေးမယ်...”

ဟူသော အသံကို ထပ်ကြားရသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကျောက်ဘီလူးရုပ်တုရှေ့တွင် ဖက်ရွက်ကိုခင်းပြီး ပါလာသော အမဲသားတုံးအချို့ကို တင်ပေးလိုက်ပြီး နောက်သို့ဆုတ်နေလိုက် လေသည်။

ထိုအခြေအနေမှာပင် ဆရာကြီးသူရဇ္ဇနှင့် ဦးဗန်ကောင်း တို့နှစ်ယောက်ကလည်း အချိန်ဆိုင်းမနေတော့ပဲ ကျောက်ဘီလူး ရုပ်တုကျောဘက်သို့သွားကာ ဖယောင်းတိုင်ကြီးသုံးတိုင် ထွန်း လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းတိုင်မီးရောင်ကြောင့် ကျောဘက်မှ အင်းချပ်နှင့်စာတို့ကို မြင်ကြရသည်။

ထို့နောက်မှာတော့ နှစ်ယောက်သား တက်ညီလက်ညီကူးယူကြလေသည်။

အင်းချပ်များပေါ်မှ ဖုံများကိုဖယ်ခါပြီး၊ အသင့်ယူဆောင်လာသော မှိုင်းခံစက္ကူများဖြင့်ကပ်ကာ အနက်ရောင်မှင်ဒလိမ့်တုံးဖြင့် လိမ့်ယူကြခြင်းပင်ဖြစ်ပေသည်။ ၎င်းတို့ကူးယူသော အင်းချပ်နှင့်စာများကို စာဖတ်သူတို့ အသုံးပြုနိုင်ရန် ဖော်ပြပေးပါမည်။

အဋ္ဌမုတ်အင်းကို ချနည်းနှင့်တကွ ဖော်ပြပေးမည်။

အင်းဆံဂဏန်းရေးနည်းမှာ...

- ၁ နှင့် ၈ ကို မတ်လှစေ။ မကွေးနှင့်။
- ၂ နှင့် ၅ ကို ရာဟုထောင်သို့အမြီးလှဲ့စေ။
- ၃ နှင့် ၇ ကို စနေထောင့်သို့ အမြီးလှဲ့စေ။
- ၉ ကို တနင်္ဂနွေထောင့်သို့ အမြီးလှဲ့စေ။

ဤကဲ့သို့ရေးမှ အကျိုးဖြစ်ထွန်းပေမည်။

အင်းကွက် နမူနာများကို နောက်တွင် ဖော်ပြထားပါသည်။ ယခုဖော်ပြထားသော စာသားများနှင့် တိုက်ဆိုင်ကြည့်ခြင်းဖြင့်...

၁ ၂ ၃ ၅ ၆ ၈ ၄ ဂဏန်းပုံစံများကို စိစစ်နိုင်ပါမည်။

ပထမအင်းမှာ ၄-၅-၆-၇-၈-၉-၁၀-၁၁-၁၂ တို့သည် အင်းစောင့် ပထမချရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၄ ကစသော အင်းငယ် ၃ ကွက်တွင် တစ်ကွက်ကို ၁၂ တိုး၍ ခရုပတ်လယ်၍သွားရသည်၊ ၁၀၀ တွင် ဆုံး၏။

၅ စောင်းသော အင်းငယ်ကွက်တွင်လည်း ၄င်းနည်း ၁၂ တိုးစီသွားသည်မှာ ၁၀၁ ဆုံး၏။

အလယ်ဆုံးကွက် ၁၂ စောင့်သော အင်းငယ် ၃ ကွက် တွင် ၄င်းနည်း ခရုပတ်သွားသည်မှာ အလယ်ဆုံးကွက်တွင် ၁၀ ဆုံး၏။

ဒုတိယအင်း ၃ ကွက်ကိုသိသာရန် မှင်နက်ကြီးနှင့် သထားသည်။

အင်းစောင့် ၁၂ ဖြစ်သည်။ ၁၁ စီတိုးသွားသည်။ တ ကွက်တစ်ကွက် ၁၁ စီတိုး၍ သွားခြင်းကြောင့် ၄င်းအင်းအလယ် တွင် ၁၀၀ ဆုံး၏။ ၄င်းနည်း ခရုပတ်သွားရမည်။

၄င်းအင္ဂမုတ်အင်းကို နတ်ကြီးလေးပါးဆေး၊ နတ်ဆေး ပေါင်းနှင့် ချေ၍ရသောပြာကိုသောက်လေ။

ပထမအင်း တစ်ဆယ့်နှစ်အင်းသောက်ပါ။

၄င်းနောက် မင်း ၁၀၈ အင်းစေ့အောင်သောက်ပြီး နတ်ကြီးများကို တိုင်တည်ပါ။

ဘယဝေးကွာ၊ မျိုးလေးဖြာတို့၊ တောင်ပါစိမ့်တွေ၊ ထ ခဲ့ပေအုံ၊ တွက်ရေအင်းချ၊ ပထမကို၊ ဖယကိန်းသေ၊ တည် လေမှ၊ ဒွါဒသလုစ်၊ အင္ဂမုတ်စစ်ကို တစ်အင်းဆို၍ ကွ စေ့အောင်၊ ထားပြီးနောင်မှ၊ ထည့်ငြား အလယ်၊ အတွက်ဝယ် ညီစွာစင်စစ်၊ တစ်ရာ့နှစ်တည့်၊ အမှန်မလွဲ၊ ဗိုးစမြမှာ၊ ကျေ



www.burmeseclassic.com

www.burmeseclassic.com


သျှင်နှစ်ကွက်၊ မပျက်အစဉ်၊ တိုးချင်တစ်ခု၊ အင်းစောင့်ပြု၍၊ ချမှုသေချာ၊ ထားခဲ့မှာသည်၊ သချာချရိုး အင္ဂမှတ်တည်း"

အချလကာကို ဆက်ကာဖော်ပြပါမည်။

အလှျံတေဇာ၊ ဝတီသာဝယ်၊ ဣန္ဒာသက္ကာ၊ ဝါသဝသည်၊ ဒါဒသအင်း၊ ကောင်းခြင်းကျေးဇူး၊ ဂုဏ်တော်ထူးကို၊ လေးဦးလိုထု၊ ရှိသေမှုဖြင့်၊ ကြည်ဖြူစေတနာ၊ သေချာမှတ်သား၊ ရေးခဲ့ထားသည်။

ဖော်ပြပါ အင်းများ၏ ဂုဏ်အကျိုးများကို ဖော်ပြပါမည်။

ပထမအင်း တေဇာဂုဏ်၏ အကျိုးကား၊ ပွားသည်ခြွေရံ၊ သုဝဏ္ဏံနှင့်၊ ပုတ္တံမိတ၊ ပြည့်စုံလှလျက်၊ ဒါနပြည့်ဖြိုး၊ နေ့တိုင်းတိုး၏။ လာဘ်မျိုးရောက်လာ၊ မိုးသို့ရွာ၏။

ဒုတိယအင်း၊ အကျိုးရင်းည်း၊ များခြင်းမြွေရွေ ဥစ္စာတွေနှင့် ၊ ဆန်ရေစပါး၊ ကျွန်ကျွဲနွားသည်၊ တိုးပွားစည်အံ့။

တတိယအင်းမူ၊ သုချမ်းသာ ကြီးကျယ်စွာလျှင် ဥစ္စာကျွန်ကျေး၊ သားမြေးပွားစီ စည်းစိမ်တည်လိမ့်။

စတုတ္ထအင်း၏ တေဇလျှံမြူး၊ ဂုဏ်အထူးကား၊ ညွှတ်နူးခွပျောင်း၊ ရင်ပျားအောင်းကို၊ ထွက်ပျောင်းပျားသွန်၊ ဖယောင်းခွန်ကို၊ ကြိမ်ဖန်များစွာ၊ စစ်ပြီးခါမှ၊ ဖြူစွာနုထွား၊ လေးထောင့်ပြား၍၊ ရေးသားသေချာ၊ ရေးပြီးခါမှ၊ အင်းချပါလျက်၊ ဖယောင်းချက်မှ၊ ခသုသီလံ၊ ရှေ့ဆံနောက်ပင်၊ ဆောင်သဖြင့်လျှင်၊ လူတို့ရှင်မှူး၊ မြင်လျှင်ခဏ၊ သိန္နေမာဖြင့်၊ ပီယမေတ္တာ၊ လိုရာမတ၊


www.burmeseclassic.com

www.burmeseclassic.com


ကိလေကြွ၍ ၊ ဓနရွှေငွေ၊ ရတို့ပေအံ့။

ငါးထွေပဥ္စာ၊ အင်း၏အကျိုးမှာကား၊ သေချာအကျယ် သုံးဆယ်အပါး၊ သုံးနိုင်ပြား၏။

ခြောက်ပါးအင်းက၊ မဟိသံနှင့်၊ ဂေါနုစ်တွင်၊ ထားတုံ ချင်မှ၊ များဖြင်ပွားစီး၊ စည်ပင်ကြီးလိမ့်။

တစ်သီးသတ္တာ၊ အင်းတေဇမှာ၊ စိတ်ကကြံဆောင်၊ ပြီးမြော် အောင်၍၊ များမြောင်ခြွေရံ၊ ဓနံလာဘ၊ ပြည့်စုံလှ၏။

အဋ္ဌရှစ်အင်း၊ အကျိုးရင်းလည်း၊ ထိန်ဝင်းလျှံပြောင် ကျမ်းများဘောင်ဝယ်၊ လရောင်လျှံဝန်း၊ သော်တာထွန်း၍၊ ရံဝန်း ခြွေရွေ၊ များဗိုလ်ခြေနှင့် ပွားထွေစည်ပင်၊ ကျော်စောထင်လိမ့် ကိုယ်တွင်ကင်းကွာ၊ ဘေးဆိတ်ရာ၏။

နဝဆိုရာ၊ ကိုးအင်းမှာကား၊ အိမ်ရာကျောင်းကန်၊ ဌာန မှန်တွင်၊ ထားရန်သေချာ၊ လေးမျက်နှာကို၊ နံကားလေးထောင့် အမြဲစောင့်၍ အမှောင့်ပယောဂါ၊ နိတ်မိစ္ဆာနှင့် ပြိတ္တာတစ္ဆေ ကဝေမောက်လုံး၊ ပြေးပျောက်ပုံး၍၊ အိမ်လုံးချမ်းသာ၊ ဘေးလွတ် ကွာ၏။

ကောဒသ၊ တေဓာတန်ခိုး၊ အင်းအကျိုးကား၊ သားမြေး မရ၊ ဣတ္ထိယတို့၊ ပုတ္တမိတစ်ရာ၊ မှန်စွာမုချ၊ ကေန္တလျှင်၊ ရအံ့ မယွင်း၊ နလုံးသွင်းလော့။

ဒွါဒသအင်း၊ အကျိုးရင်းလည်း၊ ဝေးရာပဥ္စ၊ သေဥ္စသ နှင့် ၊ ဒသစန္ဒရာ၊ ဘေးဘယာသည်၊ စင်ကွာသန့်ရှင်း ငြိမ်ဒိကင်း ၏။


www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းကပင်၊ အကျယ်ဆင်မှု၊ ဆဲ့နှစ်ဆူကို၊ မှတ်ယူခွဲသုံး၊ စီကာကုံး၍ တစ်လုံးစီထိုး၊ ငွေမှတ်ကြိုးနှင့်၊ သီရိုးမပြတ်၊ ခါးကိုပတ်၍၊ ဆောင်အပ်လှစွာ၊ စတုရန်းသစ်၊ နံလစ်ကင်ဆုံး၊ ခေါင်းအုံးစီရင်၊ လူတွင်ထင်ရှား၊ အကျိုးပွား၍၊ တစ်ပါးရန်သူ၊ ကြောက်ရွံ့မူ၍၊ လူတို့အများ၊ ပူဇော်ဩဘာအံ့၊ မှတ်သားကောန်၊ အမြဲမှန်သည်၊ ဆောင်ရန်ရှုပအပြီးတည်း။

အဆိုပါ အင်းများကို အခြားသုံးရန်နည်းများကို ဖော်ပြပါဦးမည်။

ပထမအင်းအကျိုးကား နဝဘဂါထာကို သုံးထပ်ရန်၊ လကျာ်ရစ်ချပါက သေနတ်အမြောက်လွဲ၏။ လက်ဝဲရစ်ချသော် အမြောက်ဆံသည် လူပုံကိုကျော်သွား၏။

ဒုတိယအင်းကား၊ တရိသီဟော ဂါထာကို သုံးထပ်ရန်၊ လကျာ်ရစ်ချပါက ရွှေငွေ ဥစ္စာရတနာပြန့်ပွား၏။ လက်ဝဲရစ်ချသော် ဘေးကင်း၏။

တတိယအင်းကား သိရသို့ဂါထာကို သုံးထပ်ရန်၊ လကျာ်ရစ်ချပါက သူတစ်ပါးမကောင်းကြံ၍မရနိုင်။ မိမိမှာ ချမ်းသာ၏။ လက်ဝဲရစ်ချသော် သူခိုးဓားပြဘေးရန်မှ လွတ်၏။

စတုတ္ထအင်းကား၊ ပထဝီဗလသုန္ဒြီဂါထာကို သုံးထပ်၊ လက်ကျာ်ရစ်ချပါက အနှစ်မျိုးကောင်း၏။ လက်ဝဲရစ်ချသော် အမှောင့်၊ အဟန့်၊ အဆီးအတားကောင်း၏။

ပဉ္စမအင်းကား၊ ဩောင်း, ကထေသိဂါထာကို သုံးထပ်ရန်။ လကျာ်ရစ်ချသော် သူတစ်ပါးမကောင်းကြံသမျှကို နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com


က်ဝဲရစ်ချသော် သူတစ်ပါးမကောင်းမှုသည် အလိုလိုပျောက်ပျက်လေ၏။

ဆဋ္ဌမအင်းကား၊ ပြောင်း, ကထေသိဂါထာကို သုံးထပ်ရံ၊ ခေါင်းအုံးအောက်မှာထားပါ။ လကျာ်ရစ်ချသော် ဘေးဟူသမျှ လွတ်၏။ လက်ဝဲရစ်ချသော် လက်တွင်ဆုပ်၍ထား၊ မတ်တတ်ရပ်၍ဟစ်သော် တစ်တိုင်ကွာက ရန်သူလွတ်၏။

သတ္တမအင်းကား ပဋ္ဌဒ္ဒါရဏ ဂါထာကို သုံးထပ်ရံ၊ လကျာ်ရစ်ချက ရန်သူဟူသမျှ၏ ဘေးမှလွတ်၏။ လက်ဝဲရစ်ချက မျက်နှာပွင့်၏။

အဋ္ဌမအင်းကား၊ ဗိနဝေါတ္တံဂါထာကို သုံးထပ်ရံ၊ လကျာ်ရစ်ချသော် သူတစ်ပါးကြောက်လန့်၏။ လက်ဝဲရစ်ချသော် အနှစ်အမျိုးကောင်း၏။

နဝမအင်းကား၊ နရာဝရုံဂါထာကို သုံးထပ်ရံ၊ လကျာ်ရစ်ချသော် လူကြီးများနှင့်တွေ့ဆုံသည့်အခါ မျက်နှာသာပေးခြင်းခံရ၏။ လက်ဝဲရစ်ချသော် မျက်နှာပွင့်လန်း၏။

ဒသမအင်းကား၊ နမောစေရဂါထာကို သုံးထပ်ရံ၊ လကျာ်ရစ်ချသော် နှောင်အိမ်ကပ်ဘိလွတ်၏။ လက်ဝဲရစ်ချသော် ထိပ်ကျွတ်၏။

ကောဒသမအင်းကား၊ ပထမံဂါထာကို သုံးထပ်ရံ၊ လကျာ်ရစ်ချပါက ရုပ်ထားနံထားမကောင်းဟူသမျှ အကြံအစည်ပေါ်လာ၏။ လက်ဝဲရစ်ချသော် မကောင်းသော အကြံအစည်ဟူသမျှ ပြေပျောက်၏။


www.burmeseclassic.com

www.burmeseclassic.com



ဒွါဒသကား ။ မဟာဓေယျဂါထာကို ဒိဝတပ္ပတိဂါထာ ကိုနှော၊ နှောကိုးတန်ဂါထာပါပေါင်း၍ ၎င်းတို့ကို စကား သုံး ထပ်ရန်။ လက်ျာရစ်ချသော် မိမိကိုမကောင်းကြံစည်သမျှသော ရုပ်မြှုပ်၊ ရုပ်ထား၊ နမ်းထားဂြိုလ်စား သက်ရောက်၊ အမြောက် သေနတ်၊ ဘေးအပေါင်းမှ လွတ်၏။ လက်ဝဲရစ်ချသော် အမြိန် အရသာ စားရ၏။ မျက်နှာပွင့်လန်း၏။ သူတစ်ပါး ချစ်မြတ် နိုး၏။ သိကြားဗြဟ္မာသမာဒေဝနတ်ကောင်း နတ်မြတ်များ စောင့်ရှောက်၏။ မကောင်းကျိုးပျောက်၍ ကောင်းကျိုးရောက် လာ၏။ (အထက်ပါဖော်ပြသော စာများမှ ရှေးကရေးခဲ့သော စာများဖြစ်သောကြောင့် ဖတ်ရန်မလွယ်ကူပေ။

သို့ကြောင့် စာဖတ်သူများ အဆင်ပြေစေရန် စကားပြေ ဖြင့်ပြန်လည်ရေးသားပြီး အဋ္ဌမှတ်အင်း (၁၂)ချပ်ကိုပါ အသုံးပြု လိုသူအတွက် ဖော်ပြပေးလိုက်ပါသည်။)

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ဂဏန်းပုံစံ။

အဋ္ဌမှတ်ပဋ္ဌမအင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | ၁၆ | ၂၈ | ၅ | ၁၇ | ၂၉ | ၆ | ၁၈ | ၃၀ |
| ၈၈ | ၁၀၀ | ၄၀ | ၈၉ | ၁၀၁ | ၄၁ | ၉၀ | ၁၀၂ | ၄၂ |
| ၇၆ | ၆၄ | ၅၂ | ၇၇ | ၆၅ | ၅၃ | ၇၈ | ၆၆ | ၅၄ |
| ၁၁ | ၂၃ | ၃၅ | ၁၂ | ၂၄ | ၃၆ | ၇ | ၁၉ | ၃၁ |
| ၉၅ | ၁၀၇ | ၄၇ | ၉၆ | ၁၀၈ | ၄၈ | ၉၁ | ၁၀၃ | ၄၃ |
| ၈၃ | ၇၁ | ၄၉ | ၈၄ | ၇၂ | ၆၀ | ၇၉ | ၆၇ | ၅၅ |
| ၁၀ | ၂၂ | ၃၄ | ၉ | ၂၁ | ၃၃ | ၈ | ၂၀ | ၃၂ |
| ၉၄ | ၁၀၆ | ၄၆ | ၉၃ | ၁၀၅ | ၄၅ | ၉၂ | ၁၀၄ | ၄၄ |
| ၈၂ | ၇၀ | ၅၈ | ၈၁ | ၆၉ | ၅၇ | ၈၀ | ၆၈ | ၅၆ |



www.burmeseclassic.com

www.burmeseclassic.com



### ဆဋ္ဌမုတ်ချတ်ထားခင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၂ | ၂၃ | ၃၄ | ၁၃ | ၂၄ | ၃၅ | ၁၄ | ၂၅ | ၃၆ |
| ၈၉ | ၁၀၀ | ၄၅ | ၉၀ | ၁၀၁ | ၄၆ | ၉၁ | ၁၀၂ | ၄၇ |
| ၇၈ | ၆၇ | ၅၆ | ၇၉ | ၆၈ | ၅၇ | ၈၀ | ၆၉ | ၅၈ |
| ၁၉ | ၃၀ | ၄၁ | ၂၀ | ၃၁ | ၄၂ | ၁၅ | ၂၆ | ၃၇ |
| ၉၆ | ၁၀၇ | ၅၂ | ၉၇ | ၁၀၈ | ၅၃ | ၉၂ | ၁၀၃ | ၄၈ |
| ၈၅ | ၇၄ | ၆၃ | ၈၆ | ၇၅ | ၆၄ | ၈၁ | ၇၀ | ၅၉ |
| ၁၈ | ၂၉ | ၄၀ | ၁၇ | ၂၈ | ၃၉ | ၁၆ | ၂၇ | ၃၈ |
| ၉၅ | ၁၀၆ | ၅၁ | ၉၄ | ၁၀၅ | ၅၀ | ၉၃ | ၁၀၄ | ၄၉ |
| ၈၄ | ၇၃ | ၆၂ | ၈၃ | ၇၂ | ၆၁ | ၈၂ | ၇၁ | ၆၀ |

### တတိယ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၀ | ၃၀ | ၄၀ | ၂၁ | ၃၁ | ၄၁ | ၂၂ | ၃၂ | ၄၂ |
| ၉၀ | ၁၀၀ | ၅၀ | ၉၁ | ၁၀၁ | ၅၁ | ၉၂ | ၁၀၂ | ၅၂ |
| ၈၀ | ၇၀ | ၆၀ | ၈၁ | ၇၁ | ၆၁ | ၈၂ | ၇၂ | ၆၂ |
| ၂၇ | ၃၇ | ၄၇ | ၂၈ | ၃၈ | ၄၈ | ၂၉ | ၃၉ | ၄၉ |
| ၉၇ | ၁၀၇ | ၅၇ | ၉၈ | ၁၀၈ | ၅၈ | ၉၉ | ၁၀၉ | ၅၉ |
| ၈၇ | ၇၇ | ၆၇ | ၈၈ | ၇၈ | ၆၈ | ၈၉ | ၇၉ | ၆၉ |
| ၂၆ | ၃၆ | ၄၆ | ၂၅ | ၃၅ | ၄၅ | ၂၄ | ၃၄ | ၄၄ |
| ၉၆ | ၁၀၆ | ၅၆ | ၉၅ | ၁၀၅ | ၅၅ | ၉၄ | ၁၀၄ | ၅၄ |
| ၈၆ | ၇၆ | ၆၆ | ၈၅ | ၇၅ | ၆၅ | ၈၄ | ၇၄ | ၆၄ |

### စတုတ္ထ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂၈ | ၃၇ | ၄၆ | ၂၉ | ၃၈ | ၄၇ | ၃၀ | ၃၉ | ၄၈ |
| ၉၁ | ၁၀၀ | ၅၅ | ၉၂ | ၁၀၁ | ၅၆ | ၉၃ | ၁၀၂ | ၅၇ |
| ၈၂ | ၇၃ | ၆၄ | ၈၃ | ၇၄ | ၆၅ | ၈၄ | ၇၅ | ၆၆ |
| ၃၅ | ၄၄ | ၅၃ | ၃၆ | ၄၅ | ၅၄ | ၃၁ | ၄၀ | ၄၉ |
| ၉၈ | ၁၀၇ | ၆၂ | ၉၉ | ၁၀၈ | ၆၃ | ၉၄ | ၁၀၃ | ၅၈ |
| ၈၉ | ၈၀ | ၇၁ | ၉၀ | ၈၁ | ၇၂ | ၈၅ | ၇၆ | ၆၇ |
| ၃၄ | ၄၃ | ၅၂ | ၃၃ | ၄၂ | ၅၁ | ၃၂ | ၄၁ | ၅၀ |
| ၉၇ | ၁၀၆ | ၆၁ | ၉၆ | ၁၀၅ | ၆၀ | ၉၅ | ၁၀၄ | ၅၉ |
| ၈၈ | ၇၉ | ၇၀ | ၈၇ | ၇၈ | ၆၉ | ၈၆ | ၇၇ | ၆၈ |



www.burmeseclassic.com

www.burmeseclassic.com



### အဋ္ဌမရုတ်ပဉ္စမဆောင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃၆ | ၄၄ | ၅၂ | ၃၇ | ၄၅ | ၅၃ | ၃၈ | ၄၆ | ၅၄ |
| ၉၂ | ၁၀၀ | ၆၀ | ၉၃ | ၁၀၁ | ၆၁ | ၉၄ | ၁၀၂ | ၆၂ |
| ၈၄ | ၇၆ | ၆၈ | ၈၅ | ၇၇ | ၆၉ | ၈၆ | ၇၈ | ၇၀ |
| ၄၃ | ၅၁ | ၅၉ | ၄၄ | ၅၂ | ၆၀ | ၃၉ | ၇၄ | ၅၅ |
| ၉၉ | ၁၀၇ | ၆၇ | ၁၀၀ | ၁၀၈ | ၆၈ | ၉၅ | ၁၀၃ | ၆၃ |
| ၉၁ | ၈၃ | ၇၅ | ၉၂ | ၈၄ | ၇၆ | ၈၇ | ၇၉ | ၇၁ |
| ၄၂ | ၅၀ | ၅၈ | ၄၁ | ၄၉ | ၅၇ | ၄၀ | ၄၈ | ၅၆ |
| ၉၈ | ၁၀၆ | ၆၆ | ၉၇ | ၁၀၅ | ၆၅ | ၉၆ | ၁၀၄ | ၆၄ |
| ၉၀ | ၈၂ | ၇၄ | ၈၉ | ၈၁ | ၇၃ | ၈၈ | ၈၀ | ၇၂ |

### အဋ္ဌမရုတ်ဆဋ္ဌမဆောင်းပုံစံ၊

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄၄ | ၅၁ | ၅၈ | ၄၅ | ၅၂ | ၅၉ | ၄၆ | ၅၃ | ၆၀ |
| ၉၄ | ၁၀၀ | ၆၅ | ၉၄ | ၁၀၁ | ၆၆ | ၉၅ | ၁၀၂ | ၆၇ |
| ၈၆ | ၇၉ | ၇၂ | ၈၇ | ၈၀ | ၇၃ | ၈၈ | ၈၁ | ၇၄ |
| ၅၁ | ၅၈ | ၆၅ | ၅၂ | ၅၉ | ၆၆ | ၄၇ | ၅၄ | ၆၁ |
| ၁၀၀ | ၁၀၇ | ၇၂ | ၁၀၁ | ၁၀၈ | ၇၃ | ၉၆ | ၁၀၃ | ၆၈ |
| ၉၃ | ၈၆ | ၇၉ | ၉၄ | ၈၇ | ၈၀ | ၈၉ | ၈၂ | ၇၅ |
| ၅၀ | ၅၇ | ၆၄ | ၄၉ | ၅၆ | ၆၃ | ၄၈ | ၅၅ | ၆၂ |
| ၉၉ | ၁၀၆ | ၇၁ | ၉၈ | ၁၀၅ | ၇၀ | ၉၇ | ၁၀၄ | ၆၉ |
| ၉၂ | ၈၅ | ၇၈ | ၉၁ | ၈၄ | ၇၇ | ၉၀ | ၈၃ | ၇၆ |

### အဋ္ဌမရုတ်သတ္တမဆောင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅၂ | ၅၈ | ၆၄ | ၅၃ | ၅၉ | ၆၅ | ၅၄ | ၆၀ | ၆၆ |
| ၉၄ | ၁၀၀ | ၇၀ | ၉၅ | ၁၀၁ | ၇၁ | ၉၆ | ၁၀၂ | ၇၂ |
| ၈၈ | ၈၂ | ၇၆ | ၈၉ | ၈၃ | ၇၇ | ၉၀ | ၈၄ | ၇၈ |
| ၅၉ | ၆၅ | ၇၁ | ၆၀ | ၆၆ | ၇၂ | ၅၅ | ၆၁ | ၆၇ |
| ၁၀၁ | ၁၀၇ | ၇၇ | ၁၀၂ | ၁၀၈ | ၇၈ | ၉၇ | ၁၀၃ | ၇၃ |
| ၉၅ | ၈၉ | ၈၃ | ၉၆ | ၉၀ | ၈၄ | ၉၁ | ၈၅ | ၇၉ |
| ၅၈ | ၆၄ | ၇၀ | ၅၇ | ၆၃ | ၆၉ | ၅၆ | ၆၂ | ၆၈ |
| ၁၀၀ | ၁၀၆ | ၇၆ | ၉၉ | ၁၀၅ | ၇၅ | ၉၈ | ၁၀၄ | ၇၄ |
| ၉၄ | ၈၈ | ၈၂ | ၉၃ | ၈၇ | ၈၁ | ၉၂ | ၈၆ | ၈၀ |



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂမှတ်အဋ္ဌမအခင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆၀ | ၆၅ | ၇၀ | ၆၁ | ၆၆ | ၇၁ | ၆၂ | ၆၇ | ၇၂ |
| ၄၅ | ၁၀၀ | ၇၅ | ၄၆ | ၁၀၁ | ၇၆ | ၄၇ | ၁၀၂ | ၇၇ |
| ၄၀ | ၈၅ | ၈၀ | ၄၁ | ၈၆ | ၈၁ | ၄၂ | ၈၇ | ၈၂ |
| ၆၇ | ၇၂ | ၇၇ | ၆၈ | ၇၃ | ၇၈ | ၆၃ | ၆၈ | ၇၃ |
| ၁၀၂ | ၁၀၇ | ၈၂ | ၁၀၃ | ၁၀၈ | ၈၃ | ၄၈ | ၁၀၃ | ၇၈ |
| ၄၇ | ၄၂ | ၈၇ | ၄၈ | ၄၃ | ၈၈ | ၄၃ | ၈၀ | ၈၃ |
| ၆၆ | ၇၁ | ၇၆ | ၆၅ | ၇၀ | ၇၅ | ၆၉ | ၆၄ | ၇၉ |
| ၁၀၁ | ၁၀၆ | ၈၁ | ၁၀၀ | ၁၀၅ | ၈၀ | ၄၄ | ၁၀၉ | ၇၄ |
| ၄၆ | ၄၁ | ၈၆ | ၄၅ | ၄၀ | ၈၅ | ၄၉ | ၈၄ | ၈၉ |

အင်္ဂမှတ်နဝမအခင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆၈ | ၇၂ | ၇၆ | ၆၄ | ၇၃ | ၇၇ | ၇၀ | ၇၉ | ၇၈ |
| ၄၆ | ၁၀၀ | ၈၀ | ၄၇ | ၁၀၁ | ၈၁ | ၄၀ | ၁၀၂ | ၈၂ |
| ၄၂ | ၈၈ | ၈၉ | ၄၃ | ၈၄ | ၈၅ | ၄၉ | ၄၈ | ၈၆ |
| ၇၅ | ၇၄ | ၈၃ | ၇၆ | ၈၀ | ၈၉ | ၇၁ | ၇၅ | ၇၄ |
| ၁၀၃ | ၁၀၇ | ၈၇ | ၁၀၉ | ၁၀၈ | ၈၈ | ၄၄ | ၁၀၃ | ၈၃ |
| ၄၄ | ၄၅ | ၄၁ | ၁၀၀ | ၄၆ | ၄၂ | ၄၅ | ၄၁ | ၈၇ |
| ၇၉ | ၇၈ | ၈၂ | ၇၃ | ၇၇ | ၈၁ | ၇၂ | ၇၆ | ၈၀ |
| ၁၀၂ | ၁၀၆ | ၈၆ | ၁၀၁ | ၁၀၅ | ၈၅ | ၁၀၀ | ၁၀၉ | ၈၉ |
| ၄၈ | ၄၉ | ၄၀ | ၄၇ | ၄၃ | ၈၄ | ၄၆ | ၄၂ | ၈၈ |

အင်္ဂမှတ်ဒသမအခင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၇၆ | ၇၄ | ၈၂ | ၇၇ | ၈၀ | ၈၃ | ၇၈ | ၈၁ | ၈၉ |
| ၄၇ | ၁၀၀ | ၈၅ | ၄၈ | ၁၀၁ | ၈၆ | ၄၄ | ၁၀၂ | ၈၇ |
| ၄၉ | ၄၁ | ၈၈ | ၄၅ | ၄၂ | ၈၄ | ၄၆ | ၄၄ | ၄၀ |
| ၈၃ | ၈၆ | ၈၄ | ၈၉ | ၈၇ | ၆၀ | ၇၄ | ၈၂ | ၈၅ |
| ၁၀၉ | ၁၀၇ | ၄၂ | ၁၀၅ | ၁၀၈ | ၄၃ | ၁၀၀ | ၁၀၃ | ၈၈ |
| ၁၀၁ | ၄၈ | ၄၅ | ၁၀၂ | ၄၄ | ၄၆ | ၄၇ | ၄၉ | ၄၁ |
| ၈၂ | ၈၅ | ၈၈ | ၈၁ | ၈၉ | ၈၇ | ၈၀ | ၈၃ | ၈၆ |
| ၁၀၃ | ၁၀၆ | ၄၁ | ၁၀၂ | ၁၀၅ | ၄၀ | ၁၀၁ | ၁၀၉ | ၈၄ |
| ၁၀၀ | ၄၇ | ၄၉ | ၄၄ | ၄၆ | ၄၃ | ၄၈ | ၄၅ | ၄၂ |



www.burmeseclassic.com

www.burmeseclassic.com



အင္ဂမှတ်ဗေဒသမအင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈၄ | ၈၆ | ၈၀ | ၈၅ | ၈၇ | ၈၉ | ၈၆ | ၈၈ | ၉၀ |
| ၉၈ | ၁၀၀ | ၉၀ | ၉၉ | ၁၀၁ | ၉၁ | ၁၀၀ | ၁၀၂ | ၉၂ |
| ၉၆ | ၉၄ | ၉၂ | ၉၇ | ၉၅ | ၉၃ | ၉၈ | ၉၆ | ၉၄ |
| ၉၁ | ၉၃ | ၉၅ | ၉၂ | ၉၄ | ၉၆ | ၈၇ | ၈၉ | ၉၁ |
| ၁၀၅ | ၁၀၇ | ၉၇ | ၁၀၆ | ၁၀၈ | ၉၈ | ၁၀၁ | ၁၀၃ | ၉၃ |
| ၁၀၃ | ၁၀၁ | ၉၉ | ၁၀၄ | ၁၀၂ | ၁၀၀ | ၉၉ | ၉၇ | ၉၅ |
| ၉၀ | ၉၂ | ၉၄ | ၈၉ | ၉၁ | ၉၃ | ၈၈ | ၉၀ | ၉၂ |
| ၁၀၄ | ၁၀၆ | ၉၆ | ၁၀၃ | ၁၀၅ | ၉၅ | ၁၀၂ | ၁၀၄ | ၉၄ |
| ၁၀၂ | ၁၀၀ | ၉၈ | ၁၀၁ | ၉၉ | ၉၇ | ၁၁၀ | ၉၈ | ၉၆ |

အင္ဂမှတ်ဗေဒသမအင်းပုံစံ။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈၄ | ၈၆ | ၈၀ | ၈၅ | ၈၇ | ၈၉ | ၈၆ | ၈၈ | ၉၀ |
| ၉၈ | ၁၀၀ | ၉၀ | ၉၉ | ၁၀၁ | ၉၁ | ၁၀၀ | ၁၀၂ | ၉၂ |
| ၉၆ | ၉၄ | ၉၂ | ၉၇ | ၉၅ | ၉၃ | ၉၈ | ၉၆ | ၉၄ |
| ၉၁ | ၉၃ | ၉၅ | ၉၂ | ၉၄ | ၉၆ | ၈၇ | ၈၉ | ၉၁ |
| ၁၀၅ | ၁၀၇ | ၉၇ | ၁၀၆ | ၁၀၈ | ၉၈ | ၁၀၁ | ၁၀၃ | ၉၃ |
| ၁၀၃ | ၁၀၁ | ၉၉ | ၁၀၄ | ၁၀၂ | ၁၀၀ | ၉၉ | ၉၇ | ၉၅ |
| ၉၀ | ၉၂ | ၉၄ | ၈၉ | ၉၁ | ၉၃ | ၈၈ | ၉၀ | ၉၂ |
| ၁၀၄ | ၁၀၆ | ၉၆ | ၁၀၃ | ၁၀၅ | ၉၅ | ၁၀၂ | ၁၀၄ | ၉၄ |
| ၁၀၂ | ၁၀၀ | ၉၈ | ၁၀၁ | ၉၉ | ၉၇ | ၁၁၀ | ၉၈ | ၉၆ |

အင္ဂမှတ်-၁၂-အင်းတို့၏အင်းပေါင်းနှင့်တိုးပုံကိုဇယားနှင့်ပြအံ့

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ |
| ၁၂ | ၁၁ | ၁၀ | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ |

ပဌမတန်း၊ သည့်အင်း၊ အမည်၊ ဒုတိယတန်း၊ သည့်အင်း၊ ပေါင်းအားဖြင့်ယသည့်ဂဏန်း။

ဆရာကြီးသူရစ္စနှင့် ဦးဗန်ကောင်းတို့နှစ်ဦးက ကျောက်ဘီလူးကျော့တွင် ရေးသားထားသော အင်းချပ်များနှင့် အညွှန်းစာများကို ဂရုတစိုက် ကူးယူနေကြစဉ် နီမောင်ကလည်း အမဲသား



www.burmeseclassic.com

www.burmeseclassic.com


တုံးများကို မပြတ်ရအောင် ဂရုစိုက်ပြီး ချပေးနေရလေသည်။

ချပေးသောအမဲသားတုံးများကိုတော့ ကျောက်ဘီလူး ရုပ်ထုကြီးက လှုပ်လှုပ်ရှားရှားဖြင့် ယူစားနေသည်တော့ မဟုတ်ပေ။ ကျောက်ရုပ်ကြီးကတော့ ပကတိအတိုင်းပင် ငြိမ်သက်နေသော်လည်း ရှေ့မှာချပေးထားသော အမဲသားတုံးများကတော့ တစ်တုံးပြီးတစ်တုံး လျော့သွားခြင်းဖြစ်ပေသည်။

သူမမြင်အောင် ယူစားနေသည်ဟု ထင်သဖြင့် ကျောက်ဘီလူးရုပ်တု၏ ပါးစပ်ကိုကြည့်လိုက်သည်။

အမဲသားများ စားနေသည်တော့ မတွေ့ရပေ။

သူလှမ်းကြည့်သောအချိန်တွင် ပါးစပ်ဖြဲပြီးရယ်ပြလိုက်သည်ကိုတော့ အမှတ်တမဲ့ မြင်လိုက်ရသည်။

ဤသို့ဖြင့် အချိန်အနည်းငယ်ကြာသောအခါ သူယူလာသော အမဲသားတုံးများ ကုန်ကာနီးသွားပေပြီ။

နောက်တစ်ကြိမ်ချပေးရုံလောက်သာ ကျန်တော့သည်။

ဒီပမှာထားသည့်အတိုင်းဆိုပါက ချပေးထားသော အမဲသားတုံးများမကုန်ခင် ဂူအတွင်းမှ အလျင်အမြန်ထွက်ကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် ဆရာကြီးတို့ကိုလှမ်းပြီး သတိပေးလိုက်လေသည်။

"ဆရာကြီး အမဲသားကုန်တော့မယ်"

"အေးအေး၊ ဒီမှာလည်း ပြီးလုနေပါပြီ"

နီမောင်က နောက်ဆုံးကျန်နေသော အမဲသားတုံးများ


www.burmeseclassic.com

www.burmeseclassic.com



ကို ချပေးလိုက်ပြီး ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေလေသည်။

ချပေးထားသောအမဲသားများ အနည်းငယ်ကျန်တော့သည့်အချိန်မှာတော့ အင်းချပ်ကူးနေသူနှစ်ယောက် ပြန်ထွက်လာကြသည်။


"ပြီးပြီဟေ့ သွားကြရအောင်"

ဟုပြောဆိုကာ သုံးယောက်သား ကျောက်ဂူအပြင်ဘက်သို့ အလျင်အမြန် ထွက်ခဲ့ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [၁၅]

# စေတနာကောင်းသဖြင့် ကံအကြောင်းလှခဲ့သူ

နောက်ပိုင်း ရက်များမှာတော့ နီမောင်တို့ ညီအစ်ကို နှစ်ယောက်မှာ မိမိတို့အလုပ်များကို ကောင်းစွာလုပ်ကြရလေသည်။

ဦးဘရှိန်ကတော့ သားနှစ်ယောက်ကို စိတ်မချသောကြောင့် နောက်ထပ်အဖော်နှစ်ယောက် ရှာထည့်ပေးလိုက်လေသည်။ ထိုနှစ်ယောက်မှာ စေထီးနှင့် ငမဲအောင်ဆိုသော လူရွယ်နှစ်ယောက်တို့ပင်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ယောက်မှာ မိုးမခရွာမှပင်ဖြစ်ပြီး နီမောင်နှင့် ခင်မင်နေကြသူများဖြစ်သည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပါ ပါလာသော ကြောင့် အလုပ်တွင်ကျယ်လာသည့်အပြင် အစစအရာရာလည်း အားကိုးရလေသည်။

နှစ်ယောက်လုပ်နေသည်နှင့်စာလျှင် လေးယောက်လုပ် သောအခါ အလုပ်ကပိုမိုတွင်ကျယ်လာပြီး ခုတ်ထွင်ရှင်းလင်း ထားသော မြေကွက်များမှာ မိုးရာသီရောက်သည်နှင့် စပါးစိုက် ပျိုးရန် အဆင်သင့်ဖြစ်နေပေပြီ။

ထို့ကြောင့် တောစပ်နှင့် မနီးမဝေးနေရာတွင် တဲတစ် လုံးဆောက်ကြသည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ထိုတဲမှာပင်နေ ကြပြီး နီမောင်တို့ကတော့ သွားချည်လာလှည့် နေကြလေသည်။

ထိုရက်ထဲမှာပင် ဆရာကြီးသူရှ ရောက်လာပြီး ပြော သည်။

"နီမောင်..မင်းအကူအညီပေးခဲ့လို ဘယ်လိုမှ မရနိုင်တဲ့ သိဒ္ဓိပေါက်အင်း ၁၂ ချပ်ကို ရခဲ့တယ်။

ဒီအတွက် မင်းကို ကျေးဇူးတင်ပါတယ်။

"ရပါတယ် ဆရာကြီးရယ် ဆရာကြီးတို့လို ပုဂ္ဂိုလ်မျိုးကို တတ်နိုင်သလောက် အကူအညီပေးရတာကိုပဲ ကျွန်တော်က ဝမ်း သာနေတာပါ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွယ်၊ ကျေးဇူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နည်းတယ်များတယ် မဟုတ်ဘူး၊ ရှိရင်တော့ ပြန်ဆပ်ရမှာပေါ့၊ နောင်နှစ် မင်းညီကို ရှင်ပြုပေးကာနီးရင်တော့ ငါတစ်ခေါက် လာခဲ့ဦးမယ်၊ အဲဒီကျရင်တော့ သူ့ကိုပြောစရာရှိတာပြောပြီး၊ လုပ်ပေးစရာလည်း လုပ်ပေးရမယ်"

ဟုပြောဆိုကာ ရန်ကုန်သို့ ပြန်သွားလေသည်။

နီမောင်တို့မိသားစုမှာလည်း ဒီနှစ်တော့ ထူးထူးခြားခြား အဆင်ပြေသည့်နှစ်ဟု ဆိုရပေမည်။

အခြားသူများ သွားရောက်မလုပ်ဝံ့သော နေရာတွင် လယ်ကွက်များတိုးရာ အတော်များများ ရခဲ့လေသည်။

ထို့ပြင် ထမင်းဟင်းချက်ပေးရန် ဒီပပေးသော ငွေဒင်္ဂါး များကလည်း ပိုလျှံနေရာ ထိုပိုသောငွေများကို စုဆောင်းထားရာ အတော်ပင် ရရှိနေကြလေသည်။

ဒီပ၏ သဘောဆန္ဒအရ ထိုငွေများကို ရှင်ပြုပွဲရက် ရောက်ပါက ထည့်သုံးပေးရမည်ဖြစ်ရာ အခြားငွေမဖြည့်ပဲနှင့် ထိုငွေများနှင့်ပင် အလှူပွဲအတွက် လုံလောက်နေလေပြီ။

ထို့ကြောင့် အဆင်ပြေသည်ဟုပြောရခြင်းဖြစ်သည်။

နောက်တစ်ခု အဆင်ပြေတာလည်း ရှိသေးသည်။

အခြားမဟုတ်ပေ။

ကြားထဲမှ မာလာက ဝင်ပြီး အကူအညီပေးနေသော ကြောင့် နီမောင်မှာ မြနှင်းဖြူနှင့် နီးစပ်မှုရရန် အခြေအနေမျိုး အထိ ရောက်နေခြင်းပင်ဖြစ်တော့သည်။

သို့သော် မြနှင်းဖြူထံမှ တိတိကျကျအခြေမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



မရသေးပေ။ မြနှင်းဖြူနှင့် နှစ်ယောက်ချင်းတွေ့ခွင့်ရသောအခါ တွင် နီမောင်က မဝံ့မရဲဖြင့်ပြောသည်။

"နောင်နှစ် စပါးပေါ်ရင် ငါညီလေးကို ရှင်ပြုပေးနိုင် တော့မယ်၊ သူ့ကို သင်္ကန်းစည်းပေးပြီးရင် ငါ့အတွက် တာဝန် တစ်ခုတော့ လျော့သွားပြီ၊ ဒီအခါကျရင် ငါ့အတွက် စဉ်းစားရ တော့မယ်၊ နှင့်ဘက်ကရော ဘယ်လိုလဲ"

"ဘာကိုမေးတာလဲ..."

"ဟို..ဟိုလေ ငါ မာလာကတစ်ဆင့် ပြောခိုင်းထား တာရှိတယ်လေ..သူပြန်မပြောဘူးလား"

"မပြောပါဘူး၊ နှင်က နှင်ပြောချင်တဲ့ စကားတွေကို သူ့ကိုပြောခဲ့တာပဲ၊ ငါ့ကိုပြောတာမှ မဟုတ်တာ"

"ဒီသဘောမျိုးတော့ မဟုတ်ပါဘူး"

"ဒီကိစ္စကို နှင်တကယ် တန်ဖိုးထားတယ်ဆိုရင် နှင် ကိုယ်တိုင် ငါ့ကိုပြောပေါ့"

ထိုသို့ အကျပ်ကိုင်တော့မှ ဖွင့်ပြောဖြစ်လေသည်။

"ငါ..ငါ နှင့်အပေါ်မှာ မေတ္တာရှိနေပါတယ်၊ ငါ့မေတ္တာ က တစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်သွားမယ့်မေတ္တာမျိုးပါ၊ နှင့် ဘက်က ငါ့အတွက် စဉ်းစားပေးပါ.."

"တကယ်ပြောနေတာရော..ဟုတ်ရဲ့လား"

"ငါ့ဘဝမှာ ဘယ်ကိစ္စကိုမှ လိမ်ညာပြီး မပြောပါဘူး၊ အထူးသဖြင့် ဘဝတစ်သက်လုံးနဲ့ သက်ဆိုင်တဲ့ကိစ္စမျိုးကို မညာဝံ့ ပါဘူး၊ ငါနှင့်ကိုတကယ်ချစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com


ဟု အရဲစွန့်ပြီး ဖွင့်ပြောလိုက်သည်။

ထိုအခါမှ မြနှင်းဖြူက ကျေနပ်သွားသော အမူအယာ ... မသိမသာပြုံးလိုက်လေသည်။

"အဲဒီလိုဆိုရင်တော့ ငါ့ဘက်ကစဉ်းစားပေးမယ်၊ နှင့် ... ညီလေး အလှူပွဲမတိုင်ခင်တော့ အဖြေသိရမှာပေါ့"

"အကြာကြီးစောင့်ရဦးမှာပေါ့၊ ငါ့မေတ္တာကို မယုံကြည် ... ဒီလောက်အချိန်ဆွဲတာလားဟင်"

"နှင့်မေတ္တာကို မယုံကြည်လို့တော့ မဟုတ်ပါဘူး၊ ဒါ ... မယ့် အခုအဖြေပေးတော့လည်း ဘာထူးမှာမို့လဲ"

"ဘာဖြစ်လို့လဲဟင်"

"နှင့်ညီလေး ရှင်ပြုပြီးမှ ငါ့ကိုလက်ထပ်မှာ မဟုတ် ... ား"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် အခုသိရတော့ ... ခုကတည်းက ဝမ်းသာရတာပေါ့"

"ဒီလောက်ပြောနေတာတောင် ခုထိ မရိပ်မိသေးဘူး"

ဟုပြောကာ မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

ဒီတော့မှ သဘောပေါက်သွားလေသည်။

"အော်..ဟုတ်သားပဲ၊ နှင်လက်ထပ်ဖို့တောင်ပြောနေ ... တော့ ငါပြောတာကို လက်ခံပေးပြီးလို့သာ ဖြစ်မှာပေါ့နော်၊ ... ဘက်ကလက်ခံပေးရင် ဝါမဝင်ခင် လူကြီးတွေကို အသိပေးပြီး ... လက်ထပ်ကြမယ်လေ.."

"အလကားပြောတာပါ၊ ငါ နှင့်မေတ္တာကိုလည်း ယုံပါ


www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နင့်သဘောကိုလည်း သိပါတယ်၊ အခုချက်ချင်းကြီးတော့ မလုပ်ပါနဲ့၊ အလှူကိစ္စပြီးမှပဲ နင်စီစဉ်မယ်ဆိုရင် စီစဉ်ပါ”

“ဒီစကားကြားရတာ ငါ၀မ်းသာလိုက်တာ မြနှင်းဖြူရယ်”

မြနှင်းဖြူ၏ လက်ကလေးနှစ်ဘက်ကို မဝံ့မရဲဆုပ်ကိုင်ရင်းပြောလိုက်လေသည်။

ဘ၀တစ်ခုအတွက် ရည်ရွယ်ချက်ရှိသွားပြီဖြစ်တော့လည်း နှစ်ယောက်စလုံးအတွက် ပျော်ရွှင်ချမ်းမြေ့စရာပင် ဖြစ်ပေတော့သည်။

ထိုအခြေအနေကပင် နီမောင်အတွက် ခွန်အားသစ်များကို ဖြစ်ပေါ်လာစေသည်။

ထိုနှစ်ကတော့ နီမောင့်အတွက် ကံကောင်းသောနှစ်တစ်နှစ်ဟုပင်ဆိုရပေမည်။

မမျှော်လင့်ပဲ မြနှင်းဖြူ၏ အချစ်ကိုရခဲ့သည့်အပြင် လက်ရှိလုပ်နေသော စီးပွားရေးလုပ်ငန်းများကလည်း အဆင်ပြေသည်။ ထို့ထက်..အသစ်တိုးသော လယ်ကွက်များကလည်း စပါးအထွက်ကောင်းသည်။

တောနှင့်ဆက်စပ်နေသော မြေကွက်များကို လယ်မြေသစ်ဖော်ရသည်မှာ လွယ်ကူခြင်းတော့မရှိပေ။

တောနှင့်နီးသောကြောင့် ပရလောကသားတို့ ခြောက်လှန့်နှောက်ယှက်မှုကိုခံရသည်။ တောတိရစ္ဆာန်တို့၏ ဝင်ရောက်နှောက်ယှက်မှုကို ခံရသည်။

ထို့ထက် စပါးပေါ်ချိန်ရောက်သောအချိန်တွင် တောထဲ



www.burmeseclassic.com

www.burmeseclassic.com


ထွက်လာလေ့ရှိသော မျောက်အုပ်များ၊ ကြက်တူရွေးအုပ်များ ဝင်ရောက်ဖျက်ဆီးခြင်း စသောအန္တရာယ်များနှင့် တွေ့ရတတ်သည်။

စပါးခင်းများ စတင်စိုက်ကတည်းက စောထီးနှင့် ငမဲအောင်တို့က အိမ်သို့မပြန်ကြတော့ပဲ တဲမှာပင်နေကြကာ စပါးခင်းစောင့်ပေးကြသည်။

သူတို့နှစ်ယောက် ပြန်သွားလျှင် နီမောင်တို့ သားအဖသုံးယောက်က စောင့်ပေးကြသည်။

၎င်းတို့မစောင့်နိုင်သော ရက်များတွင် ဒီပကလာရောက်စောင့်ရှောက်ပေးလေသည်။

“မင်းက ဒီလယ်ကထွက်တဲ့စပါးကိုရောင်းချပြီး ကုသိုလ်ကောင်းမှုလုပ်မှာဆိုတော့ ငါလည်း တဖက်တလမ်းက အကူအညီပေးရမှာပေါ့၊ မင်းတို့မရှိတဲ့ရက်တွေဆိုရင် ငါစောင့်ပေးမယ်”

“ကျေးဇူးတင်ပါတယ်ကွာ”

“ဒါပေမယ့် ညအချိန်တော့ ကိစ္စမရှိဘူး၊ နေ့အချိန်ဆိုရင်တော့ ငါ့ကိုလူတွေမြင်သွားလို့မဖြစ်ဘူး၊ ဒီတော့ လယ်ကွက်ထဲမှာ စာခြောက်ရုပ်ကြီးကြီးတစ်ရုပ်လုပ်ပြီး ထောင်ထားပေးပါ”

ဟုမှာသဖြင့် သူပြောသည့်အတိုင်း ကောက်ရိုး၊ ဝါး၊ သစ်သား၊ အိုး၊ အဝတ်စုတ်တို့ဖြင့် စာခြောက်ရုပ်ကြီးတစ်ရုပ်ပြုလုပ်ကာ လယ်ကွင်းအလယ်နေရာလောက်တွင် ထောင်ထားပေးလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



စပါးခင်းများ ရင့်မှည့်လာသောအချိန်မှာတော့ လယ်ထဲတွင် အစောင့်များရှိနေလျှင် မထောင်းတာပေ၊ မရှိလျှင် မျောက်နှင့် ကြက်တူရွေးအုပ်၊ စာအုပ်များရောက်လာပြီး စပါးနှံများကို ကိုက်ဖြတ်စားသောက်တတ်ကြလေသည်။

လူစောင့်ရှိလျှင် လောက်လေး၊ သားရေခွများဖြင့် ပစ်ခတ်ကာ ခြောက်လှန့်မောင်းနှင်ကြသည်။

တဲတွင်လူမရှိလျှင်တော့ စာခြောက်ရုပ်ကြီးများက လူတစ်ယောက်ကဲ့သို့ အသက်ဝင်နေပြီး လိုက်လံခြောက်လှန့်ပေးကြသည်။ ထိုအခြေအနေကိုတော့ နီမောင်တို့မသိကြပေ။

တစ်နေ့တောထဲမှ ပြန်လာသောလူတစ်စုတို့မှာ စပါးခင်းတဲတွင် လူတစ်ယောက်ကဲ့သို့ သွားလာလှုပ်ရှားကာ တိရစ္ဆာန်တို့ကို ခြောက်လှန့်မောင်းနှင်နေသည့် စာခြောက်ရုပ်ကြီးကို မြင်သောအခါ များစွာအံ့ဩသွားကြသည်။

ပထမတော့ တောခြောက်ခံနေရသည်ဟုထင်ကြသေးသည်။ အသေအချာစောင့်ကြည့်တော့မှ အသက်မရှိသော စာခြောက်ရုပ်ကြီးက လူတစ်ယောက်ကဲ့သို့ အသက်ဝင်နေပြီး သွားလာလှုပ်ရှားနေမှန်း တွေ့ကြရပေတော့သည်။

ရွာသို့ ပြန်ရောက်သည်အခါ ထိုအကြောင်းကို ပြန်ပြောပြသောအခါ ဘယ်သူကမှ မယုံကြပေ။ ၎င်းတို့ တောခြောက်ခံလာကြသည်ဟု ထင်မြင်ကြပေသည်။

နီမောင်တို့ မိသားစုမှာ ထိုကဲ့သို့သော အစွမ်းအစများရကြသည်ဖြစ်သဖြင့် နွေရာသီ စပါးရိတ်သိမ်းချိန်ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါမှာတော့ စပါးအထွက်ကောင်းလေသည်။

ထိုစပါးများကို ရောင်းချသောငွေများ၊ ဒီပ ထမင်းဖိုးပေးရာမှ ပိုသောငွေများ၊ အခြားစုဆောင်းထားသော ငွေများကို စုပေါင်းပြီး ရှင်မောင်ကို ရှင်ပြုပေးနိုင်ကြလေသည်။

ရှင်မောင်ကို အဓိကထားပြီး အခြားငွေကြေး မပြည့်စုံသဖြင့် ရှင်မပြုရသေးသော ကလေးများကိုပါ ထည့်ပြီး သင်္ကန်းစည်းပေးလေသည်။

ငွေကြေးပြည့်စုံစွာဖြင့် ပြုလုပ်သော အလှူပွဲဖြစ်သောကြောင့် တစ်နယ်လုံး ခြိမ့်ခြိမ့်သဲမျှ စည်ကားလှပေသည်။

ထိုပွဲသို့ ရန်ကုန်မြို့မှ ဆရာကြီးသူရဇ္ဇပင်ရောက်လာပြီး ပါဝင်ကူညီပေးလေသည်။

ပျော်ပွဲရွှင်ပွဲများကိုလည်း အလှူရက်မတိုင်ခင်ကတည်းက ကြိုတင်ပြီး ထည့်ပေးရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည်။ အလှူပွဲသို့ ဒီပကိုလည်း ဖိတ်ခေါ်သဖြင့် မိတ်ဆွေတစ်ဦးအနေဖြင့် လာရောက်လေသည်။

နီမောင်စိတ်ထဲမှာ တစ်သက်လုံး ရည်ရွယ်ထားသော အလှူပွဲကို မိမိချွေးနည်းစာဖြင့် ယခုလိုဆောင်ရွက်ပေးနိုင်သောကြောင့် များစွာကျေနပ်နေသည်။ ပျော်ရွှင်နေသည်။

ထို့ထက်ပျော်ရွှင်စရာကောင်းသည်ကတော့ အလှူပွဲပြီးပါက မြနှင်းဖြူနှင့် လက်ထပ်ခွင့်ရတော့မည်ဖြစ်သောကြောင့်ဖြစ်သည်။

သူတို့ပျော်ရွှင်နေကြသလောက် မပျော်ရွှင်နိုင်သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တော့ရှိနေသည်။

ကျော်သီဟပင်ဖြစ်လေသည်။

ကျော်သီဟက ထိုအိမ်မှာ အနှံတာခံပြီးနေခြင်းမှာ တစ်နေ့ကျလျှင် မြနှင်းဖြူကို ရနိုင်မည်ဟု မျှော်လင့်ထားသောကြောင့်ဖြစ်သည်။

ယခုမရနိုင်မှန်းသိသောအခါ မျှော်လင့်ချက်မရှိတော့သောဘဝမျိုး ရောက်သွားပေတော့သည်။

ထို့ကြောင့် နီမောင်နှင့် မြနှင်းဖြူတို့က ပျော်ရွှင်နေပြီး သူကတော့ ကြိတ်မနိုင်ခဲမရ ဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း [ ၁၅ ]

## ကျောက်ဘီလူးကျိန်စာနှင့် ကြမ္မာဆိုးများ

ကျော်သီဟတို့အဖွဲ့မှာ ယခုတစ်ခေါက် ယိုးဒယားဘက်သို့ ကုန်ပစ္စည်းရောင်းချရန်သွားသောအခါ ရှိသမျှကုန်ပစ္စည်းများကို သယ်ဆောင်သွားကြလေသည်။

ကျော်သီဟမှာ အကြံအစည်ရှိသူဖြစ်သောကြောင့် ဦးထန်ဖုန်းရှိန်အား အယုံသွင်းကာ ရှိသမျှယူဆောင်သွားခြင်းဖြစ်ပေသည်။

သူနှင့်အတူ လက်တွဲဖော်များဖြစ်ကြသည့် ထွန်းခ၊ သာ



www.burmeseclassic.com

www.burmeseclassic.com



ဒိုးလှ၊ စံနက်ကျော်၊ သန်းရွှေ၊ ပေတလူ စသော လက်တွဲညီ[illegible] သည့်သူများလည်း ပါသွားကြလေသည်။

ငှင်းတို့သည် ယိုးဒယားဘက်သို့ ရောက်သောအခါ [illegible] သွားသော်မှ ကုန်ပစ္စည်းများကို ရောင်းချရသောငွေများကို အပိုင်[illegible] ကာ ပြန်မလာကြတော့ပေ။

ဦးထန်ဖုန်းရှိန်ကတော့ တူသားနောင်မယ်လည်းဖြ[illegible] ယုံကြည်အားထားရသောသူလည်းဖြစ်သော ကျော်သီဟတ[illegible] ယောက် ယခုကဲ့သို့ သစ္စာဖောက်သဖြင့် ငွေကြေးအတော်မျာ[illegible] များ ပါသွားသောကြောင့် စိတ်ဆင်းရဲမှုဖြစ်နေရသည်မှလွဲ[illegible] ဘာမှမတတ်နိုင်ပဲရှိလေသည်။

ထိုအကြောင်းကို မြနှင်းဖြူက နီမောင်နှင့်တွေ့သော[illegible] အခါ ပြန်ပြောပြလိုက်သည်။ ထိုအခါ နီမောင်က..

"သစ္စာမရှိတဲ့ လူတွေ နိုပ်စက်တာကို ခံရရုံနဲ့တော့[illegible] လောက်လည်း စိတ်ဆင်းရဲမနေပါနဲ့ မြလေးရယ်၊ ဆုံးရှုံးသွား[illegible] ဥစ္စာပစ္စည်းတွေက ပြန်ရှာရင်ရနိုင်ပါတယ်၊ သစ္စာမရှိတဲ့သူ[illegible] ကင်းဝေးသွားတာပိုကောင်းတယ်လို့ပဲ သဘောထားပြီး စိတ်[illegible] ဖြေပေါ့"

ဟု ချစ်သူကို နှစ်သိမ့်မှုပေးလေသည်။

"ဒါကတော့ ဒါပေါ့၊ ဒါပေမယ့် အဖေနဲ့ အမေတို့ [illegible] သောကရောက်နေကြတာကို မြင်ရတော့လည်း ဘယ်မှာ[illegible] ချမ်းသာပါ့မလဲ"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ ငါလည်းတတ်နိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ အကူအညီပေးပါ့မယ်”

ဟုပြောဆိုကာ မြနှင်းဖြူကို ပြန်လွှတ်လိုက်သည်။

နောက်တစ်နေ့ ကျောက်ဘီလူးတောင်သို့ရောက်သော အခါ ဒီပနှင့်တွေ့ပြီး အကျိုးကြောင်းပြောပြလိုက်သေလည်။

“မင်း ငါ့ကိုအကူအညီပေးနိုင်မလား”

“သူတို့ဘယ်နေရာမှာရှိတယ်ဆိုတာတော့ ငါရှာပေးနိုင် ပါတယ်၊ နောက်ပြီး ဒီလူတွေကို ဒီနယ်ထဲပြန်ရောက်လာအောင် ငါလုပ်ပေးနိုင်တယ်၊ ငါပိုင်နက်ထဲရောက်လာတော့မှ နှိပ်စက်ကြ တာပေါ့”

ဟုပြောပြီး မျက်စိမှိတ်ထားလိုက်သည်။

နီမောင်ကလည်း ငြိမ်သက်စွာဖြင့် အခြေအနေကြည့် နေလေသည်။ အတန်ကြာတော့ ဒီပက မျက်စိပြန်ဖွင့်လာပြီး ပြောလေသည်။

“သူတို့ ယိုးဒယားနယ်စပ်မှာရှိနေကြတယ်၊ ငါ့ပိုင်နက် တော့မဟုတ်သေးဘူး၊ ဒါပေမယ့် မင်းဘာမှ စိတ်မပူနဲ့၊ မကြာ ခင် ငါ့ပိုင်နက်ထဲပြန်ရောက်လာအောင် ငါကြံဆောင်ပေးမယ်”

ဟု ကတိပေးလေသည်။

ထို့ကြောင့်..နီမောင်လည်း အတန်အသင့်တော့ စိတ် အေးသွားလေသည်။

ဒီပ ပြောပြသလိုပင် ကျော်သီဟတို့ ငါးယောက်မှာ ခေါ်သွားသောအထမ်းသမားများကို ပြန်လွှတ်လိုက်ပြီး ၄င်းတို့က တော့ ပြန်မလာတော့ပဲ ကုန်ပစ္စည်းရောင်းချရသော ငွေများကို



www.burmeseclassic.com

www.burmeseclassic.com



အပိုင်သိမ်းကာ ယိုးဒယားနယ်စပ်မှာ နေကြလေသည်။

"မင်းကလည်းကွာ မြနန်းဖြူကို မရတာနဲ့ ဒီလိုလုပ်တော့ ငါတို့တောင် ပြန်လို့မရတော့ဘူး၊ ကုန်ရောင်းရတဲ့ငွေက တစ်သက်လုံး စားလောက်မှာမှ မဟုတ်တာ"

သူတို့အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော ထွန်းခက ပြောလေသည်။

"ဘာမှစိတ်မပူကြနဲ့၊ ဒီငွေတွေနဲ့ စားမလောက်ရင် နောက်ထပ်အကြံအစည်တွေရှိသေးတယ်"

"ငါတို့ မိန်းမနဲ့ကလေးတွေက ဘယ်လိုလုပ်မလဲ"

"မိန်းမများကွာ ပေါလွန်းလွန်းလို့၊ မင်းတို့မှာ ပိုက်ဆံရှိရင် ယိုးဒယားဘက်မှာ ကြိုက်တဲ့မိန်းမတွေကို စိတ်ကြိုက် ရွေးယူလို့ရတယ်"

ကျော်သီဟကတော့ ပေါ့ပေါ့တန်တန်ပင် ပြောလေသည်။

"ဒါကတော့ထားပါတော့၊ မင်းမှာ ဘယ်လိုအကြံအစည်တွေ ရှိနေလို့လဲ၊ ငါတို့ကိုပြောပါဦး"

"ကုန်ရောင်းရတဲ့ငွေကတော့ ငါတို့တစ်သက်လုံး ဘယ်စားလောက်ပါ့မလဲ၊ တစ်သက်လုံးချမ်းသာချင်ရင်တော့ ကျောက်ဘီလူးတောင်မှာရှိတဲ့ ရွှေငွေရတနာတွေရအောင် လုပ်ရမှာပေါ့"

"မင်းက ဆရာတစ်ယောက်မှ မဟုတ်တာ၊ ဒီအတိုင်းသွားရင် ဘီလူးတွေသတ်လို့ သေမှာပေါ့၊ နီမောင်တို့ ညီအစ်ကို နှစ်ယောက်ကို ဆုံးမဖို့၊ ငါတို့ငှားပြီး လွှတ်လိုက်တဲ့ ယိုးဒယား



www.burmeseclassic.com

www.burmeseclassic.com



ဘက်က အထမ်းသမားလေးယောက်တောင် ဘီလူးတွေနဲ့တွေ့ပြီး ရုပ်ပျက်ဆင်းပျက်နဲ့ သေခဲ့ကြပြီ မဟုတ်လား"

"အေးလေ ဒါတော့ ငါလည်းသိတာပဲဟာ၊ ဒီကိစ္စမျိုးက ငါတို့ချည်းလုပ်လို့တော့ ဘယ်ဖြစ်မလဲ၊ တတ်ကျွမ်းနားလည်တဲ့ ဆရာတစ်ယောက်ယောက်ရှာပြီး လုပ်ရမှာပေါ့၊ ယိုးဒယားနယ်ဘက်မှာ အောက်လမ်းဆရာတွေရော သိုက်ဆရာတွေပါ အများကြီးရှိတယ်"

ထိုသို့ပြောသဖြင့် ကျန်လေးယောက်ကပါ စိတ်ဝင်စားမှု ဖြစ်ကြလေသည်။

"ဒါဖြင့်ညီး မင်းရဲ့အကြံအစည်ကို အမြန်ဆုံးသာ အကောင်အထည်ဖော်ပေတော့"

ဟု..ပြောကြလေသည်။

နောက်ရက်များမှာတော့ ကျော်သီဟမှာ ၄င်းကျင်လည်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ သိုက်တူးဖော်နိုင်သော ဆရာကို လိုက်လံစုံစမ်းလေသည်။

သို့သော်လည်း တစ်ရက်၊ နှစ်ရက် အချိန်ကြာသည်အထိတော့ ပယောဂဆရာ၊ ဆေးဆရာနှင့် အောက်လမ်းဆရာအချို့ကိုသာ တွေ့ရပြီး သိုက်ကြီးများကို နိုင်နိုင်နင်းနင်း တူးဖော်နိုင်သည့် ဆရာမျိုးတော့ မတွေ့ရသေးပေ။

တစ်နေ့သ၌ ကျော်သီဟတို့ တည်းခိုနေထိုင်ရာအိမ်ရှေ့သို့ လူသုံးယောက် ရောက်လာကြလေသည်။

ရှေ့ဆုံးမှ ခေါင်းဆောင်လာသူမှာ ဆရာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဟန်ရှိပြီး နောက်မှာ တပည့်အဖြစ်လိုက်လာသော လူနှစ်ယောက်လည်း ပါလာကြလေသည်။

"ဘာကိစ္စ ရှိလို့ပါလဲ"

"ငါ့နာမည်က အာဠာဝက ဆရာညို လို့ခေါ်တယ်၊ မင်းတို့တတွေ သိုက်ဆရာရှာနေတယ်လို့ သတင်းကြားတာနဲ့ လာခဲ့တာပဲ"

ထိုစကားကြားသောအခါ ကျော်သီဟမှာ ရေငတ်တုန်းရေတွင်းထဲကျသကဲ့သို့ ဖြစ်ကာ ထိုလူသုံးယောက်ကို အိမ်ပေါ်သို့ခေါ်ကာ အကျိုးအကြောင်းမေးရလေသည်။

"ဆရာကြီးတို့က ဘယ်လိုကနေဘယ်လို သတင်းကြားလာကြတာလဲ"

"ပြည့်စုံအောင်ပြောရရင်တော့ ရှည်မှာပေါ့ကွာ၊ ငါ့နာမည်က အာဠာဝက ဆရာညိုလို့ ခေါ်တယ်၊ သူတို့နှစ်ယောက်က ငါရဲ့တပည့်နှစ်ယောက်ပဲ၊ မြေဘီလူးနဲ့ ရေဘီလူးလို့ ခေါ်တယ်"

" ဟင်..."

ကျော်သီဟတို့မှာ အံ့သြသွားကြလေသည်။

ခေါင်းဆောင်လာသော အာဠာဝက ဆရာညိုမှာ အသက် (၅၀)ကျော်အရွယ်ခန့်ရှိပြီး အသားမည်းမည်းနှင့် ရုပ်ရည်ကြမ်းတမ်းသူ ဖြစ်လေသည်။

မျက်နှာပေါ်မှာ အဖုအထစ်နှင့် ကျောက်ပေါက်အမာရွတ်များရှိပြီး မျက်လုံးက အထဲသို့ချိုင့်ဝင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ထဲမှာလည်း ကွမ်းမပြတ်ဝါးနေသဖြင့် နီရဲနေသည်။ ရုတ်တရက်ကြည့်ပါက သွေးများ စီးကျနေသကဲ့သို့ ထင်ရလေသည်။

၄င်းက သျှောင်တစောင်းထုံးထားပြီး ပုဝါအနက်ဖြင့် ခေါင်းပေါင်းထားသည်။ ဘောင်းဘီနှင့် ရင်ဖုံးအင်္ကျီတို့မှာလည်း အနက်ရောင်ပင်ဖြစ်ပြီး လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားသည်။

လက်ထဲမှာတော့ ဘီလူးခေါင်းအရုပ်တပ်ထားသည့် တောင်ဝှေးတစ်ချောင်း ကိုင်ထားလေသည်။

နောက်မှပါလာသော မြေဘီလူးနှင့် ရေဘီလူးဟု အမည်ပေးထားသော လူနှစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကလည်း ထူးခြားသည်။

တစ်ယောက် မဲပြာနေသော အသားရောင်ရှိပြီး၊ တစ်ယောက်က နီကြောင်ကြောင် အသားအရေမျိုးရှိသည်။ မျက်နှာပုံပန်းသဏ္ဌာန်များကလည်း လူမျက်နှာနှင့်မတူလှပဲ မကောင်းဆိုးဝါးမျက်နှာမျိုးနှင့် တူလေသည်။

"ငါက သိုက်ကြီးတွေကိုသာဖော်တဲ့ သိုက်ဆရာတစ်ယောက်ပဲ၊ အခု ကျောက်ဘီလူးတောင်သိုက်ကိုဖော်ချင်လို့ လိုက်ရှာနေကြတာ၊ မင်းတို့က အဲဒီဘက်ကနယ်သားတွေဆိုတော့ သိများသိမလားလို့ လာပြီးစုံစမ်းကြတာပါ၊ နောက်ပြီး မင်းတို့လည်း သိုက်ဆရာလိုက်ရှာနေကြတယ်လို့ သတင်းကြားမိတယ်၊ ဘာအတွက် လိုက်ရှာနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့ ကျော်သီဟမှာ များစွာဝမ်းသာသွားလေသည်။

"အဆင်ပြေလိုက်တာ ဆရာကြီးရယ်၊ နတ်ဒေဝတာတွေက ဆရာကြီးတို့ကို ကျွန်တော်တို့နဲ့ တွေ့ရအောင် တမင်စေလွှတ်လိုက်တာများလား မသိတော့ပါဘူး၊ ကျွန်တော်တို့ သိုက်ဆရာလိုက်ရှာနေကြတယ်ဆိုတာ မှန်ပါတယ်၊ အခြားတော့ မဟုတ်ပါဘူး၊ ကျောက်နဂါးတောင်သိုက်ကို တူးဖော်ချင်လို့ပါပဲ"

"ဒီလိုဆိုတော့လည်း ရေကန်အသင့်၊ ကြာအသင့် ဖြစ်သွားတာပေါ့ကွယ်"

"ဒါထက် ဆရာကြီးကို ပြောရဦးမယ်၊ အဲဒီတောင်က ဘီလူးစောင့်တဲ့ တောင်လည်းဖြစ်တယ်၊ အဲဒီတောင်ကို စောင့်တဲ့ တောင်စောင့်ဘီလူးက ကြမ်းတယ်ဖြစ်ပါ့မလား"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ကွာ၊ ငါက ဘီလူးစောင့်တဲ့သိုက်တွေကို ဖော်ခဲ့ပေါင်းများလို့ အာဠာဝကဘွဲ့ရထားခဲ့တာပေါ့"

"ဒီလိုဖြင့်ဟန်ကြပြီပေါ့၊ ကျောက်ဘီလူးတောင်ရောက်အောင် ကျွန်တော်တို့လမ်းပြပြီး ခေါ်သွားပေးပါ့မယ်"

ဟုပြောဆိုတိုင်ပင်ကြလေသည်။

နောက်တစ်ရက်မှာတော့ ကျောက်ဘီလူးတောင်ရှိရာသို့ ဦးတည်ပြီး ခရီးထွက်ကြလေသည်။

နယ်ခံများဖြစ်သော ကျော်သီဟတို့ကပင် လမ်းပြကာ ခေါ်ဆောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်သီဟမှာ ရတနာပစ္စည်းများလိုချင်သောကြောင့်သာ ထိုသို့ အရဲစွန့်ပြီး စိစဉ်ရသော်လည်း အကယ်၍ ဘီလူးများနှင့်တွေ့ပါက အဆင်ပြေမှပြေပါ့မလားဟု စိတ်ထဲတွင် စိုးရိမ်ပူပန်နေမိလေသည်။

လမ်းခရီးတွင် တစ်ည၊ နှစ်ညအိပ်ကြရသော်လည်း ကြီးကြီးမားမား အနှောက်အယှက်မျိုးတော့ မတွေ့ကြရပေ။

နောက်တစ်နေ့ ညနေပိုင်းအချိန်လောက်မှာတော့ ကျောက်ဘီလူးတောင်ကို အဝေးမှ လှမ်းမြင်ရသော နေရာသို့ ရောက်သွားကြသည်။

တစ်နေရာရောက်တော့ တစ်ကိုယ်လုံး အမွေးများဖုံးနေပြီး ဘီလူးနှင့်တူသော လူဘေးယောက်ထွက်လာကြသည်။ ပထမတော့ လူလေးယောက်ထွက်လာသည်ဟု ထင်ကြသော်လည်း အသေအချာကြည့်တော့မှ လူမဟုတ်ပဲ ဘီလူးများဖြစ်နေသည်ကို တွေ့ကြရသည်။

ထိုအခါ ဆရာကြီးတို့သုံးယောက်မှလွဲပြီး ကျော်သီဟတို့လေးယောက်မှာ များစွာကြောက်ရွံ့တုန်လှုပ်သွားကြလေသည်။ သူတို့စိတ်ထဲမှာ ဒီတောထဲမှာပင် ဘီလူးများသတ်သဖြင့် သေဆုံးခဲ့ရသော ယိုးဒယားလူမျိုး လူလေးယောက်တို့ကို ပြန်လည်သတိရလာကြသည်။

အဋ္ဌဝကဆရာညိုကြ ရှေ့သို့တိုးထွက်သွားပြီး မေးလိုက်လေသည်။

"ဘာကြောင့် ငါသွားမယ့်လမ်းမှာ ပိတ်ရပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ မေးသောအခါ ဘာမှပြန်မပြောဘဲ မျက်ထောက်နီကြီးများဖြင့် စိုက်ကြည့်ကာ ရှေ့သို့တိုးလာကြသည်။

"အော် မင်းတို့က ဒီလိုလား၊ ငါ့အကြောင်း မသိသေးဘူးမှတ်တယ်"

ဟုပြောပြောဆိုဆို ဘီလူးရုပ်ပါသော တောင်ဝှေးဖြင့် ဝှေ့ယမ်းလိုက်ရာ ရှေ့မှာရပ်နေကြသော ဘီလူးလေးကောင်တို့မှာ ဝူးဝူးဝါးဝါးအော်ဟစ်ပြီး တောထဲသို့ ဝင်ပြေးသွားကြလေတော့သည်။

ထိုအခါမှပင် ကျော်သီဟတို့မှာ သက်ပြင်းချနိုင်ကြပြီး ဆရာကြီးအပေါ် များစွာအထင်ကြီးသွားကြလေသည်။ အချိန်က ညနေပိုင်းဖြစ်နေသောကြောင့် တောထဲ၌အ လင်းရောင်မရှိတော့ပေ။

မိုးရိပ်များ၊ သစ်တောရိပ်များကြောင့် မှောင်စပြုနေပေပြီ။ သို့သော်လည်း လမ်းတွင် မနားလိုကြသဖြင့် တောင်ခြေရောက်အောင် ခရီးဆက်ကြလေသည်။

တောထဲမှာ မှောင်လာပြီဖြစ်သောကြောင့် သူတို့သွားရာ လမ်းတလျှောက်တွင် နောက်ထပ် ဘီလူးနှင့် သရဲသဘက်များတို့ တားဆီးနှောက်ယှက်မှုများနှင့် ထပ်မံကြုံတွေ့ရသေးသည်။

သို့သော် ဆရာကြီးက တောင်ဝှေးဖြင့် ဝှေ့ယမ်းလိုက်သည်နှင့်ပင် ကွယ်ပျောက်သွားကြလေသည်။

သို့ဖြင့် နေဝင်ရီတရော အချိန်တွင် တောင်ခြေသို့


www.burmeseclassic.com

www.burmeseclassic.com


ရောက်သွားကြသည်။

တောင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ သူတို့ရောက်သွားသောအခါ ဂူပေါက်ဝတစ်ခုမှ အဘိုးကြီးတစ်ယောက် ထွက်လာပြီး မေးသည်။

"ဘာလုပ်ကြမလို့လဲ"

"ကျောက်ဘီလူးသိုက်ကို တူးမလို့လာကြတာ"

"ဒီပစ္စည်းတွေက ယူလို့မရဘူး၊ မယူထိုက်တဲ့ပစ္စည်းတွေကိုယူရင် သေကြလိမ့်မယ်"

"ဒီအတွက်တော့ စိတ်မပူနဲ့၊ ကျုပ်က ကိုယ်လုပ်တဲ့အလုပ်ကို နိုင်အောင်လုပ်နိုင်တယ်၊ ခင်ဗျားသာ အနှောက်အယှက်မပေးပါနဲ့"

"တားမရတော့လည်း ကိုယ့်သဘောနဲ့ကိုယ်ပေါ့လေ"

ဟုပြောပြီး ဂူအတွင်းသို့ ပြန်ဝင်သွားလေသည်။

ထိုအခါမှ အာဋ္ဌာဝကဆရာညို ဆိုသူလည်း ဂူပေါက်ဝများပင် စီစဉ်စရာရှိသည်တို့ကို စီစဉ်လေတော့သည်။

ထိုအခိုက်မှာပင် ကျောက်ဘီလူးတောင်ကြီးမှ တောင်ဟီသံကြီး ပေါ်ထွက်လာသည်။

မိုးချိမ်းသံ၊ ပင်လယ်ဟီသံကဲ့သို့ ကြောက်စရာကောင်းသော တောင်ဟီသံကြီး ကြားရသောအခါ အားလုံးလန့်သွားကြလေသည်။

ကျော်သီဟတို့မှာ ထိုနယ်သားများ ဖြစ်ကြသဖြင့် တောင်ဟီသံနှင့် ပတ်သက်သည့် အကြောင်းများကို သိတန်သ


www.burmeseclassic.com

www.burmeseclassic.com



လောက်သိထားကြသည်။

တောင်ဟိုးသံမှာ အချိန်တိုင်းကြားရသည်တော့မဟုတ်ပေ။ လူစားလို၍သော်လည်းကောင်း၊

ဒါမှမဟုတ် ပစ္စည်းများဝှားရမ်းယူသွားပြီး ပြန်မပို့လျှင်သော်လည်းကောင်း သတိပေးသောအနေဖြင့် တောင်ဟိုးသံ ကြားရလေ့ရှိသည်။

ယခု တောင်ဟိုးသံမှာ ပစ္စည်းပြန်မပို့သဖြင့် သတိပေးသော တောင်ဟိုးသံတော့ ဟုတ်ဟန်မတူပေ။ကြောက်စရာကောင်းသော တောင်ဟိုးသံကြီးက သုံးကြိမ် သုံးခါပေါ်ထွက်လာပြီးမှ ရပ်တဲ့သွားလေသည်။

သို့သော် မရှေးမနှောင်းမှာပင် တောင်ခေါင်းအတွင်းမှ ကြောက်စရာကောင်းသော ကျိန်ဆဲသံကြီးထပ်ကြားကြရပြန်သည်။

“မကောင်းမှုကံ၊ ပြုသူထံ၊ ကောန်ငရဲရောက်ပါစေ”

“ကတိသစ္စာ၊ ပျက်သောအခါ၊ ကျိန်စာထိ၍သေပါစေ”

“သေသောအခါ၊ အပါယ်ရွာ၊ ဘယ်ခါမလွတ်ရှိပါစေ”

ဟူသော ကျိန်ဆဲသံများပင်ဖြစ်တော့သည်။

ကြောက်စရာကောင်းသော ကျိန်စာဆိုသည့်အသံများကို ကြားရသောအခါ ကျော်သီဟတို့မှာ များစွာကြောက်ရွံ့တုန်လှုပ်သွားကြလေသည်။ သို့သော်လည်း ထိုအခြေအနေရောက်နေမှတော့ နောက်မဆုတ်ချင်ကြတော့ပေ။

“ကိုင်း..ဂူအတွင်းဝင်ကြစို့ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး ဝင်လို့ဖြစ်ပါ့မလား ဆရာကြီး"

"ပရလောကသားတွေ၊ မကောင်းဆိုးဝါးတွေက နေ့အချိန်မှာ မမြင်နိုင်ဘူး၊ ညအချိန်ရောက်မှ မြင်ကြရတယ်၊ သူတို့ကိုမြင်ရမှ ခိုင်းချင်သလိုခိုင်းလို့ရမှာပေါ့၊ ဘာမှမကြောက်ကြပါနဲ့ကွာ ငါတစ်ယောက်လုံး ပါနေတာပဲ၊ ဘာမှမဖြစ်စေရပါဘူး"

ဟု ပြောတော့မှ ဂူအတွင်းသို့ဝင်ရန် ပြင်ကြလေသည်။

သူတို့အားလုံး ဂူအတွင်းဝင်သောအခါ ကျိန်စာဆိုနေသော ကြောက်စရာကောင်းသည့် အသံကြီးကိုတော့ ကြားနေကြရလေသည်။

"မကောင်းမှုကံ၊ ပြုသူထံ၊ ကေန်ငရဲရောက်ပါစေ"

"ကတိသစ္စာ၊ ဖျက်သောအခါ၊ ကျိန်စာထိ၍ သေပါစေ"

"သေသောအခါ၊ အပါယ်ရွာ၊ ဘယ်ခါမလွတ်ရှိပါစေ"

လူသူမနီးသော ကျောက်ဂူကြီးအတွင်းမှာ ထိုကဲ့သို့သောကျိန်စာမျိုး ကြားရသည်မှာ ကြောက်လန့်စရာပင်ဖြစ်သော်သည်း လောဘစိတ်တက်နေကြသောလူတစ်စုကတော့ ကြောက်ရွံ့သော်လည်း နောက်သို့ပြန်မလှည့်ကြပဲ ဂူအတွင်းသို့ ဝင်သွားကြလေသည်။

ဂူအတွင်းသို့ရောက်သောအခါမှာတော့ တစ်ကိုယ်လုံးအမွေးစုတ်ဖွားနှင့် ကြောက်ရွံ့ဖွယ်ရာ မျက်နှာမျိုးရှိကြသည့်ဘီလူးများက သူတို့သွားမည့် ရှေ့၌ တန်းစီပြီး ပိတ်ရပ်နေကြလေသည်။

"ဟဲ့ မိစ္ဆာကောင်တွေ လမ်းဖယ်ပေးကြစမ်းဟဲ့၊ အချိန်

www.burmeseclassic.com



တန်တော့ ကျွေးသင့်တာကျွေးမယ်၊ စားသင့်တာစားရစေမယ် လမ်းဖမ်းကြစမ်း”

ဆရာကြီးက လက်ထဲမှာကိုင်ထားသည့် တောင်ဝှေးကို ဝှေ့ယမ်းပြီးပြောလိုက်ရာ ပိတ်နေသော ဘီလူးများမှာ ဘေးတစ်ဖက်တစ်ချက်သို့ ခွဲပြီးလမ်းဖယ်ပေးလိုက်ကြလေသည်။

ထိုအခါမှပင် ဂူအတွင်းသို့ ဆက်ဝင်သွားကြလေသည်။ ကျော်သီဟ . စိတ်ထဲမှာတော့ ဒီလောင်အစွမ်းထက်လှသော ဆရာကြီးနှင့်ဆိုလျှင်ဖြင့် မိမိတို့အကြံအစည်များ မုချအောင်မြင်တော့မည်ဟု ထင်မှတ်ကာ ကြိတ်ပြီး ဝမ်းသာနေလေသည်။

အတွင်းဘက်ရောက်တော့ အနှောက်အယှက်များ မတွေ့ကြရတော့ပေ။

သို့ကြောင့် အသင့်ယူဆောင်လာသော မီးတိုင်များကို ထွန်းကာ အတွင်းသို့ဝင်သွားရာ မကြာခင် ကျောက်ဘီလူးရုပ်တုကြီးရှိသောနေရာသို့ ရောက်သွားကြလေသည်။

“ဒါ..သိုက်စောင့် ကျောက်ဘီလူးပဲ၊ မင်းတို့နောက်ဘက်ကိုဆုတ်နေကြ၊ ရတနာပစ္စည်းတွေ ဘယ်နေရာမှာရှိတယ်ဆိုတာ သူ့ကိုမေးရမယ်”

ထိုသို့ပြောသဖြင့် ကျော်သီဟတို့လည်း နောက်ဘက်သို့ ဆုတ်ပေးလိုက်ကြသည်။

ဆရာကြီးက ကျောက်ဘီလူး ရုပ်တုကြီးရှိသော နေရာသို့ တိုးသွားပြီး တစ်စုံတစ်ခု ရွတ်ဆိုတိုင်တည်နေသည်။ မကြာခင် အသက်မရှိသော ကျောက်ဘီလူးရုပ်တုကြီးမှာ အသက်ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသကဲ့သို့ ဖြစ်လာပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

ထိုအခြေအနေကို မြင်တော့ ကျော်သီဟတို့မှာ အသက်ရှူရန်ပင် သတိမေ့နေလောက်အောင် ကြောက်ရွံ့ထိတ်လန့်နေကြသည်။

ထို့နောက် ကျောက်ဘီလူးကြီးက နေရာမှထလာပြီး တစ်နေရာမှာရှိသော ကျောက်တုံးကြီးကို လက်ဖြင့်ဖယ်ပေးရာ အတွင်းမှာရှိသော ကျောက်မျက်ရတနာတို့ကို လှမ်းမြင်ကြရလေသည်။

ကျောက်မျက်ရတနာတို့မှာ မီးရောင်ဖြင့် အရောင်တလက်လက် တောက်ပလျက်ရှိလေသည်။

"ကဲ..မင်းတို့လိုချင်တဲ့ ရတနာတွေတော့တွေ့ပြီ ကြိုက်သလောက်သာယူကြ"

ဟု လှမ်းပြောသောအခါ ဝမ်းသာသွားကြလေသည်။ သို့သော် ကျောက်ဘီလူးကြီးအနားမှာရှိနေသောကြောင့် မယူဝံ့ကြပေ။

"လာသာလာပါကွယ်..ငါရှိနေရင် ကျောက်ဘီလူးက မင်းတို့ကို ဘာမှမလုပ်ဝံ့ပါဘူး"

ဟုပြောတော့မှ ငါးယောက်စလုံး ဂူပေါက်ဝရှိရာသို့ သွားကြလေသည်။

ငါးယောက်သားဂူအတွင်းမှ ရွှေငွေရတနာများယူနေကြစဉ် တောင်ဟီးသံကြီး ပေါ်ထွက်လာပြန်သည်။ ထို့ပြင် ကျောက်ဘီလူးကြီး ရပ်နေသောနေရာမှ ကျိန်စာဆိုနေသော အသံကြီး



www.burmeseclassic.com

www.burmeseclassic.com


လည်း ကြားကြရသည်။

သို့သော် လောဘသားများကတော့ ဂရုမစိုက်ကြတော့ပေ။ ငါးယောက်စလုံး ရွှေငွေရတနာတို့ကို ရနိုင်သမျှ သယ်ယူပြီး ပြန်ထွက်လာသောအခါမှတော့ ထိုနေရာတွင် ကျောက်ဘီလူးကြီး ရောက်နေပေတော့သည်။

"ဟင်...."

သူတို့ကိုခေါ်လာသော ဆရာကြီးရှိရာသို့ ကြည့်လိုက်တော့ မတွေ့ရတော့ပေ။

ထိုနေရာနှင့် မနီးမဝေးနေရာမှာတော့ လက်ပိုက်ရပ်ကာ သူတို့ကိုကြည့်နေသော လူရွယ်တစ်ယောက်ကိုသာ လှမ်းမြင်ကြရသည်။

အခြားမဟုတ်ပေ။ ဒီပ ပင်ဖြစ်တော့သည်။

ထိုအချိန်မှာပင် ဂူပေါက်ဝမှာရပ်နေကြသော ဘီလူးများလည်း ဂူအတွင်းသို့ ဝင်လာကြလေပြီ။

ထိုအခြေအနေကိုမြင်သောအခါမှာတော့ ကျော်သီဟတို့မှာ ဆောက်တည်ရာမရတော့ပဲ ဘေးလွတ်ရာသို့ ထွက်ပြေးကြလေတော့သည်။

သို့သော် အလင်းရောင်မရှိသော ဂူထဲမှာ ပြေးပေါက်မတွေ့နိုင်ပဲ တစ်ယောက်ပြီးတစ်ယောက် ဘီလူးများ ဖမ်းစားခြင်းခံကြရတော့သည်။

ညဦးပိုင်းအချိန်ပင်ရှိသေးသော်လည်း တောင်ပေါ်သံကြီးနှင့်အတူ ကျောက်ဘီလူးတောင် လိုဏ်ဂူတွင်းမှ ရှူးရှူးဝါးဝါး


www.burmeseclassic.com

www.burmeseclassic.com


အော်သံများပေါ်ထွက်လာလေသည်။

ဘယ်သူမှ မကြားနိုင်ကြတော့ပေ။

အချိန်အတော်ကြာတော့မှ တောင်ဟိသံကြီးရပ်တံ့သွားလေတော့သည်။

ထိုတောင်ဟိသံကြီးကိုတော့ ထိုတောင်နှင့် မနီးမဝေးမှာရှိသော တဲအတွင်းမှာရှိနေကြသည့် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကကြားကြရသည်။

နောက်တစ်နေ့နံနက်လင်းတော့ နီမောင်က ထိုနေရာသို့ သွားကြည့်သောအခါ ဂူပေါက်ဝနှင့် မနီးမဝေးနေရာမှ စုပုံထားသော အထုပ်အပိုးများကိုတွေ့ရလေသည်။

ထိုအချိန်မှာပင် ဂူပေါက်ထဲမှ ဒီပထွက်လာပြီး ပြောလေသည်။

"ဒီးပစ္စည်းတွေက သစ္စာမရှိတဲ့ လူယုတ်မာတွေရဲ့ ပစ္စည်းတွေပဲ၊ အိတ်တွေထဲမှာ သူတို့ယူသွားတဲ့ ကုန်ရောင်းရတဲ့ ငွေတွေရှိလိမ့်မယ်၊ မင်းယူသွားပြီး ကာယကံရှင်တွေကို ပြန်ပေးလိုက်ပါ"

"သူတို့က ဘယ်ရောက်သွားပြီလဲ"

"ဘီလူးသားရဲ့တွင်းထဲရောက်သွားပြီးမှတော့ ဘယ်သူအသက်ရှင်ပါ့မလဲကွာ၊ ဒါပေမယ့် တခြားလူတွေကိုတော့ တောတိရစ္ဆာန်တွေသတ်လို့ သေသွားပြီလို့သာ မင်းပြောလိုက်ပေါ့"

ထို့နောက် နီမောင်က ထိုအိတ်များအတွင်းမှ ကုန်ပစ္စည်းရောင်းချရသောငွေများကို ထုတ်ယူကာ အဝတ်တစ်ခုဖြင့် ထုပ်ယူသေည်။


www.burmeseclassic.com

www.burmeseclassic.com



"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ် ဒီစ ရယ်"

"မင်းနဲ့ငါနဲ့က တစ်ယောက်ကျေးဇူးတစ်ယောက် ရှိကြ တာပဲ၊ ဒီလောက်ကျေးဇူးတင်စရာ မလိုပါဘူးကွာ၊ မင်းစိတ်ချမ်း သာရင် ပြီးတာပါပဲ"

ဟုပြောဆိုကာ ဂူအတွင်းပြန်ဝင်သွားလေသည်။

နီမောင်လည်း ငွေများထည့်ထားသော အထုပ်ကိုယူ၍ ရွာဘက်သို့ ပြန်လာလေသည်။

ဆုံးရှုံးသွားပြီဟု ထင်ထားသော ငွေများကို မမျှော်လင့် ဘဲ ပြန်ရသည့်အခါ ကျေနပ်မှုအပြုံးများဖြင့် ရှိနေမည့် မြနှင်းဖြူ မျက်နှာလေးကို ယခုကပင် ကြိုတင်မြင်ယောင်လျှက်ရှိနေပေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com




# အခန်း [၁၆]

## ကံဆိုးခဲ့ကြသော်လည်း ကံကုန်တော့ဝေးကြရပြီ

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက်မှာတော့ နီမောင်က မြနှင်းဖြူနှင့်တွေ့ကာ ပြောသည်။

“မြလေး ..ငါညီ ရင်မောင်ကိုလည်း သင်္ကန်းစည်းပေးသွားခဲ့ပြီ၊ ငါရည်ရွယ်ချက်လည်း ပြည့်ခဲ့ပြီးပြီ၊ ကျန်တာတော့ ငါ့အတွက်ပဲ ကျန်တော့တယ်၊ နင့်သဘောကရော ဘယ်လိုလဲ...”

“ငါ့ဘက်ကတော့ ထွေထွေထူးထူး ပြောစရာမရှိတော့

www.burmeseclassic.com


ပါဘူး၊ နင်ငါ့ကို တကယ်ချစ်တယ်ဆိုရင်တော့ လူကြီးစုံရာနဲ့ တင့်တင့်တယ်တယ် တောင်းရမ်းလက်ထပ်ဖို့ စီစဉ်ပေါ့"

"အခုထိ ငါ့မေတ္တာကိုမယုံသေးဘူးလား"

"မယုံကြည်ရင် ဒီစကားမျိုးပြောပါ့မလား၊ နင်ကရော အခုထိ ငါ့မေတ္တာကို မသိသေးဘူးမဟုတ်လား"

"သိပါတယ် မြလေးရယ်၊ ငါက တမင်ပြောတာပါ၊ ဒါဖြင့် လက်ထပ်ဖို့ကိစ္စ စီစဉ်လိုက်တော့မယ်နော်"

မြနှင်းဖြူက အပြုံးဖြင့် ခေါင်းညိတ်ပြလေသည်။

နောက်ထပ် ရက်အနည်းငယ်ကြာသောအခါမှာတော့ မိုးမခရွာမှ မင်္ဂလာပွဲတစ်ခု ကျင်းပကြလေသည်။

သတို့သားက နီမောင်ဖြစ်ပြီး သတို့သမီးက မြနှင်းဖြူပင်ဖြစ်တော့သည်။

မင်္ဂလာပွဲလာကြသော ဧည့်ပရိတ်သတ်များကတော့ သတို့သားနှင့် သတို့သမီးတို့ နေနဲ့လ ရွှေနဲ့မြပမာ ရှေ့သွားနောက်လိုက်ညီပါပေမယ်ဟု ချီးကျူးထောပနာပြုကြလေသည်။

မင်္ဂလာပွဲပြီး၍ နောက်ထပ်ရက်အနည်းငယ်ကြာသော အခါမှာတော့ ထိုရွာသို့ ဆရာကြီး သူရဇ္ဇပြန်ရောက်လာပြန်သည်။

နီမောင်က ဆရာကြီးသူရဇ္ဇရောက်လာကြောင်း သတင်းကြားသဖြင့် ကျောင်းသို့သွားကာ တွေ့ဆုံကာ အကျိုးအကြောင်း မေးမြန်းရလေသည်။

"ဆရာကြီးဘယ်လိုကိစ္စနဲ့ ရောက်လာတာပါလဲ ကျွန်


www.burmeseclassic.com

www.burmeseclassic.com


တော်ဘဝများ အကူအညီပေးရမလဲ”

“ငါလာတာ တခြားတော့မဟုတ်ပါဘူး၊ ကျောက်ဘီလူးတောင်မှာ အင်းချပ်တွေကူးယူတုန်းက နှုတ်ကပတိပေးထားခဲ့တဲ့အတိုင်း ကျေးဇူးဆပ်ဖို့ ပြန်လာခဲ့တာပါပဲ”

“ဘယ်လိုကျေးဇူးဆပ်မှာလဲ ဆရာကြီး”

“တောင်ရဲ့ သင့်တော်တဲ့နေရာမှ စေတီတစ်ဆူ တည်ပေးရမယ်ကွယ်၊ ဘယ်နေရာမှာ တည်ပေးရမယ်ဆိုတာတော့ သက်ဆိုင်သူတွေနဲ့တွေ့ပြီး မေးမြန်းကြည့်ရမယ်”

“ကောင်းပါတယ်ဆရာကြီး၊ ကျွန်တော်ကိုယ်တိုင် သူနဲ့တွေ့ရအောင် လိုက်ပို့ပေးပါ့မယ်”

ထို့နောက် ဆရာကြီး သူရဇ္ဇနှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်ကို နီမောင်ကပင် ဦးဆောင်ပြီး ကျောက်ဘီလူးတောင်သို့ ခေါ်သွားလေသည်။

တောင်သို့ရောက်သောအခါ ဒီပနှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြသောအခါ ဒီပကလက်ခံသည့်အပြင် စေတီတည်ရန် နေရာကိုပါ ညွှန်ပြပေးလေသည်။

“ဆရာကြီးတို့ ဘုရားတည်ရင် ကျွန်တော်လည်း ကုသိုလ်ပါဝင်ချင်ပါတယ် လက်ခံပေးပါ”

“လက်ခံပေးရမှာပေါ့ကွယ်၊ ရှေးအတိတ်ဘဝက အကြောင်းဆက်ရှိခဲ့ကြလို့ ဒီဘဝမှာ ပြန်တွေ့ခဲ့ကြတာပဲ၊ ကုသိုလ်ဆက်ရှိခဲ့သူချင်း အတူတူကုသိုလ်ယူဖို့ကိစ္စပဲ လက်ခံပေးရမှာပေါ့၊ ဒါထက် မောင်ဒီပကို တစ်ခုလောက်ပြောချင်ပါတယ်”


www.burmeseclassic.com

www.burmeseclassic.com


"ပြောပါဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူး၊ မင်းစောင့်ရှောက်ပေးနေရတဲ့ ရတနာပစ္စည်းတွေကို တခြားလူတွေကို မငှားသင့်တော့ဘူး၊ မင်းကတော့ ကုသိုလ်လိုချင်လို့ ငှားပေးခဲ့တာပဲ၊ ဒါပေမယ့် လူအတော်များများက မရိုးသားကြတော့ မင်းအတွက် ကုသိုလ်ရတာနည်းနည်း အကုသိုလ်ရတာက များများဖြစ်နေတယ်"

"မှန်ပါတယ်"

"နောက်တစ်ခုက ရတနာပစ္စည်းတွေကိုရှိမှန်းသိတော့ လောဘသားတွေကို လမ်းပြပေးသလိုလည်းဖြစ်နေတယ်၊ ဒီတော့ ကုသိုလ်လိုချင်ရင် တခြားနည်းနဲ့သာ ကုသိုလ်ယူပါတော့၊ ပစ္စည်းဥစ္စာတွေ ငှားတဲ့နည်းနဲ့တော့ ကုသိုလ်မယူချင်ပါနဲ့တော့"

"ဆရာကြီးပြောတာမှန်ပါတယ်၊ ကျွန်တော်လက်ခံပါတယ်၊ ကျွန်တော်က စေတနာနဲ့ငှားပေးခဲ့ပေမယ့် သူတို့ဘက်က မရိုးသားတော့ ကျွန်တော့ဘက်မှာ အကုသိုလ်ဖြစ်ခဲ့ရတာတွေရှိခဲ့ပါတယ်၊ နောက်တော့ ပစ္စည်းဥစ္စာတွေကို ငှားရမ်းပေးတာမျိုး မလုပ်တော့ပါဘူး"

"ကောင်းတာပေါ့ကွယ်.."

"နောက်တစ်ခုက ကျွန်တော်လည်း ဒီနေရာမှာ ကြာကြာဆက်နေရတော့မှာမဟုတ်ပါဘူး၊ ဒီထက်မြင့်တဲ့ ဘုံဘဝတစ်ခုကို ကူးပြောင်းရတော့မှာမို့ ဆရာကြီးတို့ ဘုရားတည်ပြီးလောက်တဲ့အချိန်ရောက်ရင်တော့ ကျွန်တော်နဲ့ တွေ့နိုင်တော့မယ် မထင်တော့ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ကောင်းမြတ်တဲ့ ဘုံဘဝတစ်ခုကူးပြောင်း ခွင့်ရတာကိုတော့ ဝမ်းသာပါတယ်ကွယ်"

ဆရာကြီးက ဝမ်းသာသည်ဆိုသော်လည်း နီမောင်က တော့ ထိုစကားကြားရသောအခါ ဝမ်းမသာနိုင်ပါပေ။

ညီအစ်ကိုလို၊ မိတ်ဆွေရင်းချာတစ်ယောက်လို ခင်မင် နေသော ဒီပနှင့် ခွဲခွာရတော့မည်ကို သိသဖြင့် စိတ်မကောင်း ဖြစ်နေမိလေသည်။

သို့သော်လည်း သူ့အနေနှင့် ဘာမှမတတ်နိုင်ပါချေ။

နောက်ပိုင်းရက်များမှာတော့ ဆရာကြီးသူရဇ္ဇကပင် ဦး ဆောင်ပြီး ကျောက်ဘီလူးတောင်ထိပ်တစ်နေရာ၌ စေတီတစ်ဆူ တည်ကြလေသည်။

စေတီတည်နေသောရက်များမှာတော့ နီမောင်တို့က ဒီပကို တွေ့ကြရသေးသည်။ စေတီပြီး၍ ထီးတင်ပွဲပြီးသော နောက်ပိုင်းမှာတော့ ဒီပကိုမတွေ့ရတော့ပေ။

နီမောင်ကတော့ ထုံးစံအတိုင်းပင် ထမင်းနှင့်ဟင်းများ ချက်ယူလာပြီး ဂူအတွင်းသို့သွားရောက်ပို့ပေးလေသည်။

သို့သော် ထူးဆန်းသောအချက်မှာ ဂူအတွင်းမှာ ကျောက် ဘီလူးရုပ်တုကြီးကိုလည်း မတွေ့ရတော့ပေ။ နေရာလွဲနေသလား ထင်သဖြင့် အခြားနေရာများကို လိုက်လံကြည့်သော်လည်း မတွေ့ရတော့ပေ။

ဒီပပျောက်သွားပြီးနောက် ကျောက်ဘီလူးရုပ်တုကြီးပါ ပျောက်ကွယ်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် နောက်ပိုင်းမှာတော့ ထမင်းဟင်းများ ချက်ပြုတ်ပို့ပေးစရာမလိုတော့ပေ။

နောက်ပိုင်းကာလများ ရောက်လာသောအခါ ကျောက်ဘီလူးတောင်တွင် ရွှေငွေရတနာပစ္စည်းများလည်း ငှားရမ်း၍မရတော့ပေ။ ထိုအကြောင်းများက နောက်ပိုင်းကာလကြာသောအခါ တဖြည်းဖြည်းနှင့် မေ့ပျောက်သွားကြလေတော့သည်။

နီမောင်အနေဖြင့်ကတော့ ဒီပနှင့်မတွေ့ရတော့သဖြင့် စိတ်မကောင်းဖြစ်နေရုံမှလွဲပြီး အခြားဘာမှ မတတ်နိုင်တော့ပါချေ။

ဒီပတစ်ယောက် ကောင်းရာဘုံဘဝသို့ ကူးပြောင်းရောက်ရှိနိုင်ပါစေဟုသာ ဆုတောင်းပေးရပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကျောက်ဘီလူးကျိန်စာ) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း ။ ။

အနီဃာယောတု သုခီအတ္တာနံ ပရိဟရန္တု

တြိုစကွ

စာပြီးချိန်။ ။၂၀၁၅၊ မတ်လ (၂၅)ရက်၊ ဗုဒ္ဓဟူးနေ့ ၊ည (၉) နာရီ။

အောင်မြင်စာပေ

www.burmeseclassic.com